
မြန်မာနိုင်ငံကြက်ခြေနီအသင်း

# ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာမူဘောင်

## ဆရာကိုင် လမ်းညွှန်စာအုပ်



**Disclaimer**

The Community-based Disaster Risk Reduction Facilitator Guidebook is based on the CBDRR Manual and is part of the CBDRR Framework of Myanmar Red Cross Society. Efforts have been made to ensure the accuracy and reliability of the information contained in this document. The document remains open for correction and improvement.

**Key Contributors**

| | | |
|---|---|---|
| MRCS | Prof. Tha Hla Shwe | President |
| | U Maung Maung Khin | Head of Disaster Management Division |
| FRC/CRC | Raphaelle Goepfert | Head of Delegation |
| | Shesh Kanta Kafle | Disaster Risk Reduction Program Coordinator |
| | Herve Gazeau | DRR Regional Coordinator for South-East Asia and the Pacific |
| IFRC | John Halder | Disaster Management Delegate |
| AmRC | Adesh Tripathee | Regional DRR Advisor |
| ADPC | Aslam Perwaiz | Head of Department, DRMS |
| | Thitiphon Sinsupan | Program Manager, DRMS |
| | Mareike Bentfeld | CBDRM Coordinator, DRMS |

# ဃသညအနညအျ


**ဆရာကိုင် လမ်းညွှန်စာအုပ်နှင့်မိတ်ဆက်ပေးခြင်း** ၂

သင်ရိုးညွှန်းတမ်း ၃

**သင်တန်းအချိန်ဇယား** ၄

ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးသင်တန်း ၄

ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးဆရာဖြစ်သင်တန်း ၄

**သင်တန်းမစမီ လုပ်ငန်းဆောင်တာများ** ၅

သင်တန်းခန်းမပြင်ဆင်ခြင်း ၅

ဖွင့်ပွဲအခမ်းအနား ၆

အုပ်စုခွဲခြင်း ၆

မျှော်မှန်းချက်များကိုသုံးသပ်ခြင်း ၇

အဖွဲ့အတွင်းစည်းမျဉ်းစည်းကမ်းများသတ်မှတ်ခြင်း ၇

သင်တန်းအားခြုံငုံသုံးသပ်ခြင်း ၈

သင်တန်းမတိုင်ခင်စစ်ဆေးခြင်း ၈

**သင်ခန်းစာ ၁။ ၁အခြေခံအကြောင်းအရာများအား နားလည်သဘောပေါက်စေခြင်း** ၉

ဖော်ပြချက် ၉

သင်ခန်းစာ၏ ရည်ရွယ်ချက် ၉

ဥင်ခန်းစာများ ၉

အခန်း ၁.၁။ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲမိတ်ဆက်ခြင်း ၁၀

အခန်း ၁.၂။ မြန်မာနိုင်ငံတွင်ရှိသော ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါး ၁၄

အခန်း ၁.၃။ အဓိကသဘောတရားများနှင့် အခေါ်အဝေါ် ၁၉

**သင်ခန်းစာ ၂။ အစီအစဉ်အားအကောင်ထည်ဖော် ဆောင်ရွက်ခြင်း** ၂၁

ဖော်ပြချက် ၂၁

ရည်ရွယ်ချက်များ ၂၁

ဥင်ခန်းစာများ ၂၁

အခန်း ၂.၁။ အစီအစဉ်အားလူထုနှင့်ရင်းနှီးအောင်မိတ်ဆက်ပေးခြင်း ၂၃

အခန်း ၂.၂။ စီမန်ချက်နေရာရွေးချယ်ခြင်း ၂၅

အခန်း ၂.၃။ ရပ်ရွာလူထု နှင့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များကိုဆော်သြစည်းရုံးခြင်း ၃၂

အခန်း ၂.၄။ ရပ်ရွာလူထု၏ လိုအပ်ချက်များကိုဖော်ထုတ်ခြင်း ၃၇

အခန်း ၂.၅။ အစီအစဉ်ရေးဆွဲခြင်း ၄၀

အခန်း ၂.၆။ လုပ်ငန်းအစီအစဉ်များအားအကောင် ထည်ဖော်ဆောင်ရွက်ခြင်း ၄၄

**သင်ခန်းစာ ၃။ အမြဲစဉ်ဆက်မပြတ်တည်ရှိနေစေခြင်း** ၅၀

ဖော်ပြချက်၅၀

ရည်ရွယ်ချက်များ ၅၀

ဥင်ခန်းစာများ ၅၀

အကျိုးသက်ရောက်မှုများကိုတိုင်းတာခြင်း ၅၀

ရပ်ရွာလူထုအား လုပ်ပိုင်ခွင့်ပေးခြင်း ၅၀

အခန်း ၃.၁။ ၅၁

အခန်း၅၄

ရပ်ရွာလူထုအား လုပ်ပိုင်ခွင့်ပေးခြင်း ၅၄

**သင်ခန်းစာ ၄။ နည်းပြဆရာတစ်ယောက်ဖြစ်တည်ခြင်း** ၅၈

ဖော်ပြချက်၅၈

ရည်ရွယ်ချက်များ ၅၈

ဥင်ခန်းစာများ ၅၈

အခန်း ၄.၁။ အဓိကကျွမ်းကျင်မှုများ ၅၉

**အသုံးဝင်သောအရာများ** ၆၄



# ဆရာကိုင် လမ်းညွှန်စာအုပ်နှင့်မိတ်ဆက်ပေးခြင်း

ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး သင်တန်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက မိတ်ဖက်အသင်းအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့ဖြင့် ကျင်းပသည်။ သင်ရိုးညွှန်းတမ်းကို ၂၀၁၃ နှစ်နှောင်းပိုင်းတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း အတွက် စီမံချက်၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာမှုဘောင်ရေးဆွဲရာတွင်ထည့်သွင်းရေးဆွဲခဲ့ခြင်းဖြစ် သည်။ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးသင်တန်းသင်ရိုးညွှန်းတမ်းကို ရပ်ရွာလူထုအခြေပြုဘေး အန္တရာယ်လျော့ပါးရေးလုပ်ငန်း နည်းလမ်းအဆင့်ဆင့်ပေါ်တွင်အခြေခံပြီး အဓိကရည်မှန်းချက်ပန်းတိုင်မှာ မြန်မာနိုင်ငံကြက်ခြေနီ ကွင်းဆင်းဝန်ထမ်းများနှင့် မြန်မာနိုင်ငံကြက်ခြေနီစေတနာ့လုပ်အားရှင်များကိုသင် ကြားပေးရန်ဖြစ်ပြီး မြန်မာနိုင်ငံကြက်ခြေနီစေတနာ့လုပ် အားရှင်များ ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လက်စွဲစာအုပ်ကို မြန်မာနိုင်ငံတွင် စီမံချက်အစီအစဉ် များအကောင်ထည်ဖော်ဆောင်ရွက်ရာတွင် အထောက်ကူပြုစာအုပ်အဖြစ်အသုံးပြုတတ်စေရန် ရည်ရွယ်ပါသည်။

ဤဆရာကိုင်လက်ညွှန်စာအုပ်၏ရည်ရွယ်ချက်မှာ သင်တန်းညှိနှိုင်းရေးမှူးမှသင်တန်းပို့ချခြင်းနှင့် ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးသင်တန်းတွင် အရည်အသွေးပြည့်ဝသောစာအုပ်တစ်အုပ်ဖြစ် ရန်ဖြစ်သည်။သင်တန်းအထောက်ကူပြုပစ္စည်းများမှာ ဆရာကိုင်လမ်းညွှန်စာအုပ်၊ သင်တန်းသားကိုင်လက် စွဲစာအုပ်၊ ပါဝါပွိုင့်တင်ပြချက်များဖြစ်သည်။

# သင်ရိုးညွှန်းတမ်း

သင်ရိုးညွှန်းတမ်းတွင် သင်ခန်းစာ ၂၃ (သင်ခန်း စာ ၂-၃) ပါရှိပြီးရပ်ရွာလူထုအခြေပြုဘေးအန္တ ရာယ်လျော့ပါး ရေးလက်စွဲစာအုပ်တွင် ရွေးချယ် စရာသင်ခန်းစာ၂ခုနှင့်အတူထိုအကြောင်းအရာများ အပြည့်အစုံပါရှိပါသည်။ သင်ခန်းစာ ၄ ကို ဆရာဖြစ်သင်တန်းတွင်ပို့ချသည်။ နောက်စာပိုဒ်တွင် သင်ခန်း ၄ ခုစလုံးကို အတိုချုပ်တင်ပြထားပါသည်။

### သင်ခန်းစာ ၁။ အခြေခံအကြောင်းအရာများကို နားလည်စေခြင်း

သင်ခန်းစာ ၁သည်မြန်မာနိုင်ငံကြက်ခြေနီအသင်း ၏ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အကောင်ထည် ဖော်ဆောင်ရွက်ခြင်း၏အခြေခံ သဘောတရားများကို သင်တန်းသားများအားမိတ် ဆက်ပေးခြင်းဖြစ်သည်။ ထို့အပြင်မြန်မာနိုင်ငံအ ခြေအနေနှင့်ကိုက်ညီသောရပ်ရွာလူထုအခြေပြုဘေး အန္တရာယ်လျော့ပါးရေးလုပ်ငန်းများ၏ ယေဘုယျ အကြောင်းအရာများကိုဆွေးနွေးပြီး တက်ရောက်သူသင်တန်းသားများ၏ ညာဏ်ရည်ဗဟုသုတညီမျှအောင် ပြုလုပ်ပေးပါသည်။

### သင်ခန်းစာ၂။ အစီအစဉ်အကောင်ထည်ဖော် ဆောင်ရွက်ခြင်း

သင်ခန်းစာ ၂သည် သင်တန်းသားများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှရပ်ရွာလူထုအခြေပြုနှင့် ကျောင်းအခြေပြု အစီအစဉ်များတွင်လုပ်ဆောင်သော ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်း အဆင့် ၉ ဆင့်နှင့်မိတ်ဆက်ပေးခြင်းဖြစ်သည်။ အဆင့်တစ်ခုခြင်းစီ၏အရေးကြီးသောအချက်များကို ဆွေးနွေးတင်ပြထားပြီး နောင်လာမည့်စီမံချက်အစီအစဉ်များတွင် အကောင်ထည်ဖော်လုပ်ဆောင်ရာတွင် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ ပါးရေးလက်စွဲစာအုပ်ကို မှီငြမ်းအသုံးပြုတတ်အသုံးပြု တတ်စေရန်လေ့ကျင့်ပေးမည်ဖြစ်ပါသည်။

### သင်ခန်းစာ ၃။ ရေရှည်တည်တံ့မှုရှိအောင်ပြုလုပ်ခြင်း

သင်ခန်းစာ ၃ သည် စီမံချက်လုပ်ငန်းများအကောင်ထည်ဖော်ဆောင်ရွက် သောအခါမကြာခဏမေ့တတ်လေ့ရှိသော အချက်နှစ် ချက်ကိုသင်တန်းသားများအားမိတ်ဆက်ပေး ခြင်းဖြစ်သည်။ ပထမတစ်ခုမှာ ထွက်ခွာခြင်းနည်းဗျူ ဟာရေးဆွဲခြင်းပြီးအကောင်ထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပြီး အခြားတစ်ခုမှာ အကျိုးသက်ရောက်မှုများတိုင်း တာခြင်းလုပ်ငန်းများအ ားလုပ်ဆောင်ခြင်းနှင့် မိတ်ဆက်ပေးခြင်းဖြစ်သည်။

### သင်ခန်းစာ ၄။ သင်တန်းဆရာတစ်ယောက်ဖြစ်တည်ခြင်း

သင်ခန်းစာ ၄ မှာ ဆရာဖြစ်သင်တန်းအချိန်တွင်သာ သင်ကြားပေးသောစိတ်ကြိုက်သင်ခန်းစာတစ်ခုဖြစ် သည်။ တိုသင်ခန်းစာသည် သင်ကြားနိုင်မှု စွမ်းရည်များနှင့်မိတ်ဆက်ပေးပြီး သင်တန်းပြီးစီး သောအခါသင်တန်းသားများအား သင်တန်းဆရာများဖြစ်လာစေရန် ကူညီပေးပါသည်။



# သင်တန်းအချိန်ဇယား

## ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးသင်တန်း

| သင်တန်းရက် ၁ | သင်တန်းရက် ၂ | သင်တန်းရက် ၃ | သင်တန်းရက် ၄ |
|---|---|---|---|
| ကြိုဆိုမိတ်ဆက်ခြင်းအခမ်းအနား | သင်ခန်းစာ ၂<br>ခန်း ၁ | သင်ခန်းစာ ၂<br>ခန်း ၄ | သင်ခန်းစာ ၃<br>ခန်း ၁ |
| သင်တန်းနှင့်မိတ်ဆက်ပေးခြင်း | သင်ခန်းစာ ၂<br>ခန်း ၂ | သင်ခန်းစာ ၂<br>ခန်း ၄ အဆက် | သင်ခန်းစာ ၃<br>ခန်း ၂ |
| သင်ခန်းစာ ၁<br>ခန်း ၁<br>ခန်း ၂ | သင်ခန်းစာ ၂<br>ခန်း ၃ | သင်ခန်းစာ ၂<br>ခန်း ၅ | ပိတ်ပွဲအခမ်းအနား |
| သင်ခန်းစာ ၁<br>ခန်း ၃ | သင်ခန်းစာ ၂<br>ခန်း ၃ အဆက် | သင်ခန်းစာ ၂<br>ခန်း ၆ | |

## ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးဆရာဖြစ်သင်တန်း

| သင်တန်းရက် ၁ | သင်တန်းရက် ၂ | သင်တန်းရက် ၃ | သင်တန်းရက် ၄ |
|---|---|---|---|
| ကြိုဆိုမိတ်ဆက်ခြင်းအခမ်းအနား | သင်ခန်းစာ ၂<br>ခန်း ၃ | သင်ခန်းစာ ၂<br>ခန်း ၅ | သင်ခန်းစာ ၄<br>ခန်း ၁ |
| သင်တန်းနှင့်မိတ်ဆက်ပေးခြင်း<br>သင်ခန်းစာ ၁<br>ခန်း ၁ | သင်ခန်းစာ ၂<br>ခန်း ၃ အဆက် | သင်ခန်းစာ ၂<br>ခန်း ၆ | သင်ခန်းစာ ၄<br>ခန်း ၂ |
| သင်ခန်းစာ ၂<br>ခန်း ၁ | သင်ခန်းစာ ၂<br>ခန်း ၄ | သင်ခန်းစာ ၃<br>ခန်း ၁ | တုန့်ပြန်မှုပေးခြင်းအချိန်နှင့်အမေးအဖြေကဏ္ဍ |
| သင်ခန်းစာ ၂<br>ခန်း ၂ | သင်ခန်းစာ ၂<br>ခန်း ၄ | သင်ခန်းစာ ၃<br>ခန်း ၂ | အပြီးသတ်ဆွေးနွေး နိဂုံး ချုပ်ခြင်းနှင့်သင်တန်းဆင်းလက်မှတ်ချီးမြှင့်ခြင်းအခန်း အ နား |

# သင်တန်းမစမီ လုပ်ငန်းဆောင်တာများ

**စုစုပေါင်းကြာချိန်။ ၃ နာရီ**

| အချိန် | လုပ်ငန်းများ | နည်းစနစ် | လိုအပ်သောပစ္စည်းများ။ |
|---|---|---|---|
| ၄၅ မိနစ် | ဖွင့်ပွဲအခမ်းအနား | | |
| ၃၀ မိနစ် | အုပ်စုခွဲခြင်း | အုပ်စုလိုက်ဆွေးနွေးခြင်း | စာရွက်ကားချပ်များနှင့်မာကာပန်များ |
| ၃၀ မိနစ် | သင်တန်းသားများ၏ မျှော်မှန်းချက်များတင်ပြခြင်း | ဆွေးနွေးခြင်း | စာရွက်ကားချပ်များနှင့်မာကာ ပန်များ |
| ၃၀ မိနစ် | သင်တန်းစည်းမျဉ်းများချမှတ်ခြင်း | ဆွေးနွေးခြင်း | စာရွက်ကားချပ်များနှင့်မာကာ ပန်များ |
| ၁၅ မိနစ် | သင်တန်းသုံးသပ်ချက် | တင်ပြခြင်း | သင်တန်းအချိန်ဇယား |
| ၃၀ မိနစ် | သင်တန်းအကြိုစစ်ဆေးခြင်း | မေးခွန်းလွှာ | သင်တန်းအကြိုစစ်ဆေးခြင်း |

ဤသင်တန်းအတွက် သင်တန်းမတိုင်မီလုပ်ဆောင်ရ မည့်လုပ်ငန်းဆောင်တာများမှာ အောက်ပါအတိုင်းဖြစ်သည်။

- ဖွင့်ပွဲအခမ်းအနား
- အုပ်စုခွဲခြင်း
- သင်တန်းသားများ၏မျှော်မှန်းချက်များတင်ပြခြင်း
- သင်တန်းသုံးသပ်ချက်
- သင်တန်းအကြိုစစ်ဆေးခြင်း

## သင်တန်းခန်းမပြင်ဆင်ခြင်း

- **ဖွင့်ပွဲအခမ်းအနား** ပြုလုပ်ရာတွင်ဇာတ်ရုံခမ်းမပုံစံကဲ့သို့ထိုင်ခုံများကိုဟောပြောမည့်သူ ဘက်သို(မြန်မာ နိုင် ငံ ကြက်ခြေနီအသင်းမှသတ်မှတ်ထားသောအဖွင့်အမှစကြားပြောကြားရာတွင် ပြင်ဆင်သည့်အတိုင်း) မျက်နှာမူပြီး အတန်းလိုက်စီချထားရမည်။
- **ဖွင့်ပွဲအခမ်းအနားပြီးသောအခါတွင်** သင်တန်းခန်းမကို ပုံစံနှစ်မျိုးဖြင့်ခင်းကြင်းနိုင်ပါသည်။
- **စားပွဲပတ်ပတ်လည်တွင်ထိုင်ခုံများချထားခြင်း** – ထိုင်ခုံအရေအတွက်မှာသင်တန်းတက် ရောက်သောသင်တန်းအရေအတွက်အလိုပ်ချထားရမည်။ စားပွဲတစ်ခု ချင်းစီသည် အဖွဲ့ ကိုယ်စားပြုဖြစ်ရမည် ဖြစ်ပြီး ၈ ယောက်ထက်မကျော်လွန်ရပါ။

ထိုင်မည့်သင်တန်းသား/သူများမှာ မတူညီသော တိုင်းဒေသ(သို့) အစီစဉ်များမှဖြစ်စေပြီး အလှည့်ကျစီထိုင်စေပါ။ LED ပရိုဂျက်တာ၊ကားချပ်၊ ၄င်းတို့နှင့်ချိတ်ဆက်ထားသော ခရီးဆောင်ကွန်ပြူ တာတို့ကိုသင်တန်းခန်းမ၏ အရှေ့နားတွင်ထားရမည်။ ဖလစ်ချပ်များကိုသင်တန်းသူ/သားများကထောက်ပြ ပြောဆိုသောအခါတွင်အလွယ်တစ်ကူရေးချနိုင်ရန်နှင့် ဆွေးနွေးမှုများပြုလုပ်သောအခါတွင်ကိုယ်းကားနိုင်ရန် အခန်းတောင့်၄တောင့်တွင်နေရာတစ်ကျထောင်ထားရမည်။ သင်တန်းတွင်ပံ့ပိုးသူများသည်အမြဲတစေ အခန်းတစ်လျှောက်လှည့်လည်သွားလာနေသင့်သည်။



## ဖွင့်ပွဲအခမ်းအနား

ကြာချိန်။ ၄၅ မိနစ်
လိုအပ်သောပစ္စည်းများ။ စာပွဲတင်စကားပြောခွက်

အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံကြက် ခြေနီအသင်းမှသတ်မှတ်ထားသော ပုံစံအတိုင်း အဓိက ပြောကြားမည့်သူနှင့် ပြင်ပဧည့်သည့်များ ဖြစ်ရမည်။ ကြိုတင်သတ်မှတ်ရွေးချယ်ထားသောအခမ်းအနားမှူးမရှိ ပါက သင်တန်းဖြစ်မြောက်အောင်ပံ့ပိုးသူများမှ တစ်ဦးက အခမ်းနားမှူးအဖြစ်ထမ်းဆောင်၍ အဖွင့်အမှာစကားပြောကြား မည့်သူများကို ဖိတ်ခေါ်ခြင်းနှင့် အခြားအခမ်းအနားအစီအစဉ်ဖတ်ကြားခြင်းတို့ကိုလုပ်ဆောင်ရသည်။ အုပ်စုများမခွဲခင် အဖွဲ့အလိုက်ဓါတ်ပုံရိုက်သင့်သည်။

## အုပ်စုခွဲခြင်း

ကြာချိန်။ ၃၀ မိနစ်
လိုအပ်သောပစ္စည်းများ။ အချိန်ကတ်ပြားများ (ပူတွဲ) ၊ကားချပ်အရှင်များ၊ မာကာပန် (Marker pen) များ (အပြာ၊အစိမ်း၊အနက်၊အနီ)

ဤလုပ်ငန်းစဉ်သည်အရေးရေးကြီးသောလုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။အဘယ်ကြောင့်ဆိုသော်အုပ်စုလိုက် လေ့ကျင့်ခန်းများလုပ်ခြင်းသည် သင်တန်း၏အကြီးဆုံးအစိတ်အပိုင်းတစ်ခုဖြစ်သော ကြောင့်ဖြစ်သည်။ အုပ်စုတိုင်းတွင် အခြေခံတတ်ကျွမ်းမှုများနှင့် အတွေ့အကြုံရှိသောသူများဖြစ်ဖို့ကျက်ပါရှိရသည်။ သင်တန်းမစခင် သင်တန်းသားများအား အုပ်စုခွဲရန်အကြံပြုထားပါသည်။ ၎င်းတို့၏အတွေ့အကြုံများအလားတူယခင်က တက်ရောက်ဖူးသောသင်တန်းများကို အခြေခံ၍ သင်တန်းစီစဉ်သူသည်အဖွဲ့တွင်ကျွမ်းကျင်သူများပါဝင်မှုအနည်းအမားကိုလည်းသေချာအောင်ပြုလုပ်ရသည်။ တက်ရောက်သူသင်တန်းသားများ၏ သတင်းအချက်အလက်များမြန်မာနိုင်ငံကြက်ခြေနီအသင်း သို့မရောက်ရှိသေးပါက ၎င်းတို့အားမေးမြန်း၍ ၎င်းတို့၏သက်ဆိုင်ရာအတွေ့အကြုံသတင်းချက်အလက် ကိုယ်ရေးရာဇဝင်များကို သင်တန်း တာဝန်ခံထံသို့ သင်တန်းမတိုင်ခင်ပေးပို့ရသည်။

အုပ်စုခွဲခြင်းကိုအောက်ပါအတိုင်းလုပ်ဆောင်နိုင်သည်။

- သင်တန်းသားများအားလုံးကို ခန်းမအတွင်းစီတန်း ၍ရပ်ခိုင်းပြီး အုပ်စုတိုင်း၏အဖွဲ့ဝင်အမည်များကို ကြေငြာပါ။ ပြီးလျှင် အဖွဲ့အလိုက်စားပွဲတွင် ထိုင်ပါ။
- အဖွဲ့တိုင်းမှ သင်တန်းအချိန်တွင်အသုံးပြုနိုင်ရန် မိမိတို့အဖွဲ့ကိုယ်စားပြုနာမည်ပေးထားခိုင်းပြီးအဖွဲ့ဝင်များအချင်း ချင်းအပြန်အလှန်ဆွေးနွေးခိုင်းပါ။ ထို့အပြင်အဖွဲ့အမည်နှင့်တကွ တင်ပြဆွေးနွေးမှု များပြုလုပ်ပနိုင်ရန် အဖွဲ့တိုင်းတွင် ခေါင်းဆောင် တစ်ဦးစီရွေးထားပါ။အဖွဲ့အလိုက်တင်ပြဆွေးနွေး ချိန်တွင်မိမိအဖွဲ့တွင်ပါဝင်သောသူများကို အခြား သေ ာသင်တန်းသားများအားမိတ်ဆက်ခိုင်းပါ။
- လက်ခံအဖွဲ့ ၏သဘောတရားကိုရှင်းပြရာတွင်– အဖွဲ့တိုင်းသည်မိမိတို့ကျရာအခန်းကဏ္ဍကိုတာဝန် ယူလုပ်ဆောင်ရသည်။ လက်ခံတာဝန်ယူရသည့် အဖွဲ့၏ တာဝန်များမှာအချိန်စီမံခန့်ခွဲခြင်း၊ စာသင်ချိန် တွင်တစ်ဦးချင်းအလိုက်မိတ်ဆက်ခြင်း၊ သင်တန်းသားများအားတက်ကြွအောင်လှုံ့ဆော် ခြင်း၊ အဖွဲ့တိုင်း၏ တုံ့ပြန်ချက်အကြံပြုချက်များကို စုစည်းပြီး သင်တန်းနည်းပြများအား ၎င်းတို့မျှော် မှန်းထားသောအချက်များနှင့်ကိုက် ညီမှုရှိမရှိဆန်း စစ်နိုင်ရန်နှင့် သင်တန်းနည်းပြဆရာများနှင့် သင်တန်းစီစဉ်သူများအား တိုးတက်မှုများပြသနိုင်နိုင်ရန် လုပ်ဆောင်ရသည်။

သင်တန်းနည်းပြဆရမျာ:က ပထမနေ့တွင် တာဝန်ခံအဖွဲ့ ရွေးချယ်ရပြီး၎င်းတို့အားသင်တန်းမစမီတွင်အချိန်ကဒ် ပြားများကို ပေးထားရသည်။ ၎င်းတို့အား ရှက်ကြောက်မှုမရှိစေရန်အားပေးပြီး သင်တန်းနည်းပြဆရာများသင်ကြားပို့ချ ချိန်ကို စီမံခန့် ခွဲခိုင်းရပါသည်။

အဓိကမှတ်ချက်။ ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးသင်တန်းသားများသည် လက်တွေ့နယ်ပါယ်တွင်အတွေ့အကြုံရှိမရှိ ကိုသိရှိရန်မှာ သင်တန်းနည်းပြဆရာများအတွက် အရေးကြီးသော အချက်ဖြစ်ပြီးလူထု၏အမြင်တွင် ၎င်းတို့နှင့်လုပ်ဆောင်နိုင်ခြင်းရှိရန်မှအရေးကြီးသောအချက်ဖြစ်သည်။ ထို့ကြောင့်အစဦးဆုံးတွင် အပြန်အလှန်ရှိသေမှုရှိရန်လိုအပ်ပါသည်။

## မျှော်မှန်းချက်များကိုသုံးသပ်ခြင်း

ကြာချိန်။ ၃၀ မိနစ် (အုပ်စုလိုက်ဆွေးနွေးရန် ၁၅ မိနစ်၊ ပွင့်လင်းစွာဆွေးနွေးရန် ၁၅ မိနစ်)
လိုအပ်သောပစ္စည်းများ။ ကားချပ်အရှင်များ ၊ မာကာပန်များ

ဤလုပ်ငန်းဆောင်တာအတွက် ကားချပ်အရှင်များကို စာသင်ခန်းမထဲတွင်ကွက်ကြားချထားရသည်။ ကားချပ်အရှင်တစ်ခုစီပေါ်တွင် အောက်ပါမေးခွန်း ၅ ခုကိုချရေးထားသည်။

- ဒီသင်တန်းမှသင်ဘာတွေသင်ယူတတ်မြောက်သွား မည်ဟုမျှော်မှန်းထားပါသနည်း။
- သင်၏လေ့လာသင်ယူမှုကိုမည်သည့်အချက်များက ကူညီပံ့ပိုးပေးနိုင်သနည်း။
- သင်၏သင်ယူလေ့လာမှုကိုမည်သည့်အရာများက ဟန့်တာထားနနိုင်သနည်း။
- ဒီသင်တန်းအားအောင်မြင်သောသင်တန်းတစ်ခုဖြစ်အောင်သင်အနေနှင့်ဘာတွေလုပ်ဆောင်ပေးနိုင်သ နည်း။
- ဒီသင်တန်းမှလေ့လာသင်ယူခဲ့သောအကြောင်းအရာများသည်သင်၏လက်တွေ့လုပ်ငန်းတွင် အထောက်အကူပြုမည်ဟုထင်ပါသလား။ မည်ကဲ့သို့နည်း။

ဤလုပ်ဆောင်ချက်ကိုလုပ်ဆောင်ရခြင်း အကြောင်းအရင်းကိုရှင်း ပြပြီးသောအခါတွင် (သင်တန်းသားများ၏လိုအပ်ချက်များကိုဖြည့်စွမ်းပေးနိုင်ရန်အတွက် သင်တန်းသားများထံမှ သတင်းအချက်အလက်များ ကောက်ယူခြင်း) သင်တန်းသားများအားခန်းမအတွင် လှည့်လည်စေပြီး၎င်းတို့၏အတွေးများကို ကားချပ် အရှင်များပေါ်တွင်ချရေးခိုင်းပါ။ ပြီးလျှင်သင်တန်းနည်းပြဆရာကသင်တန်းသားများရေးသားထားချက်များကိုအနှစ်ချုပပြီးအဖွဲ့တစ်ခုလုံးစိတ်ဝင်စားစေမည့်အဖြေကိုဖော်ပြပေးရသည်။

အဓိကမှတ်ချက်။ သင်တန်းသားများ၏ဝေဖန်အကြံ ပြုချက်များကို၎င်းတို့ အလွယ်တကူပြန်ကြည့်နိုင်ရန် နံရန်ပေါ်တွင်ပြသထားရမည်။ အလားတူ ၎င်းတို့လုပ် ဆောင်ခဲ့သော စာရွက်စာတမ်းများကိုလည်းသင်တန်းအချိန်အတွင်းနှင့် သင်တန်းပြီးသောအချိန်တွင်ပြန်လည်ကြည့်ရှုနိုင်နိုင် ရန်သိမ်းဆည်းထားရမည်။

## အဖွဲ့အတွင်းစည်းမျဉ်းစည်းကမ်းများသတ်မှတ်ခြင်း

ကြာချိန်။ ၁၅ မိနစ်
လိုအပ်သောပစ္စည်းများ။ ကားချပ်အရှင်များ ၊ မာကာပန်များ

သင်တန်းသားများအား၎င်းတို့ကိုယ်တိုင်စည်းမျဉ်းစည်းကမ်းများချမှတ်ရန်အားပေးပြီးသင်တန်းသားအချင်း ချင်းထိုစည်းမျဉ်းစည်းကမ်းများပေါ်တွင် ဝေဖန်ခိုင်းပါ။

သင်တန်းနည်းပြများမှ အဖွဲ့အားတက်ကြွစေရန် မေးခွန်းများဖြစ်သော 'စာသင်ခန်းထဲတွင်တယ်လီဖုန်းပြောခြင်းကိုဘယ်လိုထင်ပါသလဲ၊ သင်တန်းဆရာအားအနှောက်ပးခြင်းဖြစ်သည်ဟုထင်ပါသလား' စသောမေးခွန်းများကိုမေးပါ။ စည်းကမ်းများ၏ဥပမာအချို့မှာစာသင်နေချိန်တွင်ဖုန်းများပိတ်ထားပါ၊စာသင်ခန်းထဲတွင်အစာစားခြင်းမပြုရစသည်တို့ဖြစ်သည်။



ထိုလုပ်ငန်းစဉ်အောက်တွင်ပံ့ပိုးသူ၏ အဓိက တာဝန်မှာ သတ်မှတ်ထားသောစည်းကမ်းများကို မှတ်သားထားရန်ဖြစ်သည်။ စည်းကမ်းအရေအတွက်ကိုသင်တန်းစတင်ကတည်းက ချမှတ်ထားရာတွင် အများဆုံး ၁၅ ခုထိချမှတ်နိုင်သည်။

သင်တန်းသားများမှထပ်ထည့်ချင်လျှင် ထပ်ထည့်နိုင်ပါသည်။ အများဆုံးအရေအတွက်ထက်ကျော်လွန်ပါက ထပ်ဖြည့်သင့်သည်များကိုဖြည့်၍မလိုအပ်သည်များကို ဖြုတ်နိုင်သည်။သင်တန်းသားများအားစည်းကမ်းနှင့် ပတ်သက်၍အသိပေးထားပြီး ထိုစည်းကမ်းချက်များ ကို စာရွက်ဖြင့်ထုတ်ကာ နံရံများတွင်ကပ်ထားရမည်။ (သင်တန်းတာဝန်ခံက တာဝန်ယူလုပ်ဆောင်ရသည်) ပြီးနောက်၄င်းတို့အချင်းချင်းကူညီအားပေးမှုသည် နေ့စဉ်တာဝန်ခံအဖွဲ့ပေါ်တွင်မူတည်သည်။

## သင်တန်းအားခြုံငုံသုံးသပ်ခြင်း

ကြာချိန်။ ၁၅ မိနစ်
လိုအပ်သောပစ္စည်းများ။ သင်တန်းအချိန်ဇယားစာရွက်များ

နောက်ဆုံးပြင်ဆင်ထားသော သင်တန်းအချိန်ဇယားကို သင်တန်းသားများအားဝေငှပြီးပါဝင်သောသင်ခန်းစာ များနှင့်အချိန်များနှင့်အသုံးပြုမည့်ပါဝါပွိုင့်တင်ပြချက်များကိုအမြန်ရှင်းပြပါ။

အဓိကပါဝင်ရမည့်အချက်များမှာ

သင်ခန်းစာ ၁။ ရပ်ရွာလူထုခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲ စာအုပ်နှင့်မိတ်ဆက်ပေးပြီး မြန်မာနိုင်ငံတွင်လုပ်ဆောင်နေသောရပ်ရွာအခြေပြုဘေးအန္တရာယ်လုပ်ငန်းသည် သင်တန်းသားများတွင်တူညီသောအသိပညာဗဟုသုတရှိမရှိကိုသေချာအောင်ဆန်းစစ်သည်။

သင်ခန်းစာ ၂။ ရပ်ရွာလူထုခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်ချက်အဆင့်များကိုဆွေးနွေးရာတွင်လက်တွေ့လုပ်ဆောင်ရာတွင် အသိပညာဗဟုသုတများရစေရန် လေ့ကျင့်ခန်းများပါထည့်သွင်းထားသည်။

သင်ခန်းစာ ၃။ ရပ်ရွာလူထုခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများစဉ်ဆက်မပြတ်တည်ရှိနေစေရန် ထွက်ခွာခြင်းနည်းဗျူဟာကိုချမှတ်ရေးဆွဲပြီး စီမံချက်အစီအစဉ်၏အကျိုးသက်ရောက်မှုများကိုတိုင်းတာခြင်း

သင်ခန်းစာ ၄။ သဏ္ဍာန်တူလေ့ကျင့်ခန်းများ

သင်ခန်းစာ ၅။ (ဖြစ်နိုင်လျှင်) သင်တန်းဆရာများဖြစ်ရန် ကျွမ်းကျင်မှုနှင့်အသိပညာဗဟုသုတများလိုအပ်ခြင်း

## သင်တန်းမတိုင်ခင်စစ်ဆေးခြင်း

ကြာချိန်။ ၁၅ မိနစ်
လိုအပ်သောပစ္စည်းများ။ မေးခွန်းလွှာများ

သင်တန်းမတိုင်အကြိုစစ်ဆေးလွှာများကိုသင်တန်း သားများအားဝေငှပါ။ သင်တန်းနှင့်ပတ်သက်၍သင်တန်းသားများတွင် သင်ခန်းစာနှင့်ပတ်သက်၍အသိပညာမည်မျှအတိုင်းအတာအထိရှိသည်ကိုစစ်ဆေးရန်ဖြစ်ကြောင်းကိုသင်တန်းသားများအားရှင်းပြပါ။ (ဆိုလိုသည်မှာ – တိကျသောနယ်ပါယ်တွင်ပိုမိုအာရုံစိုက်နိုင်ရန် ဖြစ်သည်) အကြိုစစ်ဆေးမှုသည်သင်တန်းသားများ၏ အခြေခံ ဗဟုသုတမည်မျှရှိသည်ကိုစစ်ဆေးရန်ဖြစ်ပြီး သင်တန်းမတိုင်ခင်နှင့် သင်တန်းအပြီးအသိပညာမည်မျှတိုတက်လာသည်ကိုသိရှိရန်နှင့်ယှဉ်စစ်ဆေးခြင်းဖြစ်သည်။

သင်ခန်းစာ ၁

# ၁အခြေခံအကြောင်းအရာများအား နားလည်သဘောပေါက်စေခြင်း

## ဖော်ပြချက်

သင်ခန်းစာ–၁သည်မြန်မာနိုင်ငံကြက်ခြေနီအသင်းမှအကောင်ထည်ဖော်ဆောင်ရွက်နေသောရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းအခြေခံအကြောင်းအရာများကိုသင်တန်းတက်ရောက်သူများအား မိတ်ဆက်ခြင်းဖြစ်သည်။သင်ခန်းစာ–၁တွင်သင်တန်းသားများအား ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲစာအုပ်နှင့် ရင်းနှီးထိတွေ့မှုရှိစေရန် နိဒါန်းတိုတစ်ခု အားထည့်သွင်းထားသည်။ ထို့အပြင်သင်တန်းသားများတွင် တူညီသောဗဟုသုတအတိုင်း အတာ တစ်ခုရှိစေရန်မြန်မာနိုင်ငံနှင့်စပ်ဆိုင်သော ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး၏ ယေဘုယျသဘော တရားများကိုလည်း ဆွေးနွေးထားသည်။

## သင်ခန်းစာ၏ ရည်ရွယ်ချက်

ဤသင်ခန်းစာပြီးစီးပါက သင်တန်းသားများသည်

- ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးနှင့်သက်ဆိုင်သော အခြေခံဝေါဟာရ နှင့် သဘောတရားများအား ရှင်ပြနိုင်ပါလိမ့်မည်။
- ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး၏ အဓိကကျသောအကြောင်းအရာများနှင့် အကျိုးရလဒ်များသာမက ၄င်း၏အခြေခံကျသောလုပ်ငန်းစဉ်များကိုပါ ရှင်းပြနိုင်ပါလိမ့်မည်။
- မည်သည့်အတွက်ကြောင့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးသည် မြန်မာနိုင်ငံအတွက်ဆီလျော်ကြောင်း နားလည်လာလိမ့်မည်။
- မြန်မာနိုင်ငံတွင်ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးလုပ်ငန်းအားလက်ခံလာစေရန်ရေ့နေရေ့ရပ်အဖြစ်ဆောင်ရွက်ရာတွင်အခွင့်အလမ်းများနှင့် အခက်အခဲများအား စစ်ဆေးလာနိုင် လိမ့်မည်။

## ဥင်ခန်းစာများ

ထည့်သွင်းသွားမည်။
အခန်း ၁– ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲ မိတ်ဆက်ခြင်း
အခန်း ၂– မြန်မာနိုင်ငံတွင်ရှိသောရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါး
အခန်း ၃– အဓိကသဘောတရားများနှင့် ဝေါဟာရများ

ကြာချိန်။ ၃ နာရီ
လိုအပ်သောပစ္စည်းများ။ ပါဝါပွိုက်တင်ပြချက်များ၊ရှိဂျက်တာ၊ နှင့်ကားချပ်၊ခရီးဆောင်ကွန်ပြူတာ၊ကားချပ်အရှင်၊မာကာများ

| အချိန် | အခန်း | သင်ထောက်က |
|---|---|---|
| ၃၀ မိနစ် | ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲ မိတ်ဆက်ခြင်း | လူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲစာအုပ်မိတ္တူ သင်ခန်းစာ M1S1 ပါဝါပွိုက်တင်ပြချက် |
| ၆၀ မိနစ် | မြန်မာနိုင်ငံတွင်ရှိသောရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး | သင်ခန်းစာ M1S2 ပါဝါပွိုက်တင်ပြချက် |
| ၉၀ မိနစ် | အခြေခံသဘောတရားများနှင့် အခေါ်အဝေါ် | သင်ခန်းစာ M1S3 ပါဝါပွိုက်တင်ပြချက် |



အခန်း

၁.၁

# ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲမိတ်ဆက်ခြင်း

ကြာချိန် – ၃၀ မိနစ်
လိုအပ်သောပစ္စည်းများ။ ပါဝါပွိုက်တင်ပြချက်များ၊ ပရိုဂျက်တာ၊ နှင့်ကားချပ်၊ခရီးဆောင်ကွန်ပြူတာ၊ကားချပ်အရှင် ၊မာကာများ
နည်းလမ်းများ။ တင်ပြချက်များ၊ အဖွဲ့လိုက်လုပ်ဆောင်မှု နှင့် ဆွေးနွေးတင်ပြချက်များ
ရည်ရွယ်ချက်။ သင်တန်းတက်ရောက်သူများအား ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲနှင့် ထိတွေ့မှုရှိစေရန်

| အချိန် | လုပ်ငန်းများ | နည်းစနစ် | သင်ထောက်ကူပစ္စည်းများ | |
|---|---|---|---|---|
| ၅ မိနစ် | သင်ခန်းစာရည်ရွယ်ချက်အားတင်ပြခြင်း | တင်ပြမှု | ပရိုဂျက်တာ၊ သင်ခန်းစာ ၁ပါဝါပွိုက်တင်ပြချက် | M1S1 |
| ၁၅ မိနစ် | ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲ ၏ ရည်ရွယ်ချက်များနှင့် ရည်မှန်းချက်များ | တင်ပြမှု | ပရိုဂျက်တာ၊ သင်ခန်းစာ ပါဝါပွိုက်တင်ပြချက် | M1S1 |
| ၁၀ မိနစ် | ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲ နှင့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါး အဆင့် ၆ ဆင့်ကြား ဆက်စပ်မှု | တင်ပြမှု၊ ဆွေးနွေးမှု | ပရိုဂျက်တာ၊ သင်ခန်းစာ ပါဝါပွိုက်တင်ပြချက် | M1S1 |

## လုပ်ဆောင်ချက်

၁။ သင်ခန်းစာရည်ရွယ်ချက်အားတင်ပြခြင်း

ကြာချိန်။ ၅ မိနစ်
လိုအပ်သောပစ္စည်းများ။ ပါဝါပွိုက်တင်ပြချက်များ၊ ပရိုဂျက်တာ၊ နှင့်ကားချပ်၊လေဆာညွှန်ပြတံ

သင်ခန်းစာရည်ရွယ်ချက်အားတင်ပြရန် ပါဝါပွိုင့်အားအသုံးပြုပါ။

- သင်တန်းတက်ရောက်သူများအား ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးလက်စွဲနှင့် ထိတွေ့မှုရှိစေရ

၂။ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲ၏ ရည်ရွယ်ချက်များနှင့် ရည်မှန်းချက်များ

ကြာချိန်။ ၁၀ မိနစ်
လိုအပ်သောပစ္စည်းများ။ ပါဝါပွိုက်တင်ပြချက်များ၊ ပရိုဂျက်တာ၊ နှင့်ကားချပ်၊ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးလက်စွဲစာအုပ်

ဤတင်ပြချက်အပိုင်းတွင် သင်တန်းသားများအား ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါး ရေးလက်စွဲအား လှန်လှောကြည့်ရန် နှင့် ၎င်းတို့ကိုယ်တိုင် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ် လျော့ပါးရေးလက်စွဲ စာအုပ်တည်ဆောက်ပုံနှင့် မာတိကာများအား ရင်းနှီးထိတွေ့မှုရှိစေရန် အတွက် တိုက်တွန်းအားပေးသင့်သည်။ ဤအခန်းတွင် ကနဦးပိုင်းမှစ၍ သေချာစွာနားလည်နိုင်ရန် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲ၏ ရည်ရွယ်ချက်အား အလေးပေးရန်အရေးကြီးသည်။

**ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲ၏ ရည်ရွယ်ချက်များ**

ဤရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲသည် မြန်မာနိုင်ငံတွင်ရှိသော ရပ်ရွာလူထု အခြေပြုဘေးအန္တရာယ်လျော့ပါးရေးဆောင်ရွက်နေသော ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း စီမံကိန်းဝန်ထမ်းများ နှင့် အခြား ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လက်တွေ့ ကျင့်သုံးနေသော သူများ၏ လက်တွေ့ကျင့်သုံးနေသောလမ်းညွှန်စာအုပ်တစ်အုပ် ဖြစ်သည်။

ထို့အတူ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲတွင်အသုံးပြုသော သင်္ကေတများအားလုံးအား အသေးစိတ်ရှင်းပြရန် အလေးထားသင့်သည်။ သင်တန်းတက်ရောက်သူများသည် သင်ခန်းစာအဆုံးတွင် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲအား အမှန်တကယ်အသုံးပြုနိုင်ရန် လက်စွဲစာအုပ် တည်ဆောက်ပုံကို နားလည်ရန်လိုအပ်ပေသည်။

| | |
|---|---|
| စုံမစုံစစ်ဆေးရန်အချက်အလက်များ | ရာသီဥတုပြောင်းလဲခြင်း |
| စိန်ခေါ်မှုများ | ပတ်ဝန်းကျင်နှင့်ဆိုင်သောအကြောင်းအရာများ |
| အလေးထားရန် | အကြမ်းဖက်မှုတားဆီးခြင်း |
| ထပ်လောင်းကိုးကားချက်များ | ကျား/မဆိုင်ရာအကြောင်းအရာများ |
| သတင်းအချက်အလက်များစစ်ဆေးရန် | မသန်စွမ်း |

အဓိကမှတ်ချက်၊
အလုပ်ရုံဆွေးနွေးပွဲကာလအတွင်း သင်တန်းတက်ရောက်သူများအား ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ် လျော့ပါးရေး လက်စွဲ၏ အဓိကကျသော သတင်းအချက်အလက်များအား အလေးပေးလေ့လာရန် တွန်းအားပေးခြင်းဖြင့် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးလက်စွဲ သက်ဝင်လှုပ်ရှားလာရန် သင်ပံ့ပိုးကူညီပေးနိုင်သည်။

## ၃။ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲ စာအုပ်၏ရည်ရွယ်ချက်များ

ကြာချိန်။ ၁၅ မိနစ်
လိုအပ်သောပစ္စည်းများ။ သင်ခန်းစာ၁ အခန်း ၁၊ ပါဝါပွိုင့်တင်ပြချက်၊ ပရိုဂျက်တာ၊ နှင့်ကားချပ်၊ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲစာအုပ်

ရှေးဦးစွာ သင်တန်းသားများအား ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အဆင့် ၉ ဆင့်ပါပုံအား ပြသပါ။ ထို့နောက် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲတွင် မည်သည့်နေရာတွင် အဆင့်တစ်ဆင့်ချင်းစီအတွက် သတင်းအချက်အလက်များရှာတွေ့နိုင်ကြောင်းကို ဆွေးနွေးရန်တိုက်တွန်းပါ။ ဤသို့ပြုလုပ်ခြင်းဖြင့် သင်တန်းတက်ရောက်သူများသည် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးလက်စွဲတွင် ပါဝင်သောသတင်းအချက်အလက်များကို ရှာဖွေရန် လှန်လှောကြည့်ယုံမျှမက မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး မူဘောင်ပေါ်ထွက်လာရန် အသုံးပြုခဲ့သော မတူကွဲပြားသော မှတ်တမ်းမှတ်ရာများကြား ချိတ်ဆက်မှုများ ကိုပါ အလေးထားမြင်သာပါလိမ့်မည်။



ပုံ ၁
အခန်းတစ်ခုလုံးအား ခြုံငုံကြည့်ခြင်း

| လုပ်ငန်းစဉ် ၁။ | လုပ်ငန်းစဉ် ၂။ | လုပ်ငန်းစဉ် ၃။ | လုပ်ငန်းစဉ် ၄။ |
| --- | --- | --- | --- |
| စီမံကိန်းအား ရှင်းနီးကျွမ်းဝင်စေခြင်း | စီမံကိန်းနေရာ ရွေးချယ်ခြင်း | ကနဦးအခြေအနေ လေ့လာခြင်း | ရပ်ရွာလူထုအား စည်းရုံးလှုံ့ဆော်ခြင်း |
| • ရပ်ရွာလူထု အခြေပြု ဘေးအန္တရာယ်လျှော့ချရေးလုပ်ဆောင်ချက်များအား ရင်းနှီးကျွမ်းဝင်စေခြင်း<br>• ရပ်ရွာလူထု အခြေပြု ဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်းအား မိတ်ဆက်ခြင်း | • အချက်အလက်များ ကောက်ယူစုဆောင်းခြင်း<br>• ညှိနှိုင်းအကြံပေး စည်းဝေးပွဲများ<br>• ကျေးရွာများနှင့် ကျောင်းများအား ဆန်းစစ်လေ့လာခြင်း<br>• စီမံကိန်းနေရာ ရွေးချယ်ခြင်း | • စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ရေးအဖွဲ့အား ဖွဲ့စည်းခြင်း<br>• စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ရေးအဖွဲ့အား သင်တန်းပေးခြင်း<br>• အချက်အလက် ကောက်ယူခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း | • ရပ်ရွာလူထု/ ကျောင်း ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း<br>• လုပ်ငန်းကဏ္ဍနှင့် တာဝန် သင်တန်းပေးခြင်း<br>• သင်တန်းလိုအပ်ချက်အား ဆန်းစစ် လေ့လာခြင်း |
| အခန်း ၁ | အခန်း ၂ | အခန်း ၃ | အခန်း ၄ |

| လုပ်ငန်းစဉ် ၅။ | လုပ်ငန်းစဉ် ၆။ | လုပ်ငန်းစဉ် ၇။ | လုပ်ငန်းစဉ် ၈။ | လုပ်ငန်းစဉ် ၉။ |
|---|---|---|---|---|
| ကဏ္ဍပေါင်းစုံ ဆန်းစစ်လေ့လာခြင်း | လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်အား ဖော်ထုတ်ခြင်း | လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ခြင်း | အဆုံးသတ်အခြေအနေလေ့လာချက် | လွှဲပြောင်းပေးအပ်ခြင်း လုပ်ငန်းစဉ် |
| • ကဏ္ဍပေါင်းစုံ ဆန်းစစ်လေ့လာမှု အဖွဲ့ ဖွဲ့စည်းခြင်း<br>• သင်တန်းပေးခြင်းနှင့် ဆန်းစစ်လေ့လာခြင်း တို့ပါဝင်သော ကွင်းဆင်းအစီအစဉ်<br>• ဆန်းစစ်လေ့လာမှု အစီရင်ခံစာ | • ပူးပေါင်းပါဝင်သော လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်<br>• အရင်းအမြစ်များ ဖော်ထုတ်သတ်မှတ်ခြင်း<br>• အဆိုပြုလွှာ ရေးသားခြင်း | • လုပ်ငန်းတာန်များ ခွဲဝေချထားခြင်း<br>• စွမ်းဆောင်ရည် တည်ဆောက်ခြင်း<br>• အရင်းအမြစ်များ ခွဲဝေအသုံးချခြင်း<br>• လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း | • စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်ခြင်းဆိုင်ရာ မွမ်းမံသင်တန်း<br>• အချက်အလက် ကောက်ယူခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း | • လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များအား ပြန်လည်သုံးသပ်ခြင်း<br>• စီမံကိန်း စာရွက်စာတမ်းများအား လွှဲပြောင်း ပေးအပ်ခြင်း |
| အခန်း ၅ | အခန်း ၆ | အခန်း ၇ | အခန်း ၈ | အခန်း ၉ |



အခန်း ၁.၂

# မြန်မာနိုင်ငံတွင်ရှိသော ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါး

ကြာချိန်။ ၆၀ မိနစ်
လိုအပ်သောပစ္စည်းများ။ ပါဝါပွိုက်တင်ပြချက်များ၊ပရိုဂျက်တာ၊ နှင့်ကားချပ်၊ ခရီးဆောင်ကွန်ပြူတာ
နည်းလမ်းများ။ တင်ပြချက်များ၊ အဖွဲ့လိုက်လုပ်ဆောင်မှု နှင့် ဆွေးနွေးတင်ပြချက်များ
သင်ခန်းစာရည်ရွယ်ချက်။ ဤသင်ခန်းစာပြီးဆုံးပါက သင်တန်းတက်ရောက်သူများသည်

- ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး၏ အဓိကကျသောအကြောင်းအရာများနှင့် အကျိုးရလဒ်များသာမက ၎င်း၏အခြေခံကျသောလုပ်ငန်းစဉ်များကိုပါ ရှင်းပြနိုင်ပါလိမ့်မည်။
- မည်သည့်အတွက်ကြောင့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးသည် မြန်မာနိုင်ငံအတွက် ဆီလျှော်ကြောင်း နားလည်လာလိမ့်မည်။
- မြန်မာနိုင်ငံတွင်ရှိသော လက်ရှိသဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေ နှင့် ထိခိုက်လွယ်မှုကို နားလည်းသဘောပေါက်လာလိမ့်မည်။
- မြန်မာနိုင်ငံတွင်ရှိသော လက်ရှိ သဘာဝဘေးအန္တရာယ်လျော့ပါးရေး အဖွဲ့အစည်းဆိုင်ရာ နှင့် မူဝါဒဆိုင်ရာ စီစဉ်မှုများကို ဆွေးနွေးနိုင်ပေလိမ့်မည်။
- မြန်မာနိုင်ငံတွင်ရှိသော မတူကွဲပြားသည့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး ပါဝင်လုပ်ဆောင်ပေးသူများအား သတ်မှတ်နိုင်လာပေလိမ့်မည်။
- မြန်မာနိုင်ငံတွင် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးလုပ်ငန်းအား လက်ခံလာစေရန် ရှေ့နေရှေ့ရပ်အဖြစ်ဆောင်ရွက်ရာတွင် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများအား စစ်ဆေးလာနိုင် လိမ့်မည်။

| အချိန် | လုပ်ငန်းများ | နည်းစနစ် | သင်ထောက်ကူပစ္စည်းများ |
|---|---|---|---|
| ၅ မိနစ် | သင်ခန်းစာရည်ရွယ်ချက်အားတင်ပြခြင်း | တင်ပြမှု | သင်ခန်းစာ M1S2 ပါဝါပွိုက်တင်ပြချက်များ |
| ၂၀ မိနစ် | ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး၏ အဓိကအကြောင်းအရာများ နှင့် လုပ်ငန်းစဉ်များ | တင်ပြမှု၊ အမေးအဖြေ | သင်ခန်းစာ M1S2 ပါဝါပွိုက်တင်ပြချက်များ |
| ၁၀ မိနစ် | မြန်မာနိုင်ငံတွင်ရှိသော ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး နှင့်စပ်ဆိုင်မှု | တင်ပြမှု၊ အလွတ်ဆွေးနွေးခြင်း | သင်ခန်းစာ M1S2 ပါဝါပွိုက်တင်ပြချက်များ |
| ၁၀ မိနစ် | မြန်မာနိုင်ငံတွင်ရှိသော ရပ်ရွာလူထု အခြေပြုဘေးအန္တရာယ်လျော့ပါးရေး ပါဝင်လုပ်ဆောင်သူများ | တင်ပြမှု | သင်ခန်းစာ M1S2 ပါဝါပွိုက်တင်ပြချက်များ |
| ၁၅ မိနစ် | စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ | တင်ပြမှု | သင်ခန်းစာ M1S2 ပါဝါပွိုက်တင်ပြချက်များ |

## လုပ်ထုံးလုပ်နည်း

### ၁။ သင်ခန်းစာရည်ရွယ်ချက်အားတင်ပြခြင်း

ကြာချိန်။ ၅ မိနစ်
လိုအပ်သောပစ္စည်းများ။ ပရိုဂျက်တာ၊လေဆာညွှန်ပြတံ

သင်ခန်းစာရည်ရွယ်ချက်အားတင်ပြရန် ပါဝါပွိုင့်အားအသုံးပြုပါ။

**၂။ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး၏ အဓိကအကြောင်းအရာများ နှင့် လုပ်ငန်းစဉ်များ**

ကြာချိန်။ ၃၀ မိနစ်
လိုအပ်သောပစ္စည်းများ။ ပါဝါပွိုက်တင်ပြချက်များ၊ ယီစမသန္နိခအသမ နှင့်ကားချပ်၊ ခရီးဆောင်ကွန်ပြူတာ၊ ကားချပ်အရှင် ၊ မာကာများ

*ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး၏ အဓိကအကြောင်းအရာများနှင့် ကောင်းကျိုးများ (၁၅ မိနစ်)*

ယခုတင်ပြမှုအပိုင်းအား တက်ရောက်သူသင်တန်းသားများအား ရပ်ရွာလူထုဟူသော စကားလုံး အပေါ် ၎င်းတို့ မည်သို့သိရှိနားလည်ကြောင်း မေးခွန်းများမေး၍ စ နိုင်သည်။ တက်ရောက်သူသင်တန်းသားများအား မေးနိုင်သော မေးခွန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

- ဘေးအန္တရာယ်ကျရောက်လာပါက ပထမဦးဆုံးထိခိုက်ခံစားရမည်သူများမှာ မည်သူများနည်း။
- အရေးအပေါ်အခြေအနေကို ပထမဦးဆုံးတုန့်ပြန်ရမည့်သူများမှာ မည်သူများနည်း။ အဘယ်ကြောင့်နည်း။
- ဒေသခြေအနေအား မည်သူတို့က နားလည်သနည်း။
- ဘေးအန္တရာယ်များအတွက် မည်သူတို့က အစီအစဉ်ရေးဆွဲခြင်း/ ပြင်ဆင်ခြင်း/ တုန့်ပြန်ခြင်း များကို ထိရောက်စွာ လုပ်ဆောင်နိုင်သနည်း။ အဘယ်ကြောင့်နည်း။

ပြီးခဲ့သောသင်ခန်းစာများထဲမှ ပေးထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ရည်ညွှန်းကိုးကားပါ။

ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးသဘောတရားများအား ဖြစ်စဉ်တစ်ခုကဲ့သို့ စတင်ပါ။ ၎င်းဖြစ်စဉ်သည် ဘေးအန္တရာယ်ဖော်ထုတ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ ကုသခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းများတွင် ဘေးကျရောက်နိုင်သောရပ်ရွာလူထုများမှ၎င်းတို့၏ ထိခိုက်လွယ်မှုအား လျှော့ချစေရန်နှင့် စွမ်းဆောင်ရည်များအား မြှင့်တင်နိုင်ရန် တက်ကြွစွာ စိတ်ဝင်စွားပါဝင်လာအောင် စည်းရုံးခြင်းဖြစ်သည်။

ထို့နောက် တင်ပြမှုအား အောက်ဖော်ပြပါ အရေးကြီးသော အဓိကအချက် (၈) ချက်အားရှင်းပြခြင်းဖြင့် ရှေ့ဆက်ရမည်။

- ပူးပေါင်းပါဝင်ခြင်းလုပ်ငန်းစဉ်နှင့် မာတိကာ
- စိတ်ပါဝင်စားမှုရှိသော
- ပေါင်းစည်းပါဝငသော
- တက်ကြွစွာပါဝင်လုပ်ဆောင်သော
- ပြီးပြည့်စုံသော
- ကဏ္ဍပေါင်းစုံနှင့် အဖွဲ့အစည်းပေါင်းစုံ
- လုပ်ပိုင်ခွင့်ခွဲဝေပေးခြင်း
- ဖွံ့ဖြိုးရေးကိုဦးတည်သော

အောက်ဖော်ပြပါ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးကောင်းကျိုးများအား အနည်းငယ်တွေးနွေးပါ။ အကယ်၍ အချိန်ရှိပါက တက်ရောက်သူသင်တန်းသားများအား ၎င်းတို့၏အိုင်ဒီယာများအားလည်း မေးမြန်းဆွေးနွေးပါ။

- ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးသည် အထက်တန်းလွှာအခြေပြု နှင့် အောက်ခြေလူတန်းစားအခြေပြု ဘေးလျော့ပါးရေးအတွက် ကျင့်သုံးနေသောနည်းလမ်းများ အကြားကွာဟချက်ကို ပေါင်းကူးပေးသည်။
- ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးသည် ရပ်ရွာလူထုအဆင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးလုပ်ငန်းများ မြှင့်တင်ရေးအတွက် အထောက်အကူဖြစ်သည်။
- ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးသည် ဘေးအန္တရာယ်ကိုကြံ့ကြံ့ခံသော ရပ်ရွာလူထုများ ပိုမိုထွက်ပေါ်လာစေရန် ဆောင်ရွက်ပေးသည်။
- ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးသည် ရပ်ရွာလူထုအား လုပ်ပိုင်ခွင့်ခွဲဝေခြင်းကို ပံ့ပိုးပေးသည်။



အဓိကမှတ်ချက်၊
ဘေးအန္တရာယ်–ဖွံ့ဖြိုးရေးလင့်ခ်နှင့် ဆန်ကျင့်ဘက်အရာများအား အထက်ဖော်ပြပါ အချက် ၂ တွင်အလေးပေးရန်အရေးကြီးသကဲ့သို့ သင်ရိုးအတွက် ရနိုင်သောအခြေအပေါ်မူတည်၍ မည်မျှအသေးစိတ်တင်ပြနိုင်သည်ကို ထည့်သွင်းစဉ်းစားသင့်သည်။

*ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစဉ်များအား တင်ပြခြင်း (၁၀ မိနစ်)*

ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး၏ လုပ်ငန်းစဉ် (၉)ချက်အား (အပိုင်း–၂၊ သင်ခန်းစာ ၂.၁.၃၊ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲအသေးစိတ်ရှင်းလင်းဖော်ပြချက်) ပါဝါပွိုင့်ပါပုံပြပြီးသည်နှင့် တစ်ပြိုင်နက် စတင်မိတ်ဆက်ပါ။

*အမေး၊အဖြေများ (၅ မိနစ်)*

ပြီးခဲ့သော တင်ပြချက်များအပေါ် တက်ရောက်သူသင်တန်းသားများ၏နားလည်မှုများအား ပိုမိုသေချာစေရန်နှင့် မရှင်းလင်းသည်များကို ရှင်းလင်းသွားစေရန် ၎င်းတို့အားမေးခွန်းများမေးမြန်းနိုင်ရန် လှူပ်ဆော်ပေးပါ။ အကယ်၍ အချိန်ပိုမိုရရှိပါက တက်ရောက်သူသင်တန်းသားများအား ၎င်းတို့၏ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အကျိုးကျေးဇူးနှင့် လုပ်ငန်းစဉ်များနှင့် စပ်ဆိုင်သော ကိုယ်တွေ့အဖြစ်အပျက် အတွေ့အကြုံများအား ပြန်လည်မျှဝေရန် နိုးဆော်ပေးပါ။

၃။ မြန်မာနိုင်ငံတွင်ရှိသော ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး နှင့်စပ်ဆိုင်မှု

ကြာချိန်။ ၂၀ မိနစ်
လိုအပ်သောပစ္စည်းများ။ ပါဝါပွိုက်တင်ပြချက်များ၊ ပရိုဂျက်တာ၊ နှင့်ကားချပ်၊ခရီးဆောင်ကွန်ပြူတာ၊ကားချပ်အရှင်၊မာကာများ

*မြန်မာနိုင်ငံတွင်ရှိသော ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး နှင့်စပ်ဆိုင်မှုများအပေါ် အလွတ်ဆွေးနွေးခြင်းနှင့် တင်ပြချက်*

အောက်တွင်ဖော်ပြထားသော အဓိကကျသောအချက်နှစ်ချက်အား ပါဝါပွိုင့်တွင်တင်ပြထားသည်။

- မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်ထင်ထားသည်ထက်ပိုမိုကျရောက်နိုင်သည်။
- ဘေးအန္တရာယ်လျော့ပါးရေးသည် မြန်မာနိုင်ငံ၏ ဦးစားပေးလုပ်ငန်းဖြစ်သည်။

ပထမအချက်အား ဆွေးနွေးရန် မြန်မာနိုင်ငံသည်မည်သည့်ဘေးမျိုးနှင့်ဆုံးရှုံးနစ်နာနိုင်ချေမျိုးနှင့် ရင်ဆိုင်နေရသနည်း ဟူသော မေးခွန်းကို သင်တန်းတက်ရောက်သူများအား မေးပါ။ ဆက်လက်၍ နိုင်ငံတွင်ရှိသော ဘေးအမျိုးမျိုးနှင့် ဆုံးရှုံးနစ်နာနိုင်ချေများကို ဆွေးနွေးပါ။ သင်တန်းတက်ရောက်သများ၏ တုန့်ပြန်ချက်များအား flip chart ပေါ်တွင် မှတ်သားထားပါ။ ထို့နောက် ၎င်းတို့အား မြန်မာနိုင်ငံမည်သည့် ဒေသသည့် မည်ကဲ့သို့သော ဘေးများ တွေ့ကြုံနေရကြောင်းဆွေးနွေးပြီး၊ မည်သည့် ဒေသသည် ပို၍ထိခိုက်လွယ်သောအပိုင်းဖြစ်ကြောင်း မေးမြန်းကြည့်ပါ။ ထိုမေးခွန်းနှင့်ဆက်စပ်၍ အဘယ်ကြောင့်၎င်းဒေသများသည် ဘေးထိခိုက်လွယ်ကြောင်းနှင့် ဘေးထိခိုက်လွယ်သောအရင်းခံအကြောင်း များဖြစ်သော အဓိကခေါင်းစဉ်သုံးခုဖြစ်သည့် ဆင်းရဲခြင်း၊အခြေခံအဆောက်အဦးဖွံ့ဖြိုးမှုနိမ့်ကျခြင်းနှင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းလာခြင်းများအား အလေးပေးဆွေးနွေးပြီး၊ ထိုကဲ့သို့ဖြစ်လာခြင်းကြောင့် ဘေးအန္တရာယ်ကျရောက်လွယ်သော ဒေသတွင်နေထိုင်သော ရပ်ရွာလူထုအား မည်ကဲ့သို့ ပိုမိုထိခိုက်နိုင်ကြောင်း ဆက်လက်ဆွေးနွေးပါ။

အဓိကမှတ်ချက်၊
ဆွေးနွေးချက်များတွင် ဖျက်ဆီးခြင်းသံသရာအား ထပ်တလဲလဲအလေးထားဖော်ပြရန်။

ဒုတိယအချက်အတွက် လတ်တလော မြန်မာနိုင်ငံတွင် မည်သည့် ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်များ ချမှတ်ထားသနည်း ဟူသော မေးခွန်းကို မေးပါ။ သင်တန်းတက်ရောက်သူအများစုသည် နိုင်ငံတော်အဆင့် မူဝါဒ သို့ အဖွဲ့အစည်းဆိုင်ရာစီစဉ်မှုများအား သတိပြုမိမည်မဟုတ်သောကြောင့် ၄င်းတို့ လုံလောက်သော တုန့်ပြန်မှု ပြုနိုင်မည် မဟုတ်ချေ။ ထို့ကြောင့် ဦးဆောင်ဆွေးနွေးသူမှ မြန်မာနိုင်ငံတွင်ရှိရင်းစွဲမူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာစီစဉ်မှုများအား ဆက်လက်ဆွေးနွေးနိုင်သည်။ (အသေးစိတ်အတွက် အပိုင်း က၊ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲစာ အုပ်သို့ ကြည့်ပါ)

အဓိကမှတ်ချက်၊
သင်တန်းတက်ရောက်သူများအား ကမ္ဘာပေါ်တွင်ရှိသော ဘေးအန္တရာယ်လျော့ပါးရေးလမ်းကြောင်း (ဥပမာ–ဟရိုဂိုလုပ်ငန်းမူဘောင် နှင့် အာဆီရုံအဖွဲ့ဝင်နိုင်ငံများ၏ ဒေသတွင်း ဖြစ်ပေါ်နေသော ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများနှင့် မြန်မာနိုင်ငံ၏ ပူပေါင်းပါဝင်မှုများ၊) ကို မိတ်ဆက်ပေးသင့်သည်။

ယခုဆွေးနွေးပွဲသည် အလွတ်ဆွေးနွေးပွဲဖြစ်သောကြောင့် တက်ရောက်သူသင်တန်းသားများအား ဝင်ရောက်ပါဝင်စေရမည်။ သို့သော တစ်စုံတစ်ယောက်သော သင်တန်းသားတစ်ဦးတည်းမှ ဆွေးနွေးမှုကို လွှမ်းမိုးနေခြင်းမျိုးမဖြစ်စေရန် ဂရုပြုသင့်သည်။ အကယ်၍ ထိုသို့ တစ်ဦးတည်းမှ လွှမ်းမိုးဆွေးနွေးနေပါကား ကျန်သင်တန်းတက်ရောက်သူများက တိတ်ဆိတ်စွာ နားထောင်နေပါက အခြားသင်တန်းတက်ရောက်သူများပါ ပါဝင်လာအောင် အခြားသူများဆီက နားထောင်ကြည့်ရအောင် သို့ အခြားသူများကရော ဘယ်လိုထင်သလဲ စသည်တို့ကိုပြောကာ ဆွေးနွေးပွဲအား အခြားနားထောင်သူများပါ ပါဝင်ဆွေးနွေးလာအောင် ဖွင့်ပေးရမည်။

## ၄။ မြန်မာနိုင်ငံတွင်ရှိသော ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး ပါဝင်လုပ်ဆောင်သူများ

ကြာချိန်။ ၂၀ မိနစ်
လိုအပ်သောပစ္စည်းများ။ ပါဝါပွိုက်တင်ပြချက်များ၊ရိုဂျက်တာ၊ နှင့်ကားချပ်၊၊ကားချပ်အရှင် ၊မာကာများ

### *ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး ပါဝင်လုပ်ဆောင်သူများအပေါ် တင်ပြမှုနှင့် အလွတ်ဆွေးနွေးခြင်း (၁၅ မိနစ်)*

သင်ခန်းစာအား ပါဝင်လုပ်ဆောင်သူများကာ အဘယ်နည်း ဟူသော မေးခွန်းဖြင့် စတင်ပါ။ သင်တန်းတက်ရောက်သူများပေးသော အချက်အလက်များနှင့်အတူ ပါဝင်လုပ်ဆောင်သူအား အဆင့်သုံးဆင့် (နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးအဆင့်နှင့် ဒေသဆိုင်ရာ အဆင့်) ခွဲပြီး စားရင်းပြုစုပါ။ ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီ အသင်းနှင့် ၄င်း၏ ပါဝင်လုပ်ဆောင်သူများအကြောင်းဆွေးနွေးသောအခါ အချိန် အနည်းငယ် အသုံးပြုပါ။



၅။ အခက်အခဲများနှင့် အခွင့်အလန်းများ

ကြာချိန်။ ၂၀ မိနစ်
လိုအပ်သောပစ္စည်းများ။ ပါဝါပွိုက်တင်ပြချက်များ၊ ပရိုဂျက်တာ၊ နှင့်ကားချပ်၊လေဆာညွှန်ပြတံ၊ကားချပ်အရှင်၊မာကာများ

*အောက်ဖော်ပြပါရိုးရှင်းစွာတင်ပြထားသော စိန်ခေါ်နေမှုများနှင့် အခွင့်အလန်း အချက်များကို ဖော်ပြယုံနှင့် လုံလောက်သည်။*

အခက်အခဲများ

- နိုင်ငံရေးအရ ထောက်ပံ့ပေးမှုမရှိခြင်း
- ဆင်းရဲခြင်း
- အောက်ခြေအဆင့်ရှိ ရိုရင်းစွဲ ဘေးအန္တရာယ်လျော့ပါးရေး စွမ်းဆောင်ရည်
- လူမှုနှင့် ရုပ်ဝတ္ထုအခြေခံအဆောက်အဦး အားနည်းခြင်း
- ဘေးအန္တရာယ်လျော့ပါးရေး သတင်းအချက်အလက် မလုံလောက်ခြင်း
- လူမှု–ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာ
- မညီမျှသော ပါဝင်လုပ်ဆောင်သူများ ပါဝင်မှု

အခွင့်အလန်းများ

- နိုင်ငံတော်အဆင့် ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းမှု ရှိခြင်း
- ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ လမ်းညွှန်ချက်များရှိခြင်း
- ဘေးအန္တရာယ်လျော့ပါးရေး ဆိုင်ရာ အသိရှိမှုတိုးပွားလာခြင်း
- အရင်းမြစ်များရနိုင်မှု တိုးတက်လာခြင်း
- ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး ဆောင်ရွက်ပေမည့် ရှေ့နေရှေ့ရပ်များရှိခြင်း

*အလွတ်ဆွေးနွေးခြင်း (၁၅ မိနစ်)*

ယခုဆွေးနွေးမှုတွင် သင်တန်းတက်ရောက်သူများအား ၄င်းတို့၏ ကိုယ်ပိုင် အတွေ့အကြုံများအား မျှဝေဆွေးနွေးရန် တွန်းအားပေးရမည်။ သင်တန်းတက်ရောက်သူများအား ၄င်းတို့ကိုယ်တိုင် လုပ်ငန်းခွင်ထဲတွင် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းမြင့်တင်ရေးလုပ်ဆောင်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် မျှော်မှန်းထားသော စိန်ခေါ်နေမှုများနှင့် အခွင့်အလမ်းများအား စာရင်းပြုစုခိုင်းသင့်သည်။ ထိုနောက် ၄င်းတို့ ဖြေကြားထားသော အဖြေများအား စနစ်တကျမှတ်သားထားရမည်။

အခန်း ၁.၃

# အဓိကသဘောတရားများနှင့် အခေါ်အဝေါ်

ကြာချိန်။ ၉၀ မိနစ်
လိုအပ်သောပစ္စည်းများ။ သင်ခန်းစာ ၁ အခန်း၃ ပါဝါပွိုက်တင်ပြချက်များ၊ ပရိုဂျက်တာ၊ နှင့်ကားချပ်၊ခရီးဆောင်ကွန်ပြူ တာ၊ကားချပ်အရှင် ၊မာကာများ
နည်းလမ်းများ။ တင်ပြချက်များ၊ အဖွဲ့လိုက်လုပ်ဆောင်မှု နှင့် ဆွေးနွေးတင်ပြချက်များ
သင်ခန်းစာရည်ရွယ်ချက်။ ဤသင်ခန်းစာပြီးဆုံးပါက သင်တန်းတက်ရောက်သူများသည်
- ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး နှင့်စပ်ဆက်သော အခြေခံဝေါဟာရများနှင့် သဘောတရားများအား ရှင်းပြလာနိုင်လိမ့်မည်။

| အချိန် | လုပ်ငန်းများ | နည်းစနစ် | ဥင်ထောက်ကူပစ္စည်းများ |
|---|---|---|---|
| ၅ မိနစ် | သင်ခန်းစာရည်ရွယ်ချက်အားတင်ပြခြင်း | တင်ပြမှု | သင်ခန်းစာ M1S3 ပါဝါပွိုက်တင်ပြချက်များ၊ ပရိုဂျက်တာ၊ နှင့်ကားချပ် |
| ၁၅ မိနစ် | ဘေးအန္တရာယ်လျော့ပါးရေး ဆိုင်ရာ အဓိက ဝေါဟာရများ နှင့် အခေါ်အဝေါ်များ | တင်ပြမှု | သင်ခန်းစာ M1S3 ပါဝါပွိုက်တင်ပြချက်များ၊ ပရိုဂျက်တာ၊ နှင့်ကားချပ် |
| ၅၀ မိနစ် | အဖွဲ့လိုက်လေ့ကျင့်ခန်း၊ တိုင်ပင် အဖြေရှာခြင်း | အဖွဲ့လိုက် ဆွေးနွေးခြင်း | သင်ခန်းစာ M1S3 ပါဝါပွိုက်တင်ပြချက်များ၊ ပရိုဂျက်တာ၊ နှင့်ကားချပ် |
| ၂၀ မိနစ် | အဖွဲ့လိုက်လေ့ကျင့်ခန်းအတွက် ဆွေးနွေးခြင်း | ဆွေးနွေးခြင်း | သင်ခန်းစာ M1S3, ပါဝါပွိုက်တင်ပြချက်များ၊ ပရိုဂျက်တာ၊ နှင့်ကားချပ် |

## လုပ်ထုံးလုပ်နည်း

### ၁။ သင်ခန်းစာရည်ရွယ်ချက်အားတင်ပြခြင်း

ကြာချိန်။ ၅ မိနစ်
လိုအပ်သောပစ္စည်းများ။ ပရိုဂျက်တာ၊လေဆာညွှန်ပြတံ

သင်ခန်းစာရည်ရွယ်ချက်အားတင်ပြရန် ပါဝါပွိုင့်အားအသုံးပြုပါ။

### ၂။ ဘေးအန္တရာယ်လျော့ပါးရေး ဆိုင်ရာ အဓိက ဝေါဟာရများ နှင့် အခေါ်အဝေါ်များအားတင်ပြခြင်း

ကြာချိန်။ ၁၀ မိနစ်
လိုအပ်သောပစ္စည်းများ။ ပရိုဂျက်တာ၊လေဆာညွှန်ပြတံ

သင်ခန်းစာရည်ရွယ်ချက်ပါဝါပွိုင့်တင်ပြပြီးနောက် အောက်ဖော်ပြပါ စာရင်းပြုစုထားသော အဓိက ဝေါဟာရများ နှင့် အခေါ်အဝေါ်များ ပါဝင်သော ဆလိုက်အား တင်ပြပါ။

| | | |
|---|---|---|
| ရှေ့နေရှေ့ရပ်အဖြစ်ဆောင်ရွက်ခြင်း | ဘေးအန္တရာယ်စီမံခန့်ခွဲခြင်း | ကြိုတင်ပြင်ဆင်ခြင်း |
| စွမ်းဆောင်ရည် | ဘေးကျရောက်နိုင်ခြေ | ကြိုတင်တားဆီးခြင်း |
| စွမ်းဆောင်ရည်တိုးပွားစေခြင်း | ဘေးအန္တရာယ်လျော့ပါးရေး | နာလန်ထူခြင်း |
| ရပ်ရွာလူထု | ဘေးကျရောက်နိုင်ခြေရှိသောအစိတ်အပိုင်းဘေး | ပြန်လည်ထူထောင်ရေးကြံ့ကြံ့ခံနိုင်ခြင်း |
| ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး | ရပ်ရွာလူထုပါဝင်လာခြင်း | ကာကွယ်ခြင်းနှင့် လျှော့ချခြင်း |
| တုန့်ပြန်ခြင်း | ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ခြင်း | ထိခိုက်လွယ်မှု |

ဝေါဟာရတစ်ခုချင်းစီနှင့် သဘောတရားများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များအား မတ်တာကဒ်ပြားတွင် ပုံနှိပ်ထားသည်။

၃။ တိုင်ပင် အဖြေရှာခြင်းအပိုင်း

ကြာချိန်။ အဖွဲ့လိုက်လေ့ကျင့်ခန်းအတွက် ၅၀ မိနစ်၊ အဖွဲ့လိုက်တင်ပြမှုအတွက် ၂၀ မိနစ်
လိုအပ်သောပစ္စည်းများ။ Meta cards, flip-charts, ပရိုဂျက်တာ၊ လေဆာညွှန်ပြတံ၊

### *လေ့ကျင့်ခန်း–၁ ဝေါဟာရများနှင့် သဘောတရားများအား အဓိပ္ပာယ်သတ်မှတ်ခြင်း (၂၀ မိနစ်)*

ကြိုတင်ပုံနှိပ်ထားသော ဝေါဟာရများနှင့် သဘောတရားများ၏ အဓိပ္ပာယ်ပါ မတ်တာကဒ်များကို အဖွဲ့အလိုက် ခွဲဝေပေးပါ။ အဖွဲ့တစ်ခုချင်းစီအား ကဒ်ပြားအစုံလိုက်ပေးထားပြီးနောက် အခန်းတွင်းရှိ များတွင် Flip-charts ကပ်ထားသော ဝေါဟာရများအား ကဒ်တွင်ဖော်ပြထားသော အဓိပ္ပာယ်နှင့် ယှဉ်တွဲခိုင်းပါ။ အဖွဲ့ဝင်များမှ အဖြေမှန်အဖြေမှန်ပြီဟု ထင်ပါက ပင်အပ်ဖြင့် ထိုကပ်ပြားအား သက်ဆိုင်ရာဝေါဟာရနှင့် သဘောတရားများပါရှိသော Flip-charts နားတွင် ထိုးတွဲထားပါ။

### *အဖြေများအားတင်ပြခြင်း (၁၀ မိနစ်)*

အဖွဲ့လိုက်ဆွေးနွေးပွဲပြီးသောအခါ အဖြေမှန်များအား တက်ရောက်သူသင်တန်းသားများအား ပါဝါပွိုင့်ဖြင့် တင်ပြပါ။ ပို၍ အခြေခံကျသောဝေါဟာရများဖြစ်သည့် ရပ်ရွာလူထု ပူးပေါင်းပါဝင်လာခြင်း၊ စွမ်းဆောင်ရည်တိုးပွားစေခြင်း စသည် (အပိုင်း–၁ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲ) တို့အား ပါဝါပွိုင့်တင်ပြခြင်းမှ တဆင့် မိတ်ဆက်ပေးသင့်သည်။ တစ်ခုခုနှင့် တစ်ခု ဆက်စပ်မှုရှိသော ဝေါဟာရများဖြစ်သည့် ဘေး၊ ဆုံးရှုံးထိခိုက်နိုင်ခြေ၊ ထိခိုက်လွယ်မှု စသည်တို့ကို နှံစပ်သေချာစွာ ရှင်းပြသင့်သည်။

ပါဝါပွိုင့်ဆလိုဒ်များပြင်ဆင်ခြင်းတွင်လုပ်ဆောင်ရမည့်အချက်များ

- ဝေါဟာရများနှင့် သဘောတရားများကို ရုပ်လုံးပေါ်ရန်အတွက် အန်နီမေးရှင်း ကို တက်နိုင်သမျှ အသုံးပြုသင့်သည်။
- ဘေးအန္တရာယ်လျော့ပါးသင်တန်းများအတွက် စံသတ်မှတ်ထားသော သရုပ်ပြပုံများရှိပြီးဖြစ်သဖြင့် ၄င်းပုံများအား အသုံးပြုသင့်သည်။
- သရုပ်ပြပုံများသည် ဝေါဟာရတိုင်းနှင့် သဘောတရာတိုင်းတွင် အသုံးပြုရန် မဖြစ်နိုင်သဖြင့် လက်တွေ့ကျသော ဥပမာများကိုပါ ထည့်သွင်းပေးသင့်သည်။

### *လေ့ကျင့်ခန်း–၂ ရုပ်ပုံများအား ခွဲခြမ်းစိတ်ဖြာခြင်း (၂၀ မိနစ်)*

ဤလေ့ကျင့်ခန်းသည် ဘေးများ၊ စွမ်းဆောင်ရည်များ၊ ထိခိုက်လွယ်မှုများ နှင့် ဆုံးရှုံးနစ်နာနိုင်ခြေများ နှင့်ပတ်သတ်သော အကြောင်းအရာများအား ထပ်မံလေ့လာဖော်ထုတ်ခြင်းဖြစ်သည်။ ရပ်ရွာလူထုကိုယ်တိုင် လက်ဖြင့်ရေးဆွဲခဲ့သော မြေပုံများ (ယခင်ကွင်းဆင်းလေ့လာခြင်းမှ)အား ရောင်စုံဖြင့် မိတ္တူဆွဲလျှင် အကောင်းဆုံးဖြစ်သည်။ အဖွဲ့များအား မြေပုံးများ ပေးပြီး (တစ်ဖွဲ့လျှင် မြေပုံတစ်ခုနှုန်း) သည် နှင့် ဓာတ်ပုံထဲတွင်ပါဝင်သော ဘေးများ၊ စွမ်းဆောင်ရည်များ၊ ထိခိုက်လွယ်မှုများ၊ ဆုံးရှုံးနစ်နာနိုင်ခြေများ နှင့် ဘေးကျရောက်နိုင်ခြေရှိသောအစိတ်အပိုင်း များအား ဖော်ထုတ်ခိုင်းပါ။ အချိန်သက်သာစေရန် အကောင်းဆုံးနည်းလမ်းမှာ အဖွဲ့တစ်ဖွဲ့စီအား ဘေးကျရောက်နိုင်ခြေရှိသောအစိတ်အပိုင်း တစ်ခုစီသာ ဦးတည်သင့်သည်၊ ဥပမာ– အဖွဲ့ ၁ သည် ဘေးများအကြောင်း၊ အဖွဲ့ ၂ သည် စွမ်းဆောင်ရည်များအကြောင်း၊ အဖွဲ့ ၃ သည် ဆုံးရှုံးနစ်နာနိုင်ခြေများအကြောင်း စသည်။

### *အဖွဲ့လိုက်တင်ပြခြင်း (၂၀ မိနစ်)*

အဖွဲ့တစ်ဖွဲ့ခြင်းစီအား ၄င်းတို့အဖွဲ့မှ ရှာဖွေတွေ့ရှိချက်များအား တင်ပြခြင်းပြုလုပ်ခိုင်းပြီး ၄င်းတို့၏ရှာဖွေတင်ပြချက်များအပေါ် အခြေခံပြီး မေးခွန်းများမေး၍ ဆွေးနွေးမှုအား လှုပ်ဆော်ပေးရမည်။ ဥပမာ– အကယ်၍တက်ရောက်သူသင်တန်းများက လမ်းများအား စွမ်းဆောင်ရည်တစ်ခုအဖြစ် ဖော်ထုတ်ထားပါက၊ အကယ်၍လမ်းများသည် မြစ်ကြောင်းတစ်လျှောက်တွင်ရှိပါက ရေကြီးခြင်းကာလတွင် လမ်းများအား စွမ်းဆောင်ရည်အဖြစ် ထည့်သွင်းစဉ်းစားနိုင်သေးပါသလား၊ စသည်။

သင်ခန်းစာ ၂

# အစီအစဉ်အားအကောင်ထည်ဖော် ဆောင်ရွက်ခြင်း

## ဖော်ပြချက်

သင်ခန်းစာ၂ သည်မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ရပ်ရွာအခြေပြုနှင့်ကျောင်းအခြေပြု လုပ်ငန်းများ တွင်လုပ်ဆောင်နေသောရပ်ရွာအခြပြုဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းအဆင့်ဇဆင့်နှင့်မိတ်ဆက်ပေးခြင်းဖြစ်သည်။ အဆင့်တစ်ခုချင်းစီ၏ အဓိကအချက် များကိုလည်းဆွေးနွေးတင်ပြထားပြီး သင်တန်းသားများကို နောင်တွင် စီမံချက်လုပ်ငန်းများအကောင်ထည် ဖော်ဆောင်ရွက် ရာတွင်ါ ရပ်ရွာအခြပြုဘေးအန္တရာယ်လျော့ပါးရေး လက်စွဲစာအုပ်ကို မှီငြမ်းစာအုပ်အဖြစ်အသုံးပြုနိုင် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်သည်။

## ရည်ရွယ်ချက်များ

ဤသင်ခန်းစာအချိန်ပြီးသောအခါတွင်သင်တန်းသား များသည်

- မတူညီသောနယ်ပါယ်အဆင့်ဆင့်(ပြည်နယ်နှင့်တိုင်းဒေသကြီး၊ မြို့နယ်၊ကျေးရွာ၊ ကျေးရွာအုပ်စုရပ်ကွက်)တွင် သင့်တော်သောစ့သတ်မှတ်ချက်များကိုသုံးပြီး ဦးတည် ရပ်ရွာရွေးချယ်ခြင်းလုပ်ငန်းစဉ်ကိုနားလည်လာစေမည်။
- ဦးတည်ထားသောရပ်ရွာရွေးချယ်မှုပြုလုပ်နိုင်ရန် လုပ်ငန်းအစီအစဉ်အား လူထုနှင့် မိတ်ဆက်ပေးခြင်းလုပ်ငန်းစဉ်ကိုဖော်ပြလာတတ်စေမည်။
- ရပ်ရွာဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုကော်မတီများနှင့် ကျောင်းဘေးအန္တရာယ် လျော့ပါးရေးစီမံခန့်ခွဲမှုကော်မတီများကဲ့သို့ အဖွဲ့များဖွဲ့စည်းနိုင်ရန်လူထုအားဆော်ဩ် စည်းရုံးနိုင်မည်
- ရပ်ရွာအဆင့်တွင်အသစ်ဖွဲ့စည်းထားသောရပ်ရွာအခြေဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုကော်မတီများ၏ လိုအပ်ချက်များကိုဖော်ထုတ်ပြီးသင့်တော်သော သင်တန်းများ ကိုအစီစဉ်ရေးဆွဲပြီးပို့ချနိုင်မည်။
- ရပ်ရွာဘေးအန္တရာယ်လျော့ပါးရေးလိုအပ်ချက်များကိုဖော်ထုတ်နိုင်ရန်အတွက်ကဏ္ဍ ပေါင်းစုံစစ်ဆေးခြင်းလေ့ကျင့်ခန်းများကို ရေးဆွဲ လုပ်ဆောင်လာနိုင်မည်။
- ကဏ္ဍ ပေါင်းစုံစစ်ဆေးခြင်းရလဒ်များပေါ်တွင်အခြေခံ၍ရပ်ရွာနှင့်ကျောင်း အဆင့်အစီအစဉ်ရေးဆွဲခြင်းကိုကြီးကြပ်ကွတ်ကဲပြီး အဓိကအရေးပါသော ဘေးအန္တ ရာယ်လျော့ပါးရေးလုပ်ဆောင်မှုများကိုလုပ်ဆောင်ရန် လူထုပါဝင်မှုဖြင့်အစီအစဉ်ရေး ဆွဲခြင်းကိုလုပ်ဆောင်တတ်လာမည်။

## ဥင်ခန်းစာများ

သင်ခန်းစာ ၂တွင်အောက်ပါခေါင်းစဉ်များပါဝင်သည်။

အခန်း ၁။ စီမံချက်အစီအစဉ်အားလူထုနှင့်မိတ်ဆက်ပေးခြင်း

အခန်း ၂။ စီမံချက်အစီအစဉ်ပြုလုပ်မည့်နေရာရွေးချယ်ခြင်း

အခန်း ၃။ ရပ်ရွာလူထုနှင့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များအားဆော်ဩစည်းရုံးခြင်း

အခန်း ၄။ ရပ်ရွာလူထု၏ လိုအပ်ချက်များကိုဖော်ထုတ်ခြင်း

အခန်း ၅။ လူထုပါဝင်မှုဖြင့်လုပ်ငန်းအစီအစဉ်ရွေးဆွဲခြင်း

အခန်း ၆။ လုပ်ငန်းအစီအစဉ်များကို အကောင်ထည်ဖော်ဆောင်ရွက်ခြင်း



ကြာချိန်။ ၁၂ နာရီ (၂ ရက်)
လိုအပ်သောပစ္စည်းများ။ ပါဝါပွိုက်တင်ပြချက်များ၊ပရိုဂျက်တာ၊နှင့်ကားချပ်၊ခရီးဆောင်ကွန်ပြူတာ၊ကားချပ်အရှင်၊မာကာများ

| အချိန် | အကြောင်းအရာ | သင်ထောက်ကူပစ္စည်းများ |
|---|---|---|
| ၄၅ မိနစ် | အစီအစဉ်အားမိတ်ဆက်ခြင်း | သင်ခန်းစာ M2S1, ပရိုဂျက်တာ၊ နှင့်ကားချပ်၊ခရီးဆောင်ကွန်ပြူတာ၊ ကားချပ်အရှင် ၊မာကာများ |
| ၂ နာရီ ၁၅မိနစ် | စီမံချက်နေရာရွေးချယ်ခြင်း | သင်ခန်းစာ M2S2, ပရိုဂျက်တာ၊ နှင့်ကားချပ်၊ခရီးဆောင်ကွန်ပြူတာ၊ ကားချပ်အရှင် ၊မာကာများ |
| ၃ နာရီ | ရပ်ရွာလူထုနှင့်ကြက်ခြေနီစေတနာ့လုပ်အားရှင်များအားဆော်ဩစည်းရုံးခြင်း | သင်ခန်းစာ M2S3, ပရိုဂျက်တာ၊ နှင့်ကားချပ်၊ခရီးဆောင်ကွန်ပြူတာ၊ ကားချပ်အရှင် ၊မာကာများ |
| ၃ နာရီ | ရပ်ရွာလူထု၏ လိုအပ်ချက်များကိုဖော်ထုတ်ခြင်း | သင်ခန်းစာ M2S4, ပရိုဂျက်တာ၊ နှင့်ကားချပ်၊ခရီးဆောင်ကွန်ပြူတာ၊ ကားချပ်အရှင် ၊မာကာများ |
| ၁ နာရီ ၃၀ မိနစ် | လူထုပါဝင်သောအစီအစဉ်ရေးဆွဲခြင်း | သင်ခန်းစာ M2S5, ပရိုဂျက်တာ၊ နှင့်ကားချပ်၊ခရီးဆောင်ကွန်ပြူတာ၊ ကားချပ်အရှင် ၊မာကာများ |
| ၁ နာရီ ၃၀ မိနစ် | ရေးဆွဲထားပြီးသောအစီအစဉ်များအားအကောင်ထည်ဖော်ဆောင်ရွက်ခြင်း | သင်ခန်းစာ M2S6, ပရိုဂျက်တာ၊ နှင့်ကားချပ်၊ခရီးဆောင်ကွန်ပြူတာ၊ကားချပ်အရှင် ၊မာကာများ |

အခန်း ၂.၁

# အစီအစဉ်အားလူထုနှင့်ရင်းနှီးအောင်မိတ်ဆက်ပေးခြင်း

ကြာချိန်။ ၄၅ မိနစ်
လိုအပ်သောပစ္စည်းများ။ ဖပါဝါပွိုက်တင်ပြချက်များ၊ ပရိုဂျက်တာ၊ နှင့်ကားချပ်၊ခရီးဆောင်ကွန်ပြူတာ၊ကားချပ်အရှင်၊ မာကာများ၊ ယ လေဆာညွှန်ပြတံ ယ ပြည်နယ်/ တိုင်း/ မြို့နယ်သတင်းချက်အလက်များပါသည့်စာရွက်များ၊ ဗ၄ စာရွက်များ
လုပ်ဆောင်နည်း။ ဆွေးနွေးတင်ပြခြင်း၊ အဖွဲ့လိုက်လေ့ကျင့်ခန်းများလုပ်ခြင်းနှင့်ဆွေးနွေးခြင်း၊
ရည်ရွယ်ချက်း။ ဤသင်ခန်းစာအချိန်ပြီးစီးသောအခါတွင် သင်တန်းသားများသည်
• အစီအစဉ်အားလူထုနှင့်ရင်းနှီးအောင်မိတ်ဆက်ခြင်းလုပ်ငန်းစဉ်လုပ်ဆောင်ပုံကို ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်တိုင်း၏ အစတွင်လုပ်ဆောင်ရပုံကိုဖော်ပြလာတတ်စေမည်။

| အချိန် | လုပ်ဆောင်ချက် | နည်းလမ်း | လိုအပ်သောပစ္စည်းများ |
|---|---|---|---|
| ၅ မိနစ် | သင်ခန်းစာအလိုက်ရည်ရွယ်ချက်များကိုတင်ပြခြင်း | ဆွေးနွေးတင်ပြခြင်း၊ | ပရိုဂျက်တာ၊ သင်ခန်းစာ M2S1 ပါဝါပွိုက်တင်ပြချက် |
| ၃၀ မိနစ် | ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်အားလူထုနှင့်ရင်းနှီးအောင်မိတ်ဆက်ခြင် | ဆွေးနွေးတင်ပြခြင်း၊ | ပရိုဂျက်တာ၊ သင်ခန်းစာ M2S1 ပါဝါပွိုက်တင်ပြချက် |
| ၁၀ မိနစ် | အမေးအဖြေ | ဆွေးနွေးတင်ပြခြင်း၊ | ပရိုဂျက်တာ၊ သင်ခန်းစာ M2S1 ပါဝါပွိုက်တင်ပြချက် |

## လုပ်ဆောင်ချက်

### ၁။ သင်ခန်းစာ၏ရည်ရွယ်ချက်များကိုဆွေးနွေးတင်ပြခြင်း

ကြာချိန်။ ၅ မိနစ်
လိုအပ်သောပစ္စည်းများ ပရိုဂျက်တာ၊ ယ လေဆာညွှန်ပြတံ

သင်ခန်းစာ၏ရည်ရွယ်ချက်များကိုဆွေးနွေးတင်ပြရန် ပါဝါပွိုင့်ကိုသုံးပါ

### ၂။ အစီအစဉ်အားလူထုနှင့်ရင်းနှီးအောင်မိတ်ဆက်ပေးခြင်း

ကြာချိန်။ ၆၀ မိနစ်
လိုအပ်သောပစ္စည်းများ။ ပရိုဂျက်တာ၊ နှင့်ကားချပ်၊ခရီးဆောင်ကွန်ပြူတာ၊ကားချပ်အရှင် ၊မာကာများ
လေဆာညွှန်ပြတံ

*အစီစဉ်အားလူထုနှင့်မိတ်ဆက်ခြင်းအားတင်ပြဆွေးနွေးခြင်း*

ပထမဦးစွာ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်အားလူထုနှင့်ရင်းနှီးအောင်ပြုလုပ်ရခြင်း၏ အကျိုးရလဒ်များကိုသင်တန်းများအားတင်ပြပါ။ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လက်စွဲစာအုပ်၏ အပိုင်း ၁တွင်ပါဝင်သောဇယား ၂တွင်သင်တန်းတွင်ဆွေးနွေးနိုင်သော အကျိုးရလဒ်ဥပမာချို့ကိုဖော်ပြထားပါသည်။ မတူညီသောနယ်ပါယ်သေ (ပြည်နယ်/ တိုင်း၊မြို့နယ်၊ကျေးရွာနှင့်ကျောင်း) တို့တွင် အစီစဉ်အားလူထုနှင့်ရင်းနှီးအောင်မိတ်ဆက်ခြင်းလုပ်ငန်းစဉ်ကိုရှင်းလင်းတင်ပြပြီးနောက်လုပ်ဆောင်ပုံအသေးစိတ်ကိုရှင်းပြပြီးမတူညီသောနယ်ပါယ်ဒေသတိုင်းတွင်မည်ကဲ့သို့သောသတင်းအချက်အလက်မျှဝေရမည်ကိုရှင်းပြပါ။ သင်တ်းသာအားလုံး၏ အတွေ့အကြုံများကိုမျှဝေခိုင်းပါဖြစ်နိုင်လျှင် သင်တန်းသားများအကြား ဆွေးနွေးရာတွင်ပါဝင်ကူညီပံ့ပိုးပေးပါ။

မျှဝေရမည့်သီအချက်အလက်ဥပမာ။ ပြည်နယ်/ တိုင်းအဆင့် အစီအစဉ်အားလူထုနှင့်ရင်းနှီးအောင်မိတ်ဆက်ခြင်း

- အစီအစဉ်အကြောင်းအကျဉ်းချုပ်ပြင်ဆင်ချက်များ (အကောင်ထည်ဖော်ဆောင်ရွက်မည့်အဖွဲ့အစည်းနောက်ခံအကြောင်းနှင့်တင်ပြထားသောအစီစဉ်အကျဉ်း)
- အဓိကျသောသူများ၏ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ်စာရင်းများပြင်ဆင်ခြင်း
- တရားဝင်မိတ်ဆက်စာပြင်ဆင်ခြင်း
- အကြောင်းအရာတစ်ခုအတွက်ကောက်ယူရမည့်အဓိကသတင်းအချက်အလက်များပြင်ဆင်ခြင်း(ဘေးအန္တရာယ်၊ အန္တရာယ်ကျရောက်နိုင်မှုအများဆုံးရှိသောမြို့နယ်များ၏သတင်းအချက် အလက်များ၊ အစိုးရအဖွဲ့နှင့်အစိုးရမဟုတ်သောအဖွဲ့များမှလုပ်ဆောင်နေသောဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ၊ မှလုပ်ဆောင်နေသောဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများကွာဟချက်များနှင့် လိုအပ်ချက်များ)
- အစီအစဉ်အကျဉ်းချုပ်

အဓိကမှတ်ချက်။ “တွေ့ဆချက်” နှင့် “အခက်အခဲ” များခေါင်းအောက်တွင်ပေးထားသောအဓိကအချက် များ (ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲစာအုပ်ရှိအပိုင်း ၁) များကို သင်တန်းအချိန်နှင့် အခြားသင့်တော်သောအချိန်တွင်သင်ကြားပေးသင့်သည်။ စစ်ဆေးရန်အချက်အလက်များနှင့်ပတ်သက် ၍(ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲစာအုပ်ရှိအပိုင်း ၁) ရပ်ရွာအခြေပြု ဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ်အားလူထုနှင့်ရင်းနှီးအောင်မိတ်ဆက်ရာတွင် သင်တန်းသားများသည်၎င်းတို့ ၏လုပ်ဆောင်ချက်များနှင့်ကိုက်ညီမှုရှိမရှိတိုက်ကြည့်ရမည်။

အခန်း ၂.၂

# စီမံချက်နေရာရွေးချယ်ခြင်း

ကြာချိန်။ ၂ နာရီ ၁ ၅မိနစ်
လိုအပ်သောပစ္စည်းများ။ ပရိုဂျက်တာ၊လေဆာညွှန်တံ၊ ကားချပ်အရွှမ်းများ၊ မာကာများ၊ ပြည်နယ်/ တိုင်း၊မြို့နယ်ဆိုင်ရာ သတင်းအချက်အလက်စာရွက်များ၊ A4 စာရွက်များ
နည်းလမ်းများ။ ဆွေးနွေးတင်ပြခြင်း၊ အုပ်စုလိုက်လေ့ကျင့်ခန်းများလုပ်ခြင်းနှင့်ဆွေးနွေးခြင်း
ရည်ရွယ်ချက်း။ ဤသင်ခန်းစာအချိန်ပြီးသောအခါတွင်သင်တန်းသားများသည်–

- နယ်ပါယ်ဒေသအဆင့်ဆင့်(ပြည်နယ်/ တိုင်း/ မြို့နယ်/ ကျေးရွာ/ ရပ်ကွက်)တွင်သင့်တော်သောစံသတ်မှတ်ချက်များနှင့်အညီဦးတည်ထားသောနေရာရွေးချယ်ခြင်းလုပ်ငန်းစဉ်ကိုနားလည်လာစေနိုင်ရန်
- အစီအစဉ်အားလူထုနှင့်ရီးနီးအောင်မိတ်ဆက်ခြင်းနှင့် စီမံချက်နေရာရွေးချယ်ခြင်းလုပ်ငန်းအဆင့်ကြားအဓိက ဆက်နွယ်မှုများကို ဖော်ထုတ်လာတတ်နိုင်စေရန်

| အချိန် | လုပ်ဆောင်ချက် | နည်းလမ်း | ပစ္စည်းများ |
|---|---|---|---|
| ၅ မိနစ် | သင်ခန်းစာ၏ရည်ရွယ်ချက်များ ကိုရှင်းလင်းတင်ပြပါ | ဆွေးနွေးတင်ပြခြင်း | ပရိုဂျက်တာ၊ သင်ခန်းစာ M2S2 |
| ၃၀ မိနစ် | အန္တရာယ်ကျရောက်လွယ်မှုအရှိဆုံး သောရပ်ရွာရွေးလျယ်ခြင်း | ဆွေးနွေးတင်ပြခြင်း | ပရိုဂျက်တာ၊ သင်ခန်းစာ M2S2 |
| ၁ နာရီ ၃၀ မိနစ် | အဖွဲ့လိုက်လေ့ကျင့်ခန်း– ကျရာအခန်းကဏ္ဍ တွင်ပါဝင်တင် ပြသည့်လေ့ကျင့်ခန်း | ကျရာအခန်းကဏ္ဍ တွင်ပါဝင်တင်ဆက် ပြသည့်လေ့ကျင့်ခန်း | ပြည်နယ်/ တိုင်း၊မြို့နယ်ဆိုင်ရာသတင်းအချက် အလက်စာရွက်များ၊ A4 စာရွက်များ |
| ၁၀ မိနစ် | အဖွဲ့လိုက်လေ့ကျင့်ခန်း – ဆွေးနွေးခြင်း | ဆွေးနွေးခြင်း | |

## လုပ်ထုံးလုပ်နည်း

### ၁။ သင်ခန်းစာ၏ရည်ရွယ်ချက်များကိုတင်ပြခြင်း

ကြာချိန်း ၅ မိနစ်
လိုအပ်သောပစ္စည်းများ ပရိုဂျက်တာ၊ ယ လေဆာညွှန်ပြတံ ယ သင်ခန်းစာ M2S2

ရည်ရွယလျက်များကိုတင်ပြရန် ပါဝါပွိုင့်တင်ပြချက်များကိုသုံးပါ။


### ။ ဘေးအန္တရာယ်ကျရောက်လွယ်မှုအများဆုံးရှိသော ရပ်ရွာအားရွေးချယ်ခြင်း

ကြာချိန်း ၅မိနစ်
လိုအပ်သောပစ္စည်းများ ပရိုဂျက်တာ၊ ယ လေဆာညွှန်ပြတံ ယ သင်ခန်းစာ M2S2

<u>ဘေးအန္တရာယ်ကျရောက်လွယ်မှုအများဆုံးရှိသော ရပ်ရွာအားရွေးချယ်ခြင်းတင်ပြရှင်းလင်းချက်</u>
နောက်စာမျက်နှာတွင်ပါသော ပုံအား သင်တန်းသားများအားရှင့်ပြ (ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လက်စွဲစာအုပ်ရှိ အပိုင်း ၁တွင်ပါဝင်သော ပုံ ၂) ပြီးအောက်ပါအချက်များကိုအလေးပေး၍ရှင်းပြပါ။

- နယ်မြေဒေသအဆင့်ဆင့်တွင်ဘေးအန္တရာယ်ကျရောက်လွယ်မှုအရှိဆုံးရပ်ရွာလူထုကိုရွေးချယ် လုပ်ဆောင်နည်းများ (ပြည်နယ်/ တိုင်းအဆင့်မှစ၍ ကျေးရွာ/ အုပ်စု၊ ရပ်ကွက်/ ကျောင်းအထိ)
- ရွေးချယ်ရန်စံသတ်မှတ်ချက်များအသုံးပြုပုံ

တင်ပြချက်ပါဝါပွိုင့်တွင် ပုံများပါသော အချပ်အနည်းငယ်ပါသင့်သည်။ ဇယားအောက်တွင်ဥပမာပေးထားသော အဓိကအမှတ်အသားပြထေားသောအချက်အလက်များနှင့်စံသတ်မှတ်ချက်များကို ဆေးရောင်ချယ်ပြထားရသည်။ ပုံများကို အဓိရည်ညွှန်းချက်အနေဖြင့်ပြသရန်မှတ်သားထားပြီး နယ်ပါယ်အဆင့်အလိုက်ရှင်းပြသောအခါ ထိုနေရာသို့ပြန်သွားထောက်ပြပြီးရှင်းပြပါ။




ဥပမာသတင်းအချက်အလက်များ။ ဘေးအန္တရာယ်ကျရောက်လွယ်မှုအများဆုံးရှိသောပြည်နယ်/ တိုင်းဒေသ သတ်မှတ်ခြင်းနှင့် ရွေးချယ်ခြင်း

- ဘေးအန္တရာယ်ကျရောက်ခံခဲ့ရဖူးသောရာဇဝင်အထောက်အထားများကိုပြန်လည်လေ့လာဆန်းစစ်ခြင်း
- ဘေးအန္တရာယ်ကျရောက်လွယ်မှုအရှိဆုံးသောပြည်နယ်/ တိုင်းများစရင်းပြုစုခြင်း
- စကာတင်စာရင်းထဲတွင်ပါဝင်သောပြည်နယ်/ တိုင်းမှ ကြက်ခြေနီအမှုဆောင်ကော်မတီများနှင့်အစည်းအဝေးပြုလုပ်ကျင်းပခြင်းနောက်ဆုံးရွေးချယ်ခြင်းစံသတ်မှတ်ချက်များမှာ
- ဘေးအန္တရာယ်ကျရောက်မှုနှင့် ဘေးအန္တရာယ်ကျရောက်လွယ်မှုအမြင့်ဆုံးရှိရမည်
- ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ ပြည်နယ်/ တိုင်းဒေသအတွင်းတွင်လက်ရှိတစ်စိတ်တစ်ပိုင်း၊ လက်ရှိလက်လုပ်ဆောင်ရန်လျာထားခြင်း
- ပြည်နယ်/ တိုင်းဒေသမှအာဏာပိုင်များ၏စိတ်ဝင်စားမှု

အဓိကမှတ်ချက်။ ဖြစ်နိုင်လျှင်စံသတ်မှတ်ထားသောပစ္စည်းကိရိယာများကိုအဆင့်တစ်ခုချင်းစီတွင် တင်ပြပြီးဆွေးနွေးသင့်ပါသည်။

၃။ အဖွဲ့အလိုက်လေ့ကျင့်ခန်းများလုပ်ဆောင်ခြင်း– ကဏ္ဍအလိုက် ကျရာသရုပ်သည့်ကစားနည်း

ကြာချိန်။ ၁ နာရီ ၃၀ မိနစ်
လိုအပ်သောပစ္စည်းများ။ ပြည်နယ်/ တိုင်း၊မြို့နယ်ဆိုင်ရာသတင်းအချက်အလက်စာရွက်များ၊ A4 စာရွက်များ

| အချိန် | လုပ်ဆောင်ချက် | ဥင်ထောက်ကူပစ္စည်းများ |
|---|---|---|
| ၅ မိနစ် | သင်တန်းသားများအားအဖွဲ့ ၄ဖွဲ့ခွဲပါ | |
| ၁၅ မိနစ် | အဖွဲ့အလိုက်မေးခွန်းများပြင်ဆင်ခိုင်းပါ | A4 စာရွက်များ၊ မာကာများ |
| ၁၅ မိနစ် | ပြည်နယ်/ တိုင်း၊မြို့နယ်ဆိုင်ရာသတင်းအချက် များကိုဖတ်ခြင်း | ပြည်နယ်/ တိုင်း၊မြို့နယ်ဆိုင်ရာ သတင်းအချက်အလက်စာရွက်များ၊ A4 စာရွက်များ၊ |
| ၅ မိနစ် | ပါဝင်ရမည့်အခန်းကဏ္ဍများသတ်မှတ်ပေးခြင်း | |
| ၁၅ မိနစ် | သရုပ်ဆောင်ကစားခြင်း – ပထမအကြိမ် | |
| ၁၅ မိနစ် | သရုပ်ဆောင်ကစားခြင်း – ဒုတိယအကြိမ် | |
| ၁၅ မိနစ် | အဖွဲ့အတွင်းအတွေ့အကြုံများကိုဆွေးနွေးခြင်း | |
| ၂၀ မိနစ် | မျက်နှာစုံညီဆွေးနွေးခြင်း | |

ဤလေ့ကျင့်ခန်းသည် အကယ်၍အဖွဲ့၄ ဖွဲ့မဖြစ်ပါကသင်တန်းသားများအားအဖွဲ့ ၄ ဖွဲ့ခွဲရန်လိုအပ်သည်။တိုင်းနှင့်ပြည်နယ်အဆင့်တွင်အစည်းအဝေးကျင်းပပြီး မြို့နယ်အဆင့်တွင် မိတ်ဆက်ခြင်းအစီအစဉ်ပြုလုပ်ရန်ဖြစ်သည်။ လုပ်ဆောင်ရမည့်အဆင့်များကိုအောက်ပါအတိုင်းဖော်ပြထားသည်။

၁။ အဖွဲ့တိုင်းအားဖိတ်ကြားထားသောသူများ(ရွေးချယ်ထားသောပါဝင်လုပ်ဆောင်မည့်သူများ)အား အစည်းအဝေးတွင် လိုအပ်သော သတင်းအချက်အလက်များရရန် မေးရန်မေးခွန်းများ(အများဆုံး ၅ ခု) ပြင်ခိုင်းပြီးနောက်အဆင့်–
ဘေးအန္တရာယ်ကျရောက်လွယ်မှုအရှိဆုံးသောမြို့နယ်(သို့)ရွာများ ဖော်ထုတ်ခြင်းအတွက် ထောက်ခံချက်များပြင်ခိုင်းပါ။ လုပ်ငန်း ဆောင်တာတစ်ခုချင်းစီအတွက် ၁၅မိနစ်စီအချိန်ပေးပါ။

၂။ အဖွဲ့တစ်ဖွဲ့ချင်းစီအား အောက်ရှိဇယားတွင်ဖော်ပြထားသော သတင်းအချက်အလက်များပေးပြီးပြည်နယ်/ တိုင်းဒေသ နှစ်ခုနှင့် မြို့နယ်အဖွဲ့ ၂ဖွဲ့ ဖွဲ့ခိုင်းပါ။ လုပ်ငန်းဆောင်တာတစ်ခုချင်းစီအတွက် ၁၅မိနစ်စီအချိန်ပေးပါ။

**ပြည်နယ်၁**

ပြည်နယ် ၁သည်မြန်မာနိုင်ငံ၏အနောက် ဘက်ရှိရိုးမပေါ်တွင်တည်ရှိပြီး မြို့နယ် ၇ မြို့နယ် – မြို့နယ် က၊ခ၊ဂ၊ဃ၊င၊စ၊ဆ အစရှိသဖြင့်ခွဲထားသည်။ ခန့်မှန်းခြေလူဦးရေမှာ ၁၅၀၀၀၀ ရှိပြီး မညီမညာပြန့်ကျဲနေရာ အကျယ်အဝန်း ၁၃၀၀၀စတုရန်းမိုင်ရှိသည်။ အဓိကအသက် မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ် ငန်းနှင့်ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းဖြစ် သည်။အဓိကထွက်ရှိသောကောက်ပဲသီးနှံများ မှာ ပြောင်း၊ဆန်၊ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများဖြစ်သည်။ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ မွေးမြူရေးလုပ်ငန်းများ၊ ငါးမွေးမြူရေး၊ အသေးစားကုန်သွယ်မှုနှင့် ရာသီအလိုက်ကျပန်းလုပ်ငန်းများဖြစ်သည်။ အများစုမှာရာသီအလိုက်ကျပန်း လုပ်ငန်းများနှင့်အသက်မွေးသူများနှင့် အချို့မှာလှည့်လည် သွားလာလုပ်ကိုင်နေသူများ၊ နွား၊ဆိတ်မွေးသူများနှင့် ရေကြည်ရာမြက်နုရာလှည့်လည်လုပ်ကိုင်နေသူများဖြစ်ကြသည်။

ပထဝီမြေအနေအထားအရ တောင်ထိပ်အမြင့် ပေ ၁၈၀၀၀ကျော်ရှိသောနေရာတွင်ဂိုသည်။ ထိုနေရာတွင် အဓိကသွေးကြောအဖြစ်မြစ်တစ် စင်းစီးဆင်းနေပြီးမြစ်လက်တက် ၄ ခုရှိသည်။ မြစ်ချောင်းပေါင်းများစွာစီးဆင်းနေပြီး၊ ရေကန်ကြီးဆီမှလည်းရေများစီးဆင်းနေပြီး ရေတံခွန်းများလည်းရှိသည်။လမ်းပန်းဆက်သွယ် မှုမှာ မပြည့်စုံပါ လမ်းမကြီးတစ်ခုသာ ရှိပြီးပြည်နယ်၏မြို့တော်ဖြစ်သော မြို့ နယ်ကနှင့်ဆက်သွယ်ထားပြီးအခြားမြို့နယ်များနှင့်လည်းဆက်သွယ်ထားသည်။မြို့နယ် “စ” မှလွဲ၍ မြို့နယ်အားလုံးသည်အဓိက မြစ်နှင့် မြစ်လက်တက်များအနီးတစ်ဝိုက်တွင်ရှိသောကြောင့် ရေလမ်းဖြင့်လည်းသွားလာနိုင်သည်။ကုန်တင် ရထားတစ်စီးသာပြည်နယ်မြို့နယ်နှ



အခြားပြည်နယ်များ၊ မြို့နယ် က နှင့် ဂ တို့နှင့် ဆက်သွယ်ပြေးဆွဲလျှက်ရှိသည်။ လျှပ်စစ်မီးနှင့် တယ်လီဖုန်းလိုင်းမှာ မရှိသလောက်အောင်ပင်နည်း အသုံးပြုရနိုင်မှုနည်းပါးသည်။

ရေစီးလမ်းကြောင်းများစွာရှိမှုကြောင့်မြို့နယ်အားလုံးမှာရေလွှမ်းမိုးမှုနှင့်မကြာခဏဆိုသလိုပင်ရင်ဆိုင်ကြုံတွေ့နေရပြီး မိုးရာသီတွင် မြေပြိုမှုများဆိုးရွားစွာခံရပြီး သဘာဝသီးနှံစိုက်ခင်းများပျက်စီးရသည်။ ၂၀၀၇ခုနှစ်တွင် မြို့နယ် "ဆ" သည် ရေလွှမ်းမိုးမှုနှင့်ကြုံတွေ့ရပြီး တောင်ငါ့ရေကန်တွင် ရေလျှံမှုပါဖြစ်ခဲ့သည်။ ထပ်မံ၍ တစ်ခါတစ်ရံတွင် မြို့နယ် "စ" နှင့် "ဆ" မြို့နယ်ကဲ့သို့တောင်ထိပ်ပေါ်ရှိ မြို့များတွင် အအေးလွန်ကဲမှုဒဏ်ကိုခံရသောကြောင့် ကောက်ပဲသီးနှံများပျက်စီးပြီး ဆက်သွယ်ရေးလိုင်း များရက်သတ္တပတ်ကြာမျှပြတ်တောက်သည်။

၂၀၁၃ ခုနှစ်တိုင်အောင်အစိုးရမဟုတ်သောအဖွဲ့ အဖွဲ့များ၏အကူအညီတစ်ခုတည်းဖြင့်သာရပ်တည် နေခဲ့ရသည်။ ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးရေးအဖွဲ့မှ အသေးစားခြေငွေလုပ်ငန်းအစီအစဉ်နှင့် မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ လုပ်ဆောင်သော အစိုးရမဟုတ်သောအဖွဲ့များက မြို့နယ် က၊ ခနှင့်ဆ တို့တွင်လုပ်ဆောင်လျှက်ရှိသည်။

## ပြည်နယ် ၂

ပြည်နယ် ၂ သည်မြန်မာနိုင်ငံတောင်ဘက်ပိုင်းကမ်း ရိုးတမ်းဒေသတွင်ရှိပြီး မြို့နယ် ၈ မြို့နယ်ခွဲထားသည်။ ၄င်းမြို့နယ် ၁၊၂၊၃၊၄၊၅ တို့မှာ ကမ်းရိုးတမ်းဒေသတစ်လျှောက်တွင်ရှိပြီး ၆၊ ၇၊ နှင့် ၈ မှာကျွန်းပေါ်တွင်တည်ရှိသည်။ ဧရိယာ ၂၅၀၀ စတုရန်းမိုင်ရှိသောပြည်နယ် ၂တွင် ခန့်မှန်းခြေလူဦး ရေ ၂ သန်းရှိပြီး အများအားဖြင့် ကမ်းရိုးတမ်းဒေသ ရှိမြို့များတွင်နေထိုင်ကြသည်။အဓိကအသက်မွေးဝမ်း ကျောင်းလုပ်ငန်းသည် တံငါလုပ်ငန်း၊စိုက်ပျိုးရေးလုပ် ငန်းနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည်။ အဓိကောက်ပဲသီးနှံထွက်ကုန်များမှာ ဆနိ၊ဟင်းသီး ဟင်းရွက်နှင့်သစ်သီး ဝလံတို့ဖြစ်သည်။ အခြားအသက်မွေးဝမးကျောင်းလုပ်ငန်းများမှာ ဆီအုန်းစိုက်ပျိုးရေး၊ ယက်ကန်းနှင့်မွေးမြူရေးလုပ် ငန်းများဖြစ်သည်။ နိုင်ငံတစ်ဝှမ်းရှိ နေရာဒေသတော် တော်များများတွင်ဖူလုံကြွယ်ဝမှုမျာ မညီမျှပေ။ ထင် ရှားကျော်ကြားသော နိုင်ငံတကာဧည့်သည်များလာ ရောက်အပန်းဖြေသည့်နေရာကမ်း ခြေများမှာ မြို့နယ် ၂၃ နှင့် ၄ ဖြစ်ပြီး မြို့နယ်၈ တွင် ဘာသာရေးစေတီပု ထိုးများဖြင့်ထင်ရှားကျော်ကြားသည်။ အခြားမြို့နယ် များတွင် လူဦးရေနည်းပါးရခြင်းမှာ စည်းပွားရေး ကောင်းမွန်သောဒေသသို့ပြောင်းရွှေ့ လုပ်ကိုင်နေထိုင် သောကြောင့်ဖြစ်သည်။

၄င်းပြည်နယ်သည်အိမ်နီးခြင်းပြည်နယ်များနှင့်ခွဲထွက် လျှက်ရှိပြီး တောင်များဖြင့်ကာရံထားသည်။ မြစ်ကြောင်း ၂ ခုက၄င်းပြည်နယ်ကိုဖြတ်၍စီးဆင်း လျှက်ရှိသည်။ နိုင်ငံတကာခရီးသွားဧည့်သည်များနှင့် ကျော်ကြားရာကမ်း ခြေဖြစ်သောကြောင့် ခရီးသည်ပို့ဆောင်ရေးမှာကောင်းမွန်သည်။ ကုန်းလမ်း၊ရေလမ်း၊နှင့် လေလမ်းပို့ဆောင်ရေးတို့ရှိပြီး

မြို့တော်နှင့်ဆက်သွယ်ထားသော အမြန်လမ်းမကြီး ၂ခုမှာမြို့နယ်အတော်များများနှင့် ဆက်သွယ်ထား ပြီး ပြည်နယ်၏မြို့တော်တည်ရှိရာမြို့ ၂ တွင် လေဆိပ်တစ် ခုရှိသည်။ နေရာဒေသအရ ကမ်းရိုး တမ်းဒေသဖြစ်နေသောကြောင့် အပူပိုင်းဆိုင်ကလုန်း နှင့်ဆက်စပ်နေသောမိုင်တိုင်းများမကြာခဏဝင်ရောက် တတ်သည်။ ကျွမ်းပေါ်တွင်တည် ရှိသောမြို့နယ်များ မှာ အခါအားလျော်စွာမြတ်စောက်သောတောင်များမှ မြေပြိုမှုများနှင့်ရင်ဆိုင်ကြုံတွေ့ရပြီး မြို့နယ် ၁၊ ၆ နှင့် ၇ တို့မှာ တောမီးလောင်းကျွမ်းမှုများနှင့်ခြော က် လှန့်လျှက်ရှိသည်။ ထို့ပြင်ရေကြီးမှုများနှင့်ရင်ဆိုင် ကြုံတွေ့ခဲ့ရာ ၂၀၀၇နှောင်းပိုင်း/၂၀၀၈ခုနှစ်အစော ပိုင်း ကာလတွင် ပိုမိုဆိုးရွားလာခဲ့ပြီး ဝါးပင်များပေါ်တွင် ကြွက်များအသိုက်ဖွဲ့နေထိုင်ခြင်းကြောင့် ကြွက်ဒေ ကြာင့်ဖြစ်သောကူးစက်ရောဂါများနှင့်ရင်ဆိုင် ကြုံတွေ့ခဲ့ရသည်။ ထို အခြင်းအရာကြောင့်ကောက်ပဲသီးနှံများ နှင့် မွေးမြူရေးလုပ်ငန်းများ များစွာပျက်စီး ဆုံးရှုံးခဲ့ရပြီး မျိုးစေ့သိုလှောင် မှုများပျက်စီးဆုံးရှုံးကာ နောက်ဆက်တွဲများအနေဖြင့် စားဝတ်နေရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပျက်စီးဆုံးရှုံးခဲ့ရ သည်။ အကြမ်းအားဖြင့် ကြွက်အန္တရာယ်မှာ နှစ်စဉ် ၄၈–၅၀ နှစ်အတွင်းကျရောက်သသည်ရှိသော်လည်း အထူးသဖြင့် မြို့နယ် ၄ နှင့် ၅ တွင် ဆက်လက်တည်ရှိနေသေးသည်ကိုတွေ့ရှိရသည်။

အခြား ဒေသများနှင့်စာလျှင် ပတ်ဝန်းကျင်ထိန်း သိမ်းမှုပျက်စီးခြင်းသည်ပြည်နယ်နှင့်သက်ဆိုင်နေပြီး ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကြောင့်ပင်လယ်ရေ မျက်နှာပြင်မှာလည်းမြင့်တက်လာသည်။ သဘာအလျှောက်တားဆီး

ထားသောနေရာများတွင် ခရီးသွားဧည့်သည်များ၏လိုအပ်ချက်ကြောင့် ဟိုတယ်များနှင့်အပန်းဖြေစခန်းများတည်ဆောက်မှုများ များပြားလာသည်။ ပြည်နယ် ၁ နှင့်မတူညီသည်မှာ ပြည်နယ် ၂တွင် ဖွံ့ဖြိုးမှုများပိုမိုတွေ့ရပြီး လူသားခြင်း စာနာသောလုပ်ငန်းဆောင်တာများပိုမိုတွေ့ရသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကလည်း ၁၉၉၀ ခုနှစ်အစောပိုင်း ကတည်းကမြို့နယ် ၅၊၆၊၇နှင့် ၈ တို့တွင်အသေးစားချေးငွေလုပ်ငန်းများနှင့် မြို့နယ် ၁၊၂၊၃နှင့် ၄ တို့တွင် ဘေးအန္တရာယ်ကြိုတင်သတိပေး စနစ်များလုပ်ဆောင်လျှက်ရှိသည်။ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ရပ်ရွာအခြေပြု အဖွဲ့အစည်းများက မြို့နယ် ၂ နှင့် ၃ တွင် တံငါလုပ်ငန်းစဉ်ဆက်မပြတ်တိုးတက်ရေးနှင့် မြို့နယ် ၁၊၂၊၇ နှင့် ၈ တို့တွင် ဘေးအန္တရာယ်လျော့ပါးရေးလုပ် ငန်းများလုပ်ကိုင်လျှက်ရှိသည်။ မြို့နယ် ၁ နှင့် ၂ တွင် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများလုပ် ဆောင်ပြီး ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများကို လေ့ကျင့်ပေးထားသည်။

## မြို့နယ် ၁။

မြို့နယ် ၁ သည် မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းဒေသရှိ တောင်ဘက်အဆုံးပိုင်းမှာရှိပါသည်။ ဤဒေသသည် လူဦးရေထူထပ်သိပ်သည်းပြီး ၅၀၀၀ စတုရန်းမိုင်ဧရိယာမှာ လူဦးရေ ၃သိန်းငါးသောင်းလောက် နေထိုင်ကြသည်။ ကျေးရွာအုပ်စု (၁၊၂၊ ၃၊၄၊၅၊ ၆၊ ၇၊ နှင့် ၈) နှင့် အဓိကမြို့နယ် ၃မြို့နယ် ဖြင့်ဖွဲ့စည်းထားပါသည်။တနှစ်ပျမ်းမျှမိုးရေချိန်၁၂၀လက်မရှိပြီးမုတ်သုံရာသီဥတုဖြစ်ပါသည်။ပင်လယ်ရေ မျက်နှာပြင်အထက်၃မီတာမျှသာရှိပြီးမြေဩဇာကြွယ်ဝသောနုံးမြေတွေပေါ်မှာဆန်စပါးစိုက်ပျိုးခြင်းသည်အဓိကဖြစ်သလိုကျယ်ပြန့်များပြားသောမြစ်များချောင်းများတွင်လည်းငါးဖမ်းသက်မွေးဝမ်းကျောင်းခြင်းသည် လည်းအဓိကလုပ်ကိုင်ကြပါသည်။ လူဦးရေရဲ့ ၄၅၇၁ခိုင်းနှုန်းသည် မြန်မာလူမျိုးများဖြစ်သော်လည်း ကရင် ၃၅%၊ မွန် ၁၅%နှင့် အခြား ၅% စသောအခြားတိုင်းရင်းသားလူမျိုးများလည်းနေထိုင်ကြပါသည်။မြန်မာပြည်၏အဓိကစပါးစိုက်ပျိုးထုတ်လုပ်သောဒေသတွင်းမှာ ရှိသောကြောင့် ၁၉၉၀ နောက်ပိုင်းကတည်းက အခြေခံအဆောက်အဦများနှင့် လမ်းပန်းဆက်သွယ်ရေးတွေ သည် အမှန်တကယ်ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။ ပုဇွန်မွေးမြူရေး နှင့် ပင်လယ်လိပ်ဥတူးဖော်ခြင်းသည်လည်းအဓိကစီးပွားဖြစ်လုပ်ငန်းများဖြစ်သလိုစိုက်ပျိုးမြေတိုးချဲ့လုပ်ကိုင်ခြင်းကောင့် ဒီရေတောများဆုံးရှုံးလာခြင်းသည် ထိုစီးပွားရေးလုပ်ငန်းများကို ခြိမ်းခြောက်မှုဖြစ်လာပါသည်။ မြစ်ရေကြောင်းများသည်မြို့နယ်တလျောက်ကူးသန်းဆက်သွယ်ရေးကိုရေလမ်းဖြင့်အလွယ်တကူသွားလာနိုင်ပါသည်။ အိမ်ထောင်စုအားလုံးနီးပါမှာ လှေတစ်စင်းအနည်းဆုံးပိုင်ဆိုင်ပြီး အဓိကမြို့များသို့ သဘော်များ၊ ဖောင်ကူးများဖြင့်သွားလာနိုင်ပါသည်။ ပညာရေးအနေဖြင့် မြို့နယ်တိုင်းမှာ မူလတန်းကျောင်း တစ်ကျောင်းရှိပြီး မြို့နယ် ၁၊ ၂၊ ၄၊ ၆ နှင့် ၈ တွင် အလယ်တန်းကျောင်းများရှိပါသည်။ မြို့နယ်သည် မြစ်တွေချောင်းတွေမှ ရေလွှမ်းတာလည်းခံရပါသည်။ မြစ်ဝမှာရှိနေပီး အမြင့်ပေ ၇ ပေလောက်ထိတက်နိုင်ပြီး တခါတရံဖြစ်သောဆိုင်ကလုန်းတွေကြောင့် မုန်တိုင်းလှိုင်းတွေကိုလည်း တွေ့ရတက်ပါသည်။ စိုက်ပျိုးမြေများတိုးချဲ့ခြင်းနှင့် ထင်းလောင်စာအတွက် ဒီရေတောများ ခုတ်လှဲခြင်းကြောင့်ပတ်ဝန်းကျင်ဆိုင်ရာပျက်ယွင်းမှုများကိုလည်းတွေ့ရပါသည်။ မုန်းတိုင်းဒီရေလှိုင်းတွေကြောင့် သဘာဝကာကွယ်ရေးဖုံတွေ ဆုံးရှုံးလာကြသည်။ မကြာသေးမီ ၃နှစ်အတွင်း ၂၀၁၀ ခုနှစ်မှာအဆင့်၃ရှိဆိုင်ကလုန်းမုန်တိုင်းတခုတိုက်ခတ်ခဲ့ပီးဆိုးဆိုးဝါးဝါးစီးပွားရေးဆုံးရှုံးမှုကိုကျေးရွာအုပ်စုများနှင့်မြို့များမှာခံစားခဲ့ရပါသည်။သဘာဝဘေးအန္တရာယ်လျော့ချရေးလုပ်ငန်းတွေ များစွာလုပ် ကိုင်ခဲ့ကြသော်လည်း အများစုသောအစိုးရထောက်ပံ့မှုများသည် ပတ်ဝန်းကျင်နီးစပ်ရာမြို့တွေဆီကိုပဲ ထောက်ပံ့ခဲ့ပီး ဒီ မြို့တွေက ပိုပြီးစီးပွားရေးအရအဆင်ပြေသည်ဟုယူဆခဲ့သလို အစိုးရမဟုတ်သောအဖွဲ့စည်းတွေရဲ့ ထောက်ပံ့မှုတွေကလည်း ပိုဆင်းရဲသည်ဟုယူဆရသောမြို့နယ်များဆီ သို့ခွဲဝေရောက်သွားပါသည်။ ဒီမြို့လေးမှာတော့ ဒီအဖွဲ့တွေရဲ့လုပ်ငန်းဆောင်ရွက်မှုကို မတွေ့ရပါ။



**မြို့နယ် ၂**

မြို့နယ်၂သည် မြန်မာပြည်ရဲ့အလယ်ပိုင်းမှာရှိပြီး ကျေးရွာအုပ်စု အေ၊ဘီ၊စီ၊ဒီ၊ အီး ၊ အက်ဖ်နှင့် ဂျီ နှင့် အဓိကမြို့နယ်၂ခုဖြင့် ဖွဲ့စည်းထားပါသည်။ ခန့်မှန်းခြေလူဦးရေ ၂သိန်းလောက်ရှိပြီး အကျယ်အဝန်း ၃၀၀၀ စတုန်းမိုင်တွင် ပြန့်ကျဲစွာနေကြပါသည်။ အဓိကအသက်မွေးလုပ်ငန်းမှာ ယက်ကန်းလုပ်ငန်း၊ ကုန်သွယ်ခြင်း၊ နှမ်းဆီ၊နေကြာဆီများ ထုတ်လုပ်ခြင်းတို့ဖြစ်ပါသည်။ အခြားအသက်မွေးဝမ်းလုပ်ငန်းကတော့ ဝါ၊ ဆေးရွက်ကြီး နှင့် အသေးစားမွေးမြူရေးနှင့် ရာသီပေါ်ဝင်ငွေးရလုပ်ငန်းများဖြစ်ပါသည်။ ၄င်းမြေ၏ဘေးဘက်သုံးဘက်မှာ တောင်တန်းများဖြင့် ဝန်းရံနေပြီး တောင်ဘက်ဆီသို့ ပြန့်ကျယ်သွားပါသည်။ မြို့လေးရဲ့အပူချိန်သည် အေပရယ်နဲ့မေလတွေမှာ အပူဆုံးလတွေဖြစ်ပါသည်။အချို့ဒေသများဖြစ်သော ကျေးရွာအုပ်စု အေ၊ဘီ၊ဒီနှင့် အက်ဖ် သည် အပူချိန် ၄၃ဒီဂရီ စင်တီဂရိတ်အထက်ရှိပြီး အမြင့်ဆုံးပျမ်းမျှ အပူချိန်သည် ၃၂ဒီဂရီစင်တီဂရိတ်ပတ်ဝန်းကျင် ရှိပြီး အမြင့်ဆုံးနှင့်အနိမ့်ဆုံးအပူချိန်သည်၁၅ဒီဂရီဖြစ်ပါသည်။ မုတ်သုံလေမရှိဘဲအနောက်တောင်မုတ်သုံလေသည် မတ်လနောက်ပိုင်းနှင့် ဧပြီလတွေမှာ ဒေသတွင်းကြမ်းတမ်းသောလေတွေ နှင့် အတူစတတ်ပါသည်။ ၄င်းတို့အထဲမှာ တော်နာဒိုနဲ့ ဆိုင်ကလုံးတွေပါပြီးထိုအရာများက ပျက်စီးဆုံးရှုံးမှုတွေကို ဖြစ်စေပြီး လေတိုက်နှုန်းက ၂၀၀ နှင့် ၃၀၀ အကြားမှာ ရှိနေတက်ပါသည်။ ဒါက သဲတွေ အပေါ်ယံမြေတွေကို သယ်ဆောင်လာပီး အပူပိုင်းဖုံ့ရှိ အပေါ်ယံမြေများစားကို ဆုံးရှုံးမှုဖြစ်စေပါသည်။ တောင်နဲ့ အနောက်တောင်မုတ်သုံသည် ဧပြီနောက်ပိုင်း သို့မဟုတ် မေလအစောပိုင်းမှာ ပင်လယ်မှရေခိုးရေငွေ့တွေကို သယ်ဆောင်လာပီး အောက်တိုဘာလကုန်အထိကြာပါသည်။ တနှစ်မိုးရေချိန်သည် ၇၅၀ မီလီမီတာရှိပြီး နိုင်ငံ့ပျမ်းမျှမိုးရေချိန်မှာ ၂၃၅၃.၀၆ မီလီမီတာရှိနေပါသည်။ မြို့နယ်သည် ပူပြင်းခြောက်သွေ့ခြင်းကို ခံနေရတာကြောင့် ကျေးရွာအုပ်စု အေ ဘီ ဒီ နှင့် အက်ဖ်တို့မှာ လွန်ခဲ့သောရာစုတွေမှာ ဆိုးဆိုးရွားရွား ခံစားခဲ့ရပါသည်။

၂

ဒီမြို့နယ်သည် နိုင်ငံ၏ ငလျင်ကြောဒေသထဲက ထိပ်ဆုံးမှာရှိနေသည်။ လွန်ခဲ့သော ၃နှစ် ကပဲ ဆိုးရွာသော ငလျင်လှုပ်ခဲ့ပီး မြို့တော်နဲ့ ကျေးရွာအုပ်စု အေ ဘီ ဒီနှင့် ဂျီ တွေမှာ ဖြစ်ပွားခဲ့သည်။၄င်း၏ ကျယ်ပြန့်သောကွင်းပြင်နဲ့ အဓိကမြစ်ရှိနေတာကြောင့်မြစ်ကမ်းပါးမှာရှိသော မြို့၂မြို့နှင့်ကျေးရွာအုပ်စု စီ နှင့် ဂျီ သည် မြစ်ကမ်းပါးတိုက်စားမှုများကိုခံစားရပါသည်။ သဘာဝအရင်းအမြစ်များဖြစ်သော မြေဆီလွှာပြုန်းတီးခြင်း သစ်တောများပြုန်းတီးခြင်း တို့သည် စိုက်ပျိုးရေး ထုတ်လုပ်ခြင်းကို မတည်ငြိမ်နိုင်မှုဖြစ်စေသည်။ အဓိကအကြောင်းပြချက်အဖြစ် လူဦးရေတိုးလာခြင်း ကျွဲနွားတိရိစ္ဆာန်များလာခြင်းနှင့်စက်ရုံနှင့်အိမ်တွင်းအသုံးပြုရန် အတွက် ထင်းလောင်စာများ လိုအပ်မှုတိုးလာခြင်းစသော အချက်များဖြစ်ပါသည်။ သို့သော်လည်း အဓိကအချက်အချာကျနေရာမှာရှိတဲ့အတွက် အဓိကမြို့ကြီးများနဲ့ ဆက်သွယ်နိုင်သော လမ်းပန်းဆက်သွယ်မှု နှင့်အမြန်လမ်းမကြီးနှင့်ကျေးရွာအုပ်စု များနှင့် ဆက်သွယ်နိုင်ခြင်းစသော အကျိုးတွေကိုခံစားနိုင်ပါသည်။ ထို့ကြောင့် များစွာသော အစိုးရမဟုတ်သောအဖွဲ့အစည်းများ(အန်ဂျီအို) များလုပ်ကိုင်နေကြသည်။ရာသီဥတု ပြောင်းလဲမှုနှင့်လိုက်လျောညီထွေစွာလုပ်ကိုင်နိုင်ရန်စသောလုပ်ငန်းများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာနအောက်ရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြေရေးဌာနနှင့် သစ်တော်ဌာနများနဲ့ပူးပေါင်းပြီး ကျေးရွာအုပ်စု ဘီ စီ ဒီ အက်ဖ် မှာ လုပ်နေကြပါသည်။ ကုလသမဂ္ဂအဖွဲ့အစည်းများကလည်းအသေးစားချေးငွေလုပ်ငန်းကို ဒီ ကျေးရွာအုပ်စုများတွင်လုပ်နေကြပါ သည်။

၁။ အဖွဲ့ ၂ ဖွဲ့အား ပါဝင်လုပ်ဆောင်သူများအဖြစ်သရုပ်ဆောင်ခိုင်းပါ။ (တစ်ဖွဲ့ ပြည်နယ်/တိုင်း ကိုယ်စားပြုနှင့် ကျန်တစ်ဖွဲ့က မြို့နယ်ကိုယ်စားပြု)၊ ကျန်အဖွဲ့ နှစ်ဖွဲ့ က စီမံချက်တာဝန်ခံများအဖြစ်သရုပ်ဆောင်ခိုင်းပါ။ အဖွဲ့ချင်းစီတွင် ပါဝင်သူများကို အောက်ပါအတိုင်း အခန်းကဏ္ဍခွဲထားသည်။

| ပါဝင်ဆောင်ရွက်မည့်သူများအဖွဲ့ | စီမံချက်အစီအစဉ်လုပ်ဆောင်မည့်အဖွဲ့ |
|---|---|
| အစိုးရဌာနများမှကိုယ်စားလှယ်များ<br>အစိုးရမဟုတ်သောအဖွဲ့များ<br>ကြက်ခြေနီအမှုဆောင်ကော်မတီ | စီမံချက်အစီအစဉ်ညှိနှိုင်းရေးမှူး<br>ကွင်းဆင်းအရာရှိ<br>ဗဟိုဌာနချုပ် မှတာဝန်ရှိပုဂ္ဂိုလ် |

၂။ စီမံချက်အစီအစဉ်လုပ်ဆောင်မည့်အဖွဲ့ က ၎င်းတို့၏ပါဝင်လုပ်ဆောင်မည့်ကိုယ်စားလှယ်အဖွဲ့ကို ၎င်းတို့ပြင်ဆင်ထားသောမေးခွန်းများမေးပြီး ပါဝင်လုပ်ဆောင်မည့်သူများအဖွဲ့ကသင်တန်းနည်းပြဆရာများပေးထားသောအချက်အလက်များကိုသုံး၍ခြေကြားပါ။ ၎င်းလုပ်ဆောင်ချက်ကိုလုပ်ဆောင်ရန အချိန် ၁၅ မိနစ်ပေးထားပါသည်။

၃။ မေးခွန်းမေးသောအဖွဲ့ကတလှည့်ပြောင်းပြီး လေ့ကျင့်ခန်းကိုပြန်လုပ်ပါ။ ၎င်းလုပ်ဆောင်ချက်ကိုလုပ်ဆောင်ရန်အချိန် ၁၅ မိနစ်ပေးထားပါသည်။

၄။ အဖွဲ့တိုင်းကမိမိတို့အတွေ့အကြုံများနှင့်စပ်လျဉ်း၍ဆွေးနွေးခိုင်းပါ။ (၁၅ မိနစ်)

က။ သတင်းအချက်အလက်များရရန်ခက်ခဲခြင်း

ခ။ ၎င်းတို့ကအဘယ်ကြောင့်လုပ်တောင်ခက်ခဲသည်ဟုထင်သလဲ(ဥပမာ–မေးခွန်းများ မေးနည်းကိုဖော်ပြထားပါသည်။)

ဂ။ လုပ်ငန်းစဉ်များကို ၎င်းတို့ မည်ကဲ့သို့လွယ်ကူစွာလုပ်ဆောင်နိုင်ပုံ

၅။ အဖွဲ့တိုင်းမှမိမိတို့ဆွေးနွေးထားသောရလဒ်များကို အဖွဲ့အားမျှဝေခိုင်းပါ။ အဖွဲ့ချင်းစီအား အချိန် (၅) မိနစ်ပေးပါ။

အဓိကမှတ်ချက်
"လုပ်ဆောင်ရန်" အောက်တွင် အမှတ်အသားပြထားသောအချက်များကို (ရပ်ရွာလူထု အခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲစာအုပ်၏အပိုင်း ၂ တွင်ကြည့်ပါ)သင်ခန်းစာအချိန်နှင့် သင့်တော်သောအချိန်တွင် အသုံးပြုနိုင်သည်။ သင်တန်းသားများအတွက်ဘေးအန္တရာယ်ကျရောက် လွယ်မှုအများဆုံးရှိသောရပ်ရွာများရွေးချယ်ရာတွင်သေချာမှုပြုနိုင်ရန်စစ်ဆေးရန်အချက်အလက်များ(ရပ်ရွာလူထု အခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲစာအုပ်၏အပိုင်း ၂ တွင်ကြည့်ပါ) ကို ပြထားသည်။



အခန်း ၂.၃

# ရပ်ရွာလူထု နှင့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များကိုဆော်ဩစည်းရုံးခြင်း

ကြာချိန်။ ၃ နာရီ
လိုအပ်သောပစ္စည်းများ။ ပရိုဂျက်တာ၊လေဆာညွှန်ပြတံ၊ကားချပ်အရှင်များ၊ မာကာများ
နည်းလမ်းများ။ တင်ပြဆွေးနွေးခြင်း၊ အဖွဲ့လိုက်လုပ်ဆောင်မှုနှင့်ဆွေးနွေးချက်များ
ရည်ရွယ်ချက်။ ဤသင်ခန်းစာအချိန်ပြီးစီးသောအခါသင်တန်းသားများသည်
- လူထုပါဝင်အောင်စည်းရုံးခြင်းလုပ်ငန်းစဉ်၏အကျိုးကျေးဇူးများကိုသိရှိနားလည်လာရန်
- ဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုကော်မတီကဲ့သို့အဖွဲ့ဖွဲ့ကာလူထုပါဝင်အောင်ဆော်ဩစည်းရုံးလာတတ်ရန်
- အသစ်ဖွဲ့စည်းလိုက်သော ဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှု ကော်မတီ ၏စွမ်းဆောင်ရည်လိုအပ်ချက်များကိုဖော်ထုတ်နိုင်ပြီးလိုအပ်သောအစီအစဉ်များကိုရေးဆွဲကာ သင့်တော်သောသင်တန်းများပို့ချပေးနိုင်ရန်

| အချိန် | လုပ်ငန်းများ | နည်းစနစ် | ဥပထောက်ကူပစ္စည်းများ |
|---|---|---|---|
| ၅ မိနစ် | သင်ခန်းစာ၏ရည်ရွယ်ချက်များကိုတင်ပြဆွေးနွေးပါ | ကိုတင်ပြဆွေးနွေးခြင်း | ပရိုဂျက်တာ M2S3 ပရိုဂျက်တာ၊ |
| ၆၀ မိနစ် | လူထုအားဆော်ဩစည်းရုံးခြင်း | ကိုတင်ပြဆွေးနွေးခြင်း၊မျက်နှာစုံညီဆွေးနွေးခြင်း | ပရိုဂျက်တာ M2S3 ပရိုဂျက်တာ၊ |
| ၃၀ မိနစ် | ဘေးအန္တရာယ်လျော့ပါးရေးကော်မတီများဖွဲ့စည်းခြင်း | တင်ပြဆွေးနွေးခြင်း၊ အမေးအဖြေများပြုလုပ်ခြင်း | ပရိုဂျက်တာ M2S3 ပရိုဂျက်တာ၊ |
| ၉၀ မိနစ် | ဘေးအန္တရာယ်လျော့ပါးရေးကော်မတီအားစွမ်းဆောင်ရည်မြှင့်တင် ပေးခြင်း | တင်ပြဆွေးနွေးခြင်း၊အဖွဲ့အလိုက်လေ့ကျင့်ခန်းများလုပ်ခြင်း အမေးအဖြေများပြုလုပ်ခြင်း | ပရိုဂျက်တာ M2S3 ပရိုဂျက်တာ၊ A4 စာရွက်များ |

## လုပ်ထုံးလုပ်နည်း

### ၁။ သင်ခန်းစာ၏ရည်ရွယ်ချက်များကိုတင်ပြခြင်း

ကြာချိန်။ ၅ မိနစ်
လိုအပ်သောပစ္စည်းများ။ ရိုဂျက်တာ၊ လေဆာညွှန်ပြတံ

ရည်ရွယ်လျက်များကိုတင်ပြရန် ပါဝါပွိုင့်တင်ပြချက်များကိုသုံးပါ။

### ၂။ လူထုအားဆော်ဩစည်းရုံးခြင်း

ကြာချိန်။ ၆၀ မိနစ်
လိုအပ်သောပစ္စည်းများ။ ပရိုဂျက်တာ၊ လေဆာညွှန်ပြတံ ၂ ကားချပ်အရှင်များနှင့် မာကာများ

*လူထုအားဆော်ဩစည်းရုံးခြင်း ဆိုသည်မှာအဘယ်နည်း(၂၀ မိနစ်)*

ပါဝင်လုပ်ဆောင်မည့်သူများဖြစ်သည့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းဆရာ/မများနှင့်ကျောင်းသူ/သားများကို စုရုံးခြင်းဖြစ်ပြီး ၄င်းတို့ကိုယ်တိုင် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများတွင် အန္တရာယ်ကျရောက်နိုင်ခြေ၊ စွမ်းဆောင်ရည်၊ အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်ထည်ဖော်ဆောင်ရွက်ခြင်း လုပ်ငန်းများတွင် နေရာဒေသအသီးသီးမှသက်ဆိုင်ရာဒေသအာဏာပိုင်များနှင့် ကျွမ်းကျင်သူများနှင့် အတူတကွတက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ရန်စုစည်းခြင်းဖြစ်သည်။ လုပ်ဆောင်မည့်အဖွဲ့များကို မြို့နယ်ဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုကော်မတီအောက်တွင် မိမိတို့နေရာဒေသတွင် တာဝန်းတာဝန်များဖြစ်သည့် ကာဆယ်ရေး လုပ်ငန်းများဖြစ်သည့် ထိခိုက်ခံရသူများကိုရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ၊ အသိပညာပြန့်ပွားရေး၊ ကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်သတိပေးလုပ်ငန်းများ၊

ထိခိုက်မှုလျော့ပါးရေးလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ထားမှု စသည့်လုပ်ငန်းများကို လုပ်ဆောင်နိုင်ရန်တာဝန်ပေးအပ်ထားသည်။ထိခိုက်မှုလျော့ပါးရေးလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ထားမှု စသည့်လုပ်ငန်းများကို လုပ်ဆောင်နိုင်ရန်တာဝန်ပေးအပ်ထားသည်။

| |
|---|
| သာမာန်အဓိပ္ပါယ်ဖွင့်ဆိုချက်<br>လူထုအားဆော်ဩစည်းရုံးခြင်းလုပ်ငန်းစဉ်သည် ဦးတည်ထားသောရပ်ရွာလူထုနှင့် ရင်းနီးကျွမ်းဝင် အောင်ပြုလုပ်ပြီး ၄င်းတို့၏မရှိမဖြစ်လိုအပ်သောစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းတို့အားပေါင်းစပ်ထား ခြင်းဖြစ်သည်။ |
| မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အဓိပ္ပါယ်ဖွင့်ဆိုချက်<br>လူထုအားဆော်ဩစည်းရုံးခြင်း ဆိုသည်မှာ ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၊ ရပ်မိရပ်ဖများ၊ကျောင်းဆရာ/မများနှင့် ကျောင်းသူ/သားများကဲ့သို့စီမံချက်တွင်ပါဝင်ဆောင်ရွက်မည့်သူများ က၄င်းတို့၏ဘေးအန္တရာယ်ကျရောက်မှုများကိုစစ်ဆေးပြီး စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ အဓိက စီမံချက်ဝန်ထမ်းများနှင့် ဘေးအန္တရာယ်လျော့ပါးရေး အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် ပါဝင်လုပ်ဆောင်မည့်သူများဖြစ်ကြပြီးဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများပါပါဝင်အောင်စည်းရုံး ခြင်းဖြစ်သည်။ ရပ်ရွာ/မြို့နယ်အဖွဲ့အစည်းများအောက်တွင် အဓိကအရေးပါသောအဖွဲ့ဖြစ်သည့်ဘေး အန္တရာယ်စီမံခန့်ခွဲရေးကိုဖွဲ့စည်းပြီး ရှာဖွေရေးနှင့်ကယ်ဆယ်ရေး၊ အသိပညာမြှင့်တင်ရေး ၊ကြိုတင်ပြင်ဆင်မှုများနှင့်ကြိုတင်သတိပေးမှုများ၊ထိခိုက်မှုလျော့နည်းအောင်ပြုလုပ်ခြင်းများ အစရှိသည့်သက်ဆိုင်ရာနည်ပါယ်တွင် တာဝန်များခွဲဝေပေးခြင်းဖြစ်သည်။ |

*လူထုအားဆော်ဩစည်းရုံးခြင်းသည်အဘယ်ကြောင့်အရေးကြီးသနည်း။ (၂၀ မိနစ်)*

ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများတွင်လူထုအားဆော်ဩစည်းရုံးခြင်းသည် အဘယ့်ကြောင့်အရေးကြီးသနည်းဆိုသည့်မေးခွန်းကို သင်တန်းသားများအားမေးပါ။ ၄င်းတို့ဖြေကြား သောအဖြေများကိုမှတ်သားထားပြီး လူထုအားဆော်ဩစည်းရုံးခြင်းအကျဉ်းချုပ် ပါဝါပွိုင့်ကားချပ်ကိုတင်ပြဆွေးနွေးပါ။ (အောက်တွင်ပြထားသောဇယားတွင်ကြည့်ပါ။) သင်တန်းသားများကပေးထားသောအဖြနှင့် ရှင်းလင်းတင်ပြချက်ဆက်နွယ်မှုများကို ဆွေးနွေးပါ။

| |
|---|
| လူထုအားဆော်ဩစည်းရုံးခြင်းကို ရပ်ရွာလူ ထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းအစီတွင် ထိပ်တန်းဦးစားပေးလုပ် ဆောင်ချက်တစ်ခုအဖြစ်ထည့်သွင်းစဉ်းစားရခြင်းမှာ–<br>• ရပ်ရွာလူထုအား ပါဝငါပူးပေါင်းဆောင်ရွက်ရန်အားပေးခြင်းဖြင့် တက်ကြွအောင်လုပ်ဆောင်ရာတွင်ကူညီပါ။<br>• ရပ်ရွာလူထု၏လိုအပ်ချက်များကိုဖော်ထုတ်နိုင်ရန်၊ အရေးပေါ်အချိန်တွင်၄င်းတို့သည်ပထမဦးဆုံးတုန်ပြန်လုပ်ဆောင်သူအဖြစ်သိရှိနားလည်ရန်နှင့် မိမိတို့နေရာဒေသတွင်အရေးပါသောသူများ အနေဖြင့် ထိုဒေသ၏ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် လူမှုရေးလုပ်ငန်းများကို သိရှိရန်အတွက် ၄င်းတို့၏စွမ်းစောင်ရည်ကိုမြှင့်တင်ပေးပါ။<br>• ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများနှင့်ပတ် သက်၍ ကောင်းမွန်သောလုပ်ဆောင်ချက်များလုပ် ဆောင်နိုင်ရန်နှင့်လူသားချင်းစာနာသောလုပ်ငန်း များကိုလုပ်ဆောင်နိုင်ရန် ရပ်ရွာလူထု၏အသိပညာဗဟုသုတများမြှင့်တင်ပေးပါ။<br>• အပြင်လူ–အတွင်းလူကွဲလွဲနေခြင်းမှာလျော့နည်း အောင်ကူညီပါ။<br>• ရပ်ရွာလူထုအတွင်းဘေးအန္တရာယ် များနှင့် လတ်တလောကြုံတွေ့ခဲ့ရသူများရှိရာ ရပ်ရွာလူထုအချင်းချင်းအပြန်အလှန်ကူညီနိုင်ပြီး အခြေအနေပြန်လည်ကောင်းမွန်ပြီး ပုံမှန်လုပ်ငန်း များလုပ်ဆောင်လာနိုင်ရန်ကူညီပါ။<br>• ခေါင်းဆောင်မှုစွမ်းရည်ကောင်းများနှင့် ကိုယ်ပိုင် လွတ်လပ်စွာဆုံးဖြတ်နိုင်အောင်ကူညီပါ<br>• ရပ်ရွာ လူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်း တွင်ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများလုပ်ဆောင်နိုင်ရန်ဆင့်ပွားသင်တန်းများပေးခြင်းဖြင့်ဘေးအန္တရာယ်လျော့ပါးရေးဆက်သွယ်သူများနှင့် လုပ်ဆောင်သူအသစ်များပေါ်ထွက်လာရန်ပြုစု ပျိုးထောင်ပေးပြီး ဆရာ/မနှင့် ကျောင်းသူကျောင်းသားများကို ဘေးအန္တရာယ်လျော့ပါးရေးအသိပညာဗဟုသုတ များ မျှဝေခြင်းဖြင့်လုပ်ဆောင်ပါ။ |

*ရပ်ရွာအဆင့်တွင်ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများတွင် ဓိကပါ၀င်လုပ်ဆောင်မည့် သူများမှာ မည်သူတွေဖြစ်သနည်း။ (၂၀ မိနစ်)*

မြန်မာနိုင်ငံအခြေအနေတွင်ရပ်ရွာအဆင့်တွင်ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများတွင် ဓိကပါ၀င်လုပ်ဆောင်မည့် သူများမှာ မည်သူတွေဖြစ်သနည် ဟူသောမေးခွန်းဖြင့် သင်တန်းသားများကို စတင်ဆွေးနွေးခိုင်းပါ။ (တုန့်ပြန်ချက်များကို မှတ်သားထားပါ)။


| ၃။ ရပ်ရွာတွင် ဘေးအန္တရာယ်လျော့ပါးရေးကော်မတီဖွဲ့စည်းခြင်း |
|---|
| ကြာချိန်။ ၃၀ မိနစ်<br>လိုအပ်သောပစ္စည်းများ။ ပရိုဂျက်တာ၊ လေဆာညွှန်ပြတံ |

*ဆွေးနွေးတင်ပြခြင်း (၂၀ မိနစ်)*

ဤတင်ပြဆွေးနွေးမှုသည် သင်ခန်းစာပို့ချသည့် ပုံစံဖြစ်ပြီး အောက်ပါ အကြောင်းအရာများပါ၀င်သည်။

- ဘေးအန္တရာယ်လျော့ပါးရေးကော်မတီဖွဲ့စည်း ခြင်းကိုလွှမ်းမိုးနေသောအချက်များ မှာ–ရရှိနိုင်သောအရင်းအမြစ်၊ ရပ်ရွာအဆင့် အဖွဲ့အစည်းများတည်ရှိမှုနှင့် လူထု၏ထင်မြင်တွေးခေါ်ယူဆချက်များ ဖြစ်သည်။ စီမံချက်လုပ်မည့်နေရာရှိ ရှိပြီးသား ဖွဲ့စည်းတည်ဆောက်မှုနှင့် ကောင်းကျိုးဆိုးကျိုးများကျရယူပါ။
- ဘေးအန္တရာယ်လျော့ပါးရေးကော်မတီဖွဲ့စည်းရာ တွင်ပါ၀င်သောလုပ်ဆောင်ရမည့်အချက်များမှာ(ပုံ ၁ တွင်ကြည့်ပါ)–
    - \+ အခြေအနေစစ်ဆေးခြင်း
    - \+ လုပ်ငန်းတာ၀န်များချမှတ်ခြင်း (လုပ်ဆောင်ရမည့် တာ၀န်နှင့်၀တ္တရားများကိုဖော်ပြထားပြီးဖြစ်သည်။)
    - \+ အဓိက လူထုကိုဖော်ထုတ်ရွေးချယ်ခြင်း
    - \+ ရပ်ရွာဘေးအန္တရာယ်လျော့ပါးရေးကော် မတီအားအတည်ပြုခြင်း
    - \+ လုပ်ငန်းတာ၀န်များကို မိတ်ဆက်ပေးခြင်း
    - \+ ရပ်ရွာလူထုအားအကြောင်းကြားခြင်း

ပုံ ၁။
းအန္တရာယ်လျော့ပါးရေးေ
ကာ်မတီဖွဲ့စည်းခြင်း




*အမေးအဖြေကဏ္ဍ (၁၀ မိနစ်)*

လုပ်ခဲ့ပြီးသောဆွေးနွေးတင်ပြမှုပေါ်တွင် မေးခွန်းများမေးခြင်းဖြင့် ခဏတာဆွေးနွေးမှုတစ်ခု ပြုလုပ် ခြင်းဖြင့်စတင်ပါ။ ပိုမိုတိကျသောသတင်းအချက်အလက်များရရန်ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ် လျော့ပါးရေးလက်စွဲစာအုပ် အပိုင်း ၄ တွင်ကြည့်ရှုနိုင်ပါသည်။

၄။ ဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှု ကော်မတီအားစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း

ကြာချိန်။ ၉၀ မိနစ်
လိုအပ်သောပစ္စည်းများ ရိုဂျက်တာ၊လေဆာညွှန်တံ၊ ကားချပ်အရွယ်များ၊ မာကာများ၊ A4စာရွက်များ

*အပြန်အလှန်ဆွေးနွေးတင်ပြခြင်း (၄၅ မိနစ်)*

အစီစဉ်စစခြင်းတွင် "ဘေးအန္တရာယ်လျော့ပါးရေးဌာနများအတွက်စါမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ပထမဦးဆုံးလုပ်ဆောင်ရမည့်အချက်မှာအဘယ်နည်း" ဟူသောမေးခွန်းကို သင်တန်းသားများအားမေးပါ။ ထိုအချင်းအရာသည်သင်တန်းလိုအပ်ချက်များကိုဖော်ထုတ်ရန်ဖြစ်သည်။ နောက်ထပ်မေးရမည့်မေးခွန်းမှာ "ဘယ်လိုပြီးမြောင်အောင်လုပ်ဆောင်နိုင်သလဲ" ဖြစ်သည်။ ဖြစ်နိုင်ခြေရှိသောအဖြေများမှာ မေးခွန်းလွှာများ၊ တိုက်ရိုက်လေ့လာကြည့်ရှုခြင်းများ(သို့) တွေ့ဆုံမေးမြန်းခြင်း(သို့) ထို၃ ခုကိုပေါင်းစည်းဖြင့်လည်းဖြစ်နိုင်သည်။ သင်တန်းသားများအချင်းချင်း ၄င်းတို့အသုံးပြုမည့်နည်းစနစ်၏ အားသာချက် နှင့် အားနည်းချက်များကိ ဆွေးနွေးခိုင်းပါ။

ပြီးလျှင် သင်တန်းလိုအပ်ချက်များစစ်ဆေးခြင်းတွင်ပါဝင်သည့်လုပ်ဆောင်ချက်များကို ပါဝါပွိုင့်အချပ် များသုံး၍ရှင်းပြပါ။

- ဦးတည်ထားသောနေရာတွင်ဘေးအန္တရာယ်လျော့ပါးရေးနှင့်ပတ်သက်၍သင်တန်းပေးပြီးခြင်းရှိမရှိကွဲကွဲပြားပြားသိနိုင်ခြင်း
- ဦးတည်ထားသော တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေပြုလုပ်ခြင်း
- ပို့ချမည့်သင်တန်းအချိန်စာရင်းရေးဆွဲပြုစုခြင်း (ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးနှင့် အဖွဲ့အစည်းများစီမံခန့်ခွဲမှု)
- သင်တန်းအချိန်ဇယားရေးဆွဲခြင်း
- သင်တန်းအစီအစဉ်ရေးဆွဲခြင်းနှင့် သင်တန်းပို့ချခြင်း (သင်တန်းဆရာသတ်မှတ်ခြင်း၊ နေရာနှင့် ကုန်ကျစရိတ်တွက်ချက်သတ်မှတ်ခြင်း)

ပုံ ၁
တည်ထားသောနေရာလွှသေ
ဦးတည်ထားသောနေရာလွှသေတွ




ထက်ပါအချက်အလက်များကိုရှင်းပြပါ။ "သင်တန်းလိုအပ်ချက်စစ်ဆေးခြင်းပြုလုပ်ခြင်းနှင့် သင်တန်းအစီအစဉ်ရေးဆွဲခြင်းအတွေ့အကြုံများ မည်သူတွင်ရှိသနည်း" စသည့်မေးခွန်းကိုသင် တန်းတွင် တက်ရောင်သူများအားမေးပါ။ သင်တန်းသားများအား ၄င်းတို့မျှဝေချင်သော အတွေ့အကြုံများကို လက်ထောင်ခွင့်တောင်းကာ မျှဝေခွင့်ပေးပါ။

*အဖွဲ့လိုက်လေ့ကျင့်ခန်းလုပ်ခြင်း(၃၀မိနစ်)*

ထိုလေ့ကျင့်ခန်းအတွက်အဖွဲ့တိုင်းအား အောက်ပါမေးခွန်းများကိုဖြေခိုင်းပါ။

၁။ သင်၏လုပ်ငန်းခွင်မှရရှိသော အတွေ့အကြုံ ပေါ်တွင်မူတည်၍ ဘေးအန္တရာယ်စီမံခန့်ခွဲရေး ကော်မတီ၏အရေးကြီးသော သွင်ပြင်လက္ခဏာ အချက် ၂ ခုမှာ အဘယ်နည်း။



၂။ ဘေးအန္တရာယ်စီမံခန့်ခွဲရေး ကော်မတီ၏အခြေ ခံကျသောလုပ်လုပ်ငန်းများအတွက် မည်ကဲ့သို့သောသင်တန်းများကအရေးကြီးသနည်း။

၃။ သင်တန်းဖွင့်လှစ်သောအခါတွင်ရင်ဆိုင်ကြုံ တွေ့ရသောအခက်အခဲများမှာအဘယ်နည်း၊ မည်ကဲ့သို့ဖြေရှင်းသနည်း။

အဖွဲ့အားဆွေးနွေးရန်အတွက် အချိန် ၁၅ မိနစ်သာ ပေးသင့်ပါသည်။ အဖွဲ့ကဆွေးနွေးမှုမှရရှိလာသော ရလဒ်အားတင်ပြပမည်။ သင်တန်းပံ့ပိုးသူက ဆွေးနွေးမှုကို ၅ မိနစ်တာမျှ အနှစ်ချုပ်ပြီးတင်ပြဆွေးနွေးမှုမစခင် အရေးကြီး သောအချက်များထုတ်ပြပါ။

အဓိကမှတ်ချက်
"တွေးဆရန်အချက်" အောက်တွင်ပေးထားသော အချက်အလက်များ(ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲစာအုပ် အခန်း ၄ တွင်ကြည့်ပါ) ကိုတင်ပြဆွေးနွေးမှုအမျိုးမျိုး၊ ဆွေးနွေးခြင်းနှင့်သင့်တော်သလိုအသုံးပြုသင်သည်။

*အမေးအဖြေကဏ္ဍ (၁၅ မိနစ်)*

အခန်း ၂.၃ နှင့် ဆိုင်သော မေးခွန်းများကို မေးခွင့်ပေးပါ။

အခန်း

၂.၄

# ရပ်ရွာလူထု၏ လိုအပ်ချက်များကိုဖော်ထုတ်ခြင်း

ကြာချိန်။ ၃ နာရီ
လိုအပ်သောပစ္စည်းများ။ ပရိုဂျက်တာ၊လေဆာညွှန်တံ၊ ကားချပ်အရှုံများ၊ မာကာများ၊ ပါဝင်ဆောင်ရွက်မည့်သူများနာမည်ကဒ်ပြားများ၊ A4 စာရွက်များ
နည်းလမ်းများ။ ဆွေးနွေးတင်ပြခြင်း၊အဖွဲ့လိုက်လုပ်ဆောင်ခြင်းနှင့်ဆွေးနွေးခြင်း
ရည်ရွယ်ချက်။

- ဤသင်ခန်းစာအချိန်ပြီးဆုံးသောအခါတွင် တက်ရောက်သူသင်တန်းသား/သူ များသည်
- ရပ်ရွာ ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများနှင့်ပတ်သက်၍လိုအပ်ချက် များကျဖော်ထုတ်နိုင်ပြီး အဓိကလုပ်ဆောင်ရမည့်အချက်များကို နားလည် လာမည်။
- မတူညီသောစစ်ဆေးမှုကိရိယာများကိုရှင်းပြလာနိုင်မည်
- အကောင်းဆုံးရလဒ်များရရှိနိုင်ရန် မည်သည့်လက်နက်ကို မည်သည့်စစ်ဆေး မှုတွင်အသုံးပြုရမည်ကိုဆုံးဖြတ်တတ်လာမည်
- ရပ်ရွာ ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများနှင့်ပတ်သက်၍လိုအပ်ချက် များ ကိုဖော်ထုတ်ရန် ကဏ္ဍပေါင်းစုံစစ်ဆေးခြင်းကိုလုပ်ဆောင်လာတတ် နိုင်မည်

| အချိန် | လုပ်ငန်းများ | နည်းလမ်း | ပစ္စည်းများ |
|---|---|---|---|
| ၅ မိနစ် | သင်ခန်းစာ၏ ရည်ရွယ်ချက်များကိုရှင်းလင်းတင်ပြပါ | ဆွေးနွေးတင်ပြခြင်း | ပရိုဂျက်တာ၊ သင်ခန်းစာ M2S4 |
| ၁၀ မိနစ် | ကဏ္ဍပေါင်းစုံစစ်ဆေးခြင်းအားမိတ်ဆက်ဆက်ပေးခြင်း | ဆွေးနွေးတင်ပြခြင်း | ပရိုဂျက်တာ၊ သင်ခန်းစာ M2S4 |
| ၂ နာရီ ၁၅ မိနစ် | ကဏ္ဍပေါင်းစုံစစ်ဆေးခြင်းလုပ်ငန်းများလုပ်ဆောင်ခြင်း | ဆွေးနွေးတင်ပြခြင်း၊ အမေးအဖြေကဏ္ဍ | ပရိုဂျက်တာ၊ သင်ခန်းစာ M2S4 |

## လုပ်ထုံးလုပ်နည်း

### ၁။ သင်ခန်းစာ၏ ရည်ရွယ်ချက်များကိုတင်ပြခြင်း

ကြာချိန်။ ၅မိနစ်
လိုအပ်သောပစ္စည်းများ။ ရိုဂျက်တာ၊ လေဆာညွှန်ပြတံ

ရည်ရွယ်လျက်များကိုတင်ပြရန် ပါဝါပွိုင့်တင်ပြချက်များကိုသုံးပါ။

### ၂။ ကဏ္ဍပေါင်းစုံစစ်ဆေးခြင်းမိတ်ဆက်

ကြာချိန်။ ၃၀ မိနစ်
လိုအပ်သောပစ္စည်းများ။ ပရိုဂျက်တာ၊ လေဆာညွှန်ပြတံ ၂ ကားချပ်အရှင်များနှင့် မာကာများ

လုပ်ဆောင်ချက်သည် သင်တန်းသားများအကြားအဓိကအားဖြင့် ခဏတာမျှ ပွင့်လင်းစွာဆွေးနွေးတင်ပြသောလုပ်ဆောင်ချက်ဖြစ်သည်။ သင်တန်းနည်းပြဆရာက အောက်ပါမေးခွန်းများမေး၍ သင်တန်းသားများဆွေးနွေးမှုတွင် တက်ကြွအောင် လှုံ့ဆော်ပေးခြင်းဖြင့်စ တင်ပါ။

- ကဏ္ဍပေါင်းစုံမှုစစ်ဆေးခြင်းဆိုသည်မှာအဘယ်နည်း။
- အဘယ်ကြောင့်လိုအပ်သနည်း။

- စစ်ဆေးမှုကို မည်သူကလုပ်မည်နည်း။
- စစ်ဆေးမေးမြန်းခံမည့်သူမှာ အဘယ်နည်း။
- စစ်ဆေးမေးမြန်းခံမည့်အဖွဲ့ကိုမည်ကဲ့သို့သေချာအောင်ပြုလုပ်နိုင်သနည်း။
- မည်ကဲ့သို့သောသတင်းအချက်အလက်များကောက်ယူမည်နည်း။
- စစ်ဆေးမှုရလဒ်များကို မည်သည့်အရာအတွက်အသုံးပြုမည်နည်း။

သင်တန်းသားများမေးခွန်းဖြေဆိုရာတွင် တုန့်ပြန်မှုနှင့် ငြင်းခုံဆွေးနွေးခြင်းအတွက်၁၀ မိနစ်အချိန်ပေးပါ။ တုန်ပြန်ဖြေဆိုချက်များကို ကားချပ်အရှင်ပေါ်ချရေးပါ။ သင်တန်းသားများအား သတင်းအချက်အလက်များကောက်ယူရာတွင် ဆောင်ရန်ရှောင်ရန်များကိုလည်းပြောပြထားရသည်။ အောက်ပါအချက်များသည် ပါဝါပွိုင့်ကားချပ်တွင် သင်တန်းသားများအားတင်ပြမည့် ဆောင်ရန်ရှောင်ရန်များဖြစ်သည်။

- သင်မှာရှိပြီးသားသတင်းအချက်အလက်များကို မယူပဲ ကိုယ်ကိုတိုင် လေ့လာကြည့်ရှုပြီး ပြန်လည်စစ်ဆေးပါ။
- ပွဲ့ပိုးကူညီပါ။ မလွှမ်းမိုးပါနှင့်။ မနှောက်ယှက်ပါနှင့်။ မနှောင့်နှေးပါစေနှင့်။
- ၄င်းတို့နှင့်ကိုက်ညီသောမှသာတွေ့ပါ။
- ရွာထဲတွင် အချိန်ရနိုင်သမျှနေပါ။
- လူအများထံမှစိတ်ဝင်စားမှုကိုပြပါ။
- တုန့်ပြန်မှုများကိုသံသယရှိသည့်ပုံစံ(သို့)မယုံကြည်သည့်ပုံစံ မပြရပါ။

၃။ ကဏ္ဍာပေါင်းစုံစစ်ဆေးမှုပြုလုပ်ခြင်း

ကြာချိန်။ ၂ နာရီ ၁၅ မိနစ်
လိုအပ်သောပစ္စည်းများ။ ပရိုဂျက်တာ၊ လေဆာညွှန်ပြတံ ၂ ကားချပ်အရှင်များနှင့် မာကာများ၊ A4စာရွက်များ၊ ပါဝင်လုပ်ဆောင်မည့်သူများအမည်ကဒ်များ

*ကဏ္ဍာပေါင်းစုံစစ်ဆေးမှုပြုလုပ်ခြင်း အဆင့်ဆင့်ကိုတင်ပြဆွေးနွေးခြင်း (၃၀ မိနစ်)*

ကဏ္ဍာပေါင်းစုံစစ်ဆေးမှုပြုလုပ်ခြင်းလုပ်ငန်းစဉ်တွင် လုပ်ငန်းဆင့်အမျိုးမျိုးကို အတို ချုပ်ရှင်းပြပြီး လုပ်ငန်းစဉ်တိုင်းအားအဘယ့်ကြောင့်လုပ်ရသည်ကိုရှင်းပြပါ။ တွေးဆရန်အချက်များ(ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲစာအုပ်အပိုင်း ၅ တွင်ကြည့်ပါ)ကို သင့်တော်သောလှုပ်ရှားမှုများတွင် ထင်ရှားအောင်ပြသထားသင့်သည်။

လူထုပါဝင်မှုဖြင့်စစ်ဆေးမှုများပြုလုပ်ခြင်းလုပ်ငန်းစဉ်တွင်လုပ်ဆောင်ရမည့်အဓိကအချက် များမှာ

အဓိကမှတ်ချက်။ သင်တန်းသားများများသည် ဆွေးနွေးမှုများပြုလုပ်ရာတွင်အမျိုးမျိုးသော စစ်ဆေးမှုကိရိယာများသည် လက်တွေ့အဖွဲ့လိုက်လေ့ကျင့်ခန်းလုပ်ခြင်းမှရလာသောစစ်ဆေးမှုကိရိယာများပေါ် တွင် မူတည်ဆွေးနွေးကြောင်းသေချာအောင်ပြုလုပ်သည်။

*ဏစ်ဆေးမှုကိရိယာများနှင့်မိတ်ဆက်ပေးခြင်း (၁ နာရီ ၁၅ မိနစ်)*

စစ်ဆေးမှုများပြုလုပ်ရာတွင် ယေဘုယျအသုံးပြု လေ့ရှိသော စစ်ဆေးနည်းပုံစံများကိုအောက်တွင် ဖော်ပြထားသည်။

- ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံဆွဲခြင်း
- အန္တရာယ်ပြမြေပုံဆွဲခြင်း
- လူမှုရေးနှင့် ရုပ်ပိုင်ဆိုင်ရာထိခိုက်လွယ်မှုပြမြေပုံဆွဲခြင်း

- အရင်းမြစ်နှင့် စွမ်းဆောင်ရည်ပြမြေပုံဆွဲခြင်း
- တိုက်ရိုက်ကြည့်ရှုလေ့လာခြင်း
- ရပ်ရွာအတွင်းဖြတ်လျှောက်ခြင်း
- ရာသီအလိုက်အဖြစ်အပျက်အကြောင်းအရာများကို ပြသောပြက္ခဒိန်
- ရပ်ရွာအတွင်းအကျိုးပြုအဖွဲ့အစည်းများပြ အကြီးအသေးအီးအဝေးပြပုံဆွဲခြင်း(ချပါတီ၊ရိုတီပုံ)
- စံတစ်ဝက်ပြု စစ်ဆေးမေးမြန်းခြင်း/ဦးတည်အုပ်စုဆွေးနွေးခြင်း
- ရာဇသမိုင်းကြောင်းအကျဉ်း

သတင်းအချက်အလက်များခွဲခြမ်းစိတ်ဖျာရန်အတွက် အဓိကအသုံးပြုသောနည်းနှစ်မျိုးမှာ–အဆင့်ခွဲခြင်း နှင့် အမြင်နှင့်ခွဲခြမ်းတို့ ဖြစ်သည်။နည်းကိရိယာတစ်ခုခြင်းစီကိုအသေးစိတ်ကို မေးခွန်း၄ ခုဖြင့်ခွဲခြားပြထားသည်– ဒီအရာကဘာလဲ။ မည်သည့်အတွက်ကြောင့်လုပ်ဆောင်ရသနည်း။ မည်သူကလုပ်သလဲ။ မည်ကဲ့သို့လုပ်မှာလဲ။ (ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လက်စွဲ စာရိုဇယား၁၅တွင်ကြည့်ပါ။) မည်သည့်စစ်ဆေးမှုသည် အကောင်းဆုံးလေ့လာမှုဖြစ်သည်ကိုအောက်ပါအတိုင်းရှင်းပြထားသည်။

အပြန်အလှန်ပြောဆိုမှုရရှိရန် သင်တန်းသားများအား ထိုစစ်တေးမှု နည်းလမ်းနှစ်ခုမှ မည်သည့်နည်းကို အသုံးပြုခဲ့ဖူးကြောင်းမေးပြီး ၄င်းတို့၏အမြင်နှင့် ထင်မြင်ယူဆချက်များကို မျှဝေခိုင်းပါ။ ထိုအချင်းအရာ သည်သင်တန်းနည်းပြဆရာများအား စစ်ဆေးနည်းကိရိ ယာပေါ်တွင်အရေးပါသောသတင်းအချက်များနှင့်အတူ လိုအပ်ချက်များကို လိုတိုးပိုလျော့လုပ်နိုင်ရန် အထောက် ကူပြုသည်။

*လေ့ကျင့်ခန်း – လူတိုင်း၏ထင်မြင်ယူဆချက်များရ ယူခြင်း (၃၀ မိနစ်)*

ဤလုပ်ဆောင်ချက်သည်စစ်ဆေးမှုများသည်မှန်ကန်သော လူထုပါဝင်မှုနှင့်ပါဝင်လုပ်ဆောင်မည့်အဖွဲ့များပါဝင်သောစစ်ဆေးမှုဖြစ်ရန်အတွက်နည်းဗျူဟာများချမှတ်ရန်ရည်ရွယ်သည်။ အဖွဲ့ခြင်းအလိုက် ပေးထားသော ပါဝင်လုပ်ဆောင်မည့်လူများနာမည်ကဒ်အတွဲကို အသုံးပြုရပါမည်။ ကဒ်တစ်ခုခြင်းစီတွင် ပါဝင်လုပ်ဆောင်မည့်သူများ၏အမည်ပါရှိသည် (ရွာလူကြီး၊ အစိုးရကိုယ်စားလှယ်၊ စီးပွား ရေးလုပ်ငန်းရှင်၊ဆရာ/မ၊ ကျန်းမာရေးဝန်ထမ်း၊ ရဲ၊ အမျိုးစမီးအဖွဲ့အစည်းကိုယ်စားလှယ်၊ မသန်စွမ်းသူ၊ သက်ကြီးရွယ်အို၊ တံငါသည်၊ အိမ်ထောင်ရှင်မ၊ လယ်သမား၊ ကျောင်းသူ/သား) စသည်ဖြင့်ပါရှိပြီး လူပဂ္ဂိုလ် များ၏အကျဉ်းချုပ်ဖော်ပြချက်နှင့် ရပ်ရွာအတွင်းရှိ၄င်းတို့၏တာဝန်များကိုပါဖော်ပြထားသည်။ သင်တန်းသားများအား နှစ်ဦးစီတွဲပြီး တစ်တွဲစီအား ကဒ် ၂ ကဒ်ပေးပြီးလျှင် ပါဝင်ဆောင်ရွက်မည့်သူနှစ်ဦး စလုံးအတွက် မေးခွန်းထုတ်ခိုင်းပါ။

- (ရပ်ရွာအုပ်ချုပ်ရေးမှူး)ထိုပုဂ္ဂိုလ်ထံမှမည်ကဲ့သို့သော သတင်းအချက်အလက် များရရှိနိုင်သနည်း။
- ထိုပုဂ္ဂိုလ်သည်ကဏ္ဍပေါင်းစုံစစ်ဆေးမှု တွင်ပါဝင်နိုင်အောင်မည်သို့လုပ်ဆောင်မည်နည်း။

သင်တန်းသားများသည်ပါဝင်လုပ်ဆောင်မည့်သူတစ်ဦးချင်စီအတွက ါ အချက်၃ ချက်ဖော်ပြရန်လိုအပ်သည်။ အဖြေများကို A4 စာရွက်များပေါ်တွင်ရေးချပြီး လူတိုင်း မြင်နိုင်ရန် သင်ပုန်းနံရံပေါ်တွင်ကပ်ပြီးပြသထားပါ။

ပါဝင်လုပ်ဆောင်မည့်သူများ၏အကြောင်းအရာများနမူနာ

ရွာခေါင်ဆောင်– ကျေးရွာဖွံ့ဖြိုးရေးကောင်စီမှအဖွဲ့ဝင်တစ်ဦးဖြစ်သည်။သို့သော် ၄င်း၏အချိန်ပြည့်အ လုပ်အကိုင်မှာ ဆန်စက်ကိုစီမံခန့်ခွဲရခြင်းဖြစ်သည်။ ထိုရွာတွင်နေထိုင်ခဲ့သည်မှာ သူသက်တမ်းတစ်လျှောက် ၅၅ နှစ်ရှိပြီဖြစ်သည်။ ရွာရှိဘာသာရေးကိစ္စများတွင် အလွန်တက်ကြွစွာပါ ဝင်လုပ်ဆောင်သူဖြစ်သည်။

ကျောင်းဆရာ– မူလတန်းပြဆရာဖြစ်တစ်ယောက်။ နိုင်ငံတောင်ဘက်ပိုင်မှလာရေရာက်ပြီ ရွာတွင်နေထိုင်လာရာ ၂နှစ်ရှိပြီဖြစ်သည်။

အိမ်ထောင်ရှင်မ– ဆန်စက်အလုပ်သမားတစ်ယောက်၏အမျိုးသမီးဖြစ်သည်။ ရွာကျောင်းတွင် မူလတန်း၌ပညာသင်ကြားနေသောကလေးတစ်ဦးရှိသည်။



အခန်း

၂.၅

## အခန်း ၂.၅။ အစီအစဉ်ရေးဆွဲခြင်း

ကြာချိန်။ ၁ နာရီ ၃၀ မိနစ်
လိုအပ်သောပစ္စည်းများ။ ပရိုဂျက်တာ၊လေဆာညွှန်တံ၊ ကားချပ်အရွှမ်များ၊ မာကာများ၊ ဗင့်စာရွက်များ
နည်းလမ်းများ။ ဆွေးနွေးတင်ပြခြင်း၊ အဖွဲ့လိုက်လုပ်ဆောင်ခြင်း၊ ဆွေးနွေးခြင်း
ရည်ရွယ်ချက်။

- ဤသင်ခန်းစာအချိန်ပြီးစီးသောအခါတွင် သင်တန်းသူ /သားများသည်
- ကဏ္ဍပေါင်းစုံစစ်ဆေးခြင်း၏ ရလဒပေါ်တွင်မူတည်၍ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံချက်အစီအစဉ်များရေးဆွဲရာတွက်ကြီးကြပ်လာနိုင်မည်။
- အခကကျသောဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများကို လူထုပါဝင်ပူးပေါင်းဆောင်ရွက်နည်းလမ်းကိုအသုံးပြုနိုင်မည်။

| အချိန် | လုပ်ငန်းများ | နည်းစနစ် | ဥပဒေထောက်ကူပစ္စည်းများ |
|---|---|---|---|
| ၅ မိနစ် | သင်ခန်းစာ၏ ရည်ရွယ်ချက်များကိုရှင်းလင်းတင်ပြပါ | ဆွေးနွေးတင်ပြခြင်း | ပရိုဂျက်တာ၊ သင်ခန်းစာ M2S5 |
| ၁၀ မိနစ် | လူထုပါဝင်မှုဖြင့်အစီစဉ်ရေးဆွဲခြင်းအားမိတ်ဆက်ခြင်း | ဆွေးနွေးတင်ပြခြင်း | ပရိုဂျက်တာ၊ သင်ခန်းစာ M2S5 |
| ၈၀ မိနစ် | ရပ်ရွာအဆင့်ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်ချမှတ်ရေးဆွဲခြင်း | ဆွေးနွေးတင်ပြခြင်း၊ အဖွဲ့လိုက်လေ့ကျင့်ခန်းလုပ်ဆောင်ခြင်း | ပရိုဂျက်တာ၊ သင်ခန်းစာ M2S5 |

### လုပ်ထုံးလုပ်နည်း

၁။ သင်ခန်းစာ၏ ရည်ရွယ်ချက်များကိုတင်ပြခြင်း

ကြာချိန်။ ၅မိနစ်
လိုအပ်သောပစ္စည်းများ။ ရိုဂျက်တာ၊ လေဆာညွှန်ပြတံ

ရည်ရွယလျက်များကိုတင်ပြရန် ပါဝါပွိုင့်တင်ပြချက်များကိုသုံးပါ။

၂။ လူထုပါဝင်မှုဖြင့်အစီစဉ်ရေးဆွဲ ခြင်းအားမိတ်ဆက်ခြင်း

ကြာချိန်။ ၁၀ မိနစ်
လိုအပ်သောပစ္စည်းများ။ ပရိုဂျက်တာ၊ လေဆာညွှန်ပြတံ

လူထုပါဝင်မှုဖြင့်အစီစဉ်ရေးဆွဲခြင်းအားမိတ်ဆက် ခြင်းသည်သင်တန်းသားများအား “လူထုပါဝင် မှုဖြင့်အစီစဉ်ရေးဆွဲခြင်းဆိုသည်မှာ အဘယ်နည်း” ဟူသောမေးခွန်းမေး၍ အပြန်အလှန် တင်ပြဆွေးနွေးခြင်းလုပ်ငန်း ဆောင်တာတစ်ခုဖြစ်သည်။ ၅မိစ်ကြာမှ ဆွေးနွေးမှုပြုလုပ်ပြီးသောအခါ ပါဝါ ပွိုင့်ဆလိုက်တွင်ပါသော အဓိပ္ပါယ်ဖွင့်ဆိုချက် အားရှင်းပြပါ။

*အစီအစဉ်ရေးဆွဲခြင်းလုပ်ငန်းစဉ်သည် ပါဝင် လုပ်ဆောင်မည့်သူများအားလုံး အဆင်ဆင့်လိုက် ပါဝင်ညှိနှိုင်းဆွေးနွေးခြင်းဖြစ်သည်။ ဒေသနှင့်လျော်ညီသော(ခလေ့ထုံးစံ၊ဘာသာရေး၊လူမှု ရေးနှင့်စီပွားရေးကဏ္ဍ)များတွင် ရပ်ရွာလူထုကရင်ဆိုင်နေရသောအန္တရာယ်၊အန္တရာယ်ကျ ရောက်နိုင်မှု၊ထိခိုက်လွယ်မှုတို့ကိုလျော့ချနိုင်ရေး ရည်ရွယ်၍ ဘေးအန္တရာယ်လျော့ပါးလုပ်ငန်းများလုပ် လုပ်ဆောင်ရန်အစီစဉ်ချမှတ်ရာ၌ အဖွဲ့အချို့၏ပဝင်မှုမှာအခြားအဖွဲ့များထက် ပို၍ မြန်ဆန်သည်။*

အစီအစဉ်ရေးဆွဲမှု လုပ်ငန်းစဉ်အောင်မြင်နိုင်သည့် အကျိုးကျေးဇူးများအကြောင်းဆွေးနွေးခြင်းကိုဆက်လက်လုပ်ဆောင်ပါ။ သင်တန်းသားများအား သုံးခု(သို့) အချက်၄ ခုကို အမည်ပေးခိုင်းပြီး အကျိုး ကျေးဇူးများတင်ပြထားသော ပါဝါပွိုင့်အချပ်အားရှင်းပြ (ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ် လျော့ပါးရေးလက်စွဲစာအုပ် အပိုင်း ၆၊ အခန်း ၆.၁.၂ တွင်ကြည့်ပါ)မှာ အောက်ပါအတိုင်းဖြစ်သည်။

- ရပ်ရွာလူထု၏အမြင်ကိုရယူရမည်။
- ရပ်ရွာလူထုကပါဝင်ထည့်ဝင်မှု(အရင်းမြစ်၊ လုပ်အား)တို့ကို ပါဝင်လုပ်ဆောင်မည့်သူများ ကချမှတ်သဘောတူညီမှုရထားသောအစီအစဉ်တစ်ခု ချင်းစီကိုကြည့်ခြင်းဖြင့်သေချာအောင် လုပ်ဆောင်ရမည်။
- ပြီးပြည့်စုံသောဘေးအန္တရာယ်လျော့ပါးရေး အသီအစဉ်သည် ငွေကြေးထောက်သူ(သို့) အလှူရှင် များက ကွာဟချက်များကိုဖြည့်စည်း ပေးနိုင်ရန်အတွက်အဆိုပြုလွှာတစ်ခုအဖြစ် အသုံးဝင်နိုင်သည်။
- ရပ်ရွာလူထုကအစီစဉ်အစမှအဆုံးထိတက်ကြွ စွာပါဝင်ခြင်းဖြင့် ကြီးမားသော လုပ်ပိုင်ခွင့်ရရှိအောင်အားပေးသည်။
- ရပ်ရွာလူထုအခြေပြုနှင့် ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်းကျွမ်းကျင်မှုအခွင့်အရေးများကို စီမံချက်ကာလအလွန်အထိ ပေးစွမ်းနိုင်စွမ်းရှိသည်။

| ၃။ ရပ်ရွာအဆင့်ဘေးအန္တရာယ်လျော့ ပါးရေးအစီအစဉ်ချမှတ်ရေးဆွဲခြင်း |
| --- |
| ကြာချိန်။ ၂၀ မိနစ်<br>လိုအပ်သောပစ္စည်းများ။ ပရိုဂျက်တာ၊ လေဆာညွှန်ပြတံ၊ကားချပ်အရှင်များ၊ မာကာများ၊ ဗင်စာရွက်များ |

## *လူထုပါဝင်မှုဖြင့်အစီစဉ်ရေးဆွဲခြင်းအောက်တွင် အမျိုးမျိုးသောအဆင့်များကိုအပြန်အလှန်ဆွေးနွေး တင်ပြခြင်း*

**အဆင့်၁ – အစီအစဉ်ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင်လူထုပါဝင်ခြင်း** ရပ်ရွာလူထုအားအစီအစဉ်ရေးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင်ပါဝင်ရန်အကြောင်းကြားပြီး ရပ်ရွာမှစေတနာ့လုပ်အားရှင်များဖိတ်ခေါ်ပါ။ သင်တန်းသားများအား "ရပ်ရွာအစီအစဉ်ရေးဆွဲ ခြင်းတွင်မည်သူတွေပါဝင်သင့်သနည်း" ဟူသောမေးခွန်းကိုမေးပါ။ ပြီးပြည့်စုံသောစာရင်းအင်းရဖြစ်ရန်အတွက် အောက်ပါလူများပါ ဝင်သင့်သည်။

- သြဇာညောင်းသာသူများ (ရပ်ရွာလူကြီးများ၊ အစိုးရအာဏာပိုင်များ၊ ဒေသခံစီပွားရေးလုပ် ငန်းရှင်များ၊ နှင့် ပညာတတ်လူတမ်းစားများ)
- အခက်အခဲများတိုက်ရိုက်ရင်ဆိုင်ကြုံတွေ့ ရသောသူများ (ဘေးအန္တရယ်ကျရောက် လွယ်မှုအရှိဆုံးသောသူများအပါအဝင် မတူညီသောရပ်ရွာအဆင့်မှ ပါဝင်လုပ်ဆောင်မည့်ကိုယ်စလှယ်အဖွဲ့)
- ရပ်ရွာအဆင့်အဖွဲ့စည်းများမှအဖွဲ့ဝင်များ (လုပ်ငန်းရှင်၊ဘာသာရေး၊ လူငယ်အဖွဲ့၊လူမှု ရေး၊ကျန်းမာရေး) (သို့) ရပ်ရွာအတွင်း သာရေနာရေးများလုပ်ဆောင်နေသော အစိုးရ မဟုတ်သောအဖွဲ့အစည်းများ
- ရပ်ရွာ၏ယဉ်ကျေးမှုနှင့်လူမျိုးစုအဖွဲ့ဝင်များ

လုပ်ဆောင်ချက်များအတွက် ၁၀ မိနစ်အချန်ပေးပါ။

**အဆင့် ၂ – ရည်ရွယ်ချက်ချမှတ်ခြင်း** ထိုအဆင့်တွင်အစီအစဉ်ရေးဆွဲမည့်အဖွဲ့နှင့်အတူ ပြင်ပြင်းထန်ထန်ဖြေရှာဆွေးနွေးခြင်းတွင်ပါဝင်ပြီး (ယခင်အဆင့်ကိုပြုစုပါ) ဦးတည်ထားသော ရပ်ရွာ၏ စိတ်အားထက်သန်မှုအတွက်ရည်ရွယ်ချက်များထွက် လာရမည်ဖြစ်သည်။ သင်တန်းသားများနှင့်အတူ ဖြစ်နိုင်သောရည်ရွယ်ချက်များကိုဆွေးနွေးပါ။ ၄င်းလုပ်ဆောင်ချက်အတွက် အချိန် ၁၀ မိနစ်ပေးပါ။

**အဆင့်၃– အဖွဲ့ခွဲများဖွဲ့စည်းခြင်း** အစီစဉ်ရေးဆွဲသည့်အဖွဲ့အား ကြိုတင်ပြင်ဆင်မှုနှင့် ထိခိုက်မှုလျော့ပါးရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးနှင့် တုန့်ပြန်ရေး၊ မူလအခြေအနေသို့ပြန်ရောက်ရှိရေးနှင့်ပြန် လည်ထူထောင်ရေး ၊အမိုးအကာနေစရာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စွမ်းဆောင်ရည် မြင့်တင်ရေး၊စိတ်ခွန်အား အားပေးထောက်ပံ့ခြင်း၊ ညှိနှိုင်းဆောင်ရွက်ရေး၊ စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်စစ်ဆေးခြင်း၊ (မတိုင်ခင်နှင့်အပြီး) စသည်ဖြင်ဘေးအန္တရာယ်

လျော့ပါးရေး လုပ်ငန်းအစီအစဉ်များခွဲဝေလုပ်ဆောင် နိုင်ရန် အဖွဲ့ခွဲများဖွဲ့စည်းခြင်းတို့ပါဝင်သည်။ သက်ဆိုင်ရာအဖွဲ့ခွဲများဝင်ပါဝင်နိုင်ရန် တစ်ဦးချင်းစီအားငှင်းတို့ ၏နောက်ခံအတွေ့အကြုံများနှင့်စိတ်ဝင်စားမှုပေါ်မူတည်၍ခွဲသည်။ ဤလုပ်ငန်းအဆင့်အတွက် တင်ပြဆွေးနွေးခွင့် ၅ မိနစ်အချိန်ပေးပါ။ အစည်းအဝေးတစ်ခုတည်းတွင် အဆင့် ၂ နှင့် ၃ ကိုပေါင်းတစ်ပါတည်းပေါင်းစီးပြီးလုပ်ဆောင်နိုင်သည်။

**အဆင့် ၄ – ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းတာဝန်များခွဲဝေခြင်း** သက်ဆိုင်ရာနယ်မြေဒေသတွင် အဖွဲ့ခွဲတိုင်း၏ ဘေး အန္တရာယ်လျော့ပါးရေးလုပ်ငန်းများချမှတ် လုပ်ဆောင်ခြင်းတို့ပါဝင်သည်။

သင်တန်းသားများအား အောက်ပါလုပ်ဆောင်မှုများလုပ်ဆောင်သင့်ကြောင်း သတိပေးပါ။

- အလေအလွင့်များကိုပြန်လည်အစားထိုးခြင်းထက် အလေအလွင့်မရှိအောင်လုပ်ဆောင်ပါ
- လူမှုရေးကိစ္စရေးရာများကွဲလွနေခြင်းမှရှောင်ကျဉ်ပါ
- ရပ်ရွာလူထုအားလုံးခြုံအောင်ကာကွယ်ပါ(မိသားစု၊ ကျန်းမာရေး၊ အစားအစာထောက်ပံ့မှု၊စီးပွား ရေး၊ ပညာရေး၊ ယဉ်ကျေးမှု) ပြီးထိုထောက်ပံ့မှု များညီတူညီမျှရရှိအောင်လုပ်ဆောင်ပါ။
- ဘေးအန္တရာယ်ကျရောက်မှုအများဆုံးရှိသော သူများ၏လိုအပ်ချက်များကိုဖော်ပြရာတွင် တိကျသေချာမှုရှိရမည်။

မိတ်ဆက်တင်ပြခြင်းအား ၁၀ မိနစ်အချိန်ပေးပါ။ သင်တန်းသားများအား ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲစာအုပ် အခန်း ၆ ဇယား ၁၁ တွင်ဖော်ပြထားသော ဘေးအန္တရာယ်လျော့ပါးရေးလုပ် ငန်းများနမူနာများကိုပြန်လည်ဖတ်ခိုင်းပါ။

**အဆင့် ၅ – လိုအပ်သောအရင်းမြစ်များကိုဆုံးဖြတ်ပေး ခြင်း** အောက်ပါဆုံးဖြတ်အချက်များကိုသက်ဆိုင်ရာလုပ်ငန်းခွင်အဖွဲ့ခွဲများက ဆုံးဖြတ်မှုများပါဝင်သည်။

- ခန့်မှန်းကုန်ကျစရိတ်
- ရပ်ရွာမှရနိုင်သောအရင်းမြစ်များ(လူအင်အား၊ ပစ္စည်းများ၊ငွေကြေး၊ အချိန်)၊ ထိခိုက်ခံရလွယ်မှုအများဆုံးရှိသော လူထုပါဝင်နိုင်မှုစွမ်းရည်(ဘာသာစကားကျွမ်းကျင်မှု၊အ မြင်၊ ဆက်နွယ်မှု)
- ဒေသအတွင်ရနိုင်သောအရင်းမြစ်များ (ဒေသ ဆိုင်ရာအစိုးရအဖွဲ့၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်း များ
- စီမံချက်အစီအစဉ်အတွက်တောင်းခံနိုင်သောအ ရင်းမြစ်များ
- စီမံချက်အစီအစဉ်ပြင်မှရနိုင်သောအရင်းမြစ် များနှင့်ရနိုင်ခြေရှိသောအရင်းမြစ်များ (အလှူ ရှင်အဖွဲ့စည်းများ)

တင်ပြဆွေးနွေးမှုအတွက် အချိန် ၁၀ မိနစ်ပေးပါ။

**အဆင့် ၆ – တာဝန်နှင့်ဝတ္တရားများကိုခွဲဝေခြင်း** ချမှတ်ထားသောလုပ်ငန်းအစီအစဉ်များကိုသိရှိနိုင် ရန်အဖွဲ့၏ တာဝန်ဝတ္တရားများ (သို့) အဖွဲ့အစည်း (သို့) အရေးကြီးသောပုဂ္ဂိုလ်များ၏ တာဝန်ဝတ္တရားများ ဖော်ထုတ်ခြင်းတို့ပါဝင်သည်။

**အဆင့် ၇ – အချိန်ကာလသတ်မှတ်ခြင်း** ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းဆောင်တာတစ်ခု ချင်းစီ၏ အချိန်ကာလသတ်မှတ်မှုများပါဝင်သည်။

**အဆင့် ၈ – လုပ်ငန်းလည်ပတ်ခြင်းအစီအစဉ်ရေးနှင့် မူဝါဒများရေးဆွဲခြင်း** အစီအစဉ်များကိုအကောင်ဖော်ဆောင်ရွက်ခြင်းကိုလမ်းညွှန်နိုင်ရန်အခြေခံစည်းမျဉ်းစည်းကမ်းများနှင့်လုပ်ငန်းလည်ပတ် ခြင်းနှင့်မူဝါဒများပါဝင်သည်။

**အဆင့် ၉ – အစီအစဉ်အကောင်ထည်ဖော်ဆောင် ရွက် ရာတွင်တွေ့ရသောအခက်အခဲများကိုဖော်ထုတ်ခြင်း** အစီအစဉ်အကောင်ထည်ဖော်ဆောင်ရွက်ရာတွင်နှောင့် နှေးကြံ့ကြာနိုင်သည့်အချက်များ (သို့) အနှောက်ယှက်ပေးသည့်အချက်များနှင့် ဖြစ်နိုင်သည့်ပြသနာအခက်အ ခဲများဖော်ထုတ်ခြင်းတို့ပါဝင်သည်။ အဆင့် ၆၊၇၊၈ နှင့် ၉ ကိုတင်ပြဆွေးနွေးနိုင်ရန်အချိန် ၂၀ မိနစ်ပေးပါ။

**အဆင့် ၁၀ – အစီအစဉ်ရေးဆွဲမှုကိုအဆုံးသပ်ခြင်း** ယခင်အဆင့်များမှရရှိသောသတင်းအချက်အလက်များ ကိုစုစည်းပြီး မြေပုံများဖြင့်တင်ပြသောအစီရင်ခံစာ တစခုဖြစ်လာနိုင်ရန် တင်ပြဆွေးနွေးရမည့်ပုံစံကို စီစဉ် ပေးထားပြီးအခြားလိုအပ်သောသတင်းအချက်အလက် များကို နောက်ဆက်တွဲစာမျက်နှာတွင်ဖော်ပြထား သည်။ရပ်ရွာလူထုနှင့်အတူရေးဆွဲသောအစီအစဉ်များကိုမိုငြမ်းကိုယ်းကားမှုအနေဖြင့် ပါဝါပွိုင့် အချပ်တွင်ဖော်ပြထားသည်။ ၄င်းတင်ပြဆွေးနွေးမှုနှင့် အမေးအဖြေ ကဏ္ဍာပြုလုပ်ရန် အချိန် ၁၅ မိနစ်ပေးပါ။



အခန်း ၂.၆

# လုပ်ငန်းအစီအစဉ်များအားအကောင်ထည်ဖော်ဆောင်ရွက်ခြင်း

ကြာချိန်။ ၁နာရီ ၃၀ မိနစ်
လိုအပ်သောပစ္စည်းများ။ ပရိုဂျက်တာ၊လေဆာညွှန်တံ၊ ကားချပ်အရှုံများ၊ မာကာများ၊ ဗဋ္ဌာရွက်များ
နည်းလမ်းများ။ ဆွေးနွေးတင်ပြခြင်း၊အဖွဲ့လိုက်လုပ်ဆောင်ခြင်း၊ ဆွေးနွေးခြင်း
ရည်ရွယ်ချက်။

- ဤသင်ခန်းစာအချိန်ပြီးစီးသောအခါတက်ရောက်သူ သင်တန်းသူသင်တန်းသားများသည်
- လူထုပါဝင်ဆောင်ရွက်ခြင်းလုပ်ငန်းများတွင်လမ်းညွှန်မှု ဝါဒများကို ဖော်ထုတ်လာနိုင်မည်
- ပါဝင်ဆောင်ရွက်မည့်သူများနှင့်အတူရေးဆွဲထားသော လုပ်ငန်းအစီအစဉ်များ အကောင်ထည်ဖော်ဆောင်ရွက်မှုများကို စီမံခန့်ခွဲလာနိုင်မည်။
- လိုအပ်လျှင်ရှိပြီးသားအဖွဲ့များကို ဖော်ထုတ်စည်းရုံး လာနိုင်မည်။

| အချိန် | လုပ်ငန်းများ | နည်းစနစ် | ဥင်ထောက်ကူပစ္စည်းများ |
|---|---|---|---|
| ၅ မိနစ် | သင်ခန်းစာ၏ ရည်ရွယ်ချက်များကိုရှင်းလင်းတင်ပြပါ | ဆွေးနွေးတင်ပြခြင်း | ပရိုဂျက်တာ၊ သင်ခန်းစာ M2S6 တင်ပြချက်ပါဝါ ပွိုင့် |
| ၉၀ မိနစ် | လူထုပါဝင်မှုဖြင့်လုပ်ငန်းများ အကောင်ထည်ဖော်ဆောင်ရွက်ခြင်း နှင့် မိတ်ဆက်ခြင်း | ဆွေးနွေးတင်ပြခြင်း | ပရိုဂျက်တာ၊ သင်ခန်းစာ M2S5 တင်ပြချက်ပါဝါ ပွိုင့် |

## လုပ်ထုံးလုပ်နည်း

၁။ သင်ခန်းစာ၏ ရည်ရွယ်ချက်များကိုတင်ပြခြင်း

ကြာချိန်။ ၅မိနစ်
လိုအပ်သောပစ္စည်းများ ပရိုဂျက်တာ၊ လေဆာညွှန်ပြတံ ပွိုင့်

ရည်ရွယလျက်များကိုတင်ပြရန် ပါဝါပွိုင့်တင်ပြချက်များကိုသုံးပါ။

၂။ ရပ်ရွာလူထုပါဝင်ခြင်းဖြင့်လုပ်ငန်းအကောင်ထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်

ကြာချိန်။ ၁ နာရီ ၃၀ မိနစ်
လိုအပ်သောပစ္စည်းများ။ ပရိုဂျက်တာ၊ လေဆာညွှန်ပြတံ

*လူထုပါဝင်မှုဖြင့်အကောင်ထည်ဖော်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ကိုလမ်းညွှန်ထားသောသဘောတရားများကိုတင်ပြခြင်း (၃၀ မိနစ်)*

လမ်းညွှန်ထားသောသဘောတရာများမှာ

က) ပါဝင်လုပ်ဆောင်မည့်သူများအားလုံးပါဝင်ခြင်း

အစီအစဉ်ရေးဆွဲခြင်းလုပ်ငန်းစဉ်စတင်ကတည်းက တစ်ဦးချင်၊ လူမှုရေးအဖွဲ့များ၊ အဖွဲ့အစည်းများ၊နှင့် အခြားပါဝင်လုပ်ဆောင်မည့်သူများတက်ကြွစွာပါ ဝင်ခြင်း

ခ) ပါဝင်လုပ်ဆောင်မည့်သူများအတွင်းဆွေးနွေး ခြင်း

အတွေးအမြင်များပုံ့နှံ့မှုကိုလေးစားပါ။စဉ်ဆက် မပြတ်အတွေးအခေါ်များဖလှယ်ခြင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်းများပြုလုပ်ခြင်း ဖြင့်ကောင်းမွန်သောဖြေရှင်းချက်များရှာဖွေရန် မတူညီသောယဉ်ကျေးမှု၊အုပ်စု၊စည်းမျဉ်းစည်းကမ်းများ၊လူမှုစီးပွားရေးဆင့်တန်းမှ လူများအတူတကွလုပ်ဆောင်ရသည်။

ဂ) စီစဉ်တကျရှိသောလုပ်ငန်းစဉ်များ

မတူညီသောနည်းလမ်းများနှင့်ကိရိယာများအသုံးပြု ခြင်းသည်အခြေအနေကိုစစ်ဆေးရန်၊ ပြဿနာများကိုရှင်းလင်းစွာနားလည်ရန်ရပ်ရွာလူ ထုအတွက်ကောင်းမွန်သော လုပ်ငန်းစဉ်များ ချမှတ်ပေးနိုင်ရန်ရုတ္တိရှိပြီး စနစ်ကျသောလုပ်ငန်းစဉ်ဖြစ်သင့်သည်။

ဃ) လုပ်ငန်းစဉ်လည်ပတ်မှု

အစီအစဉ်ရေးဆွဲရာတွင်ရရှိလာသောအတွေ့အကြုံ များအရအစီအစဉ်လုပ်ငန်းဆောင်တာများကိုပြုပြင်နိုင်ရန်များစွာသော တုန့်ပြန်မှုများချင့်အတူ ပြန်လည်လည်ပတ်မှုပုံစံဖြင့်လုပ်ရမည်။ ထိုလုပ်ငန်းစဉ်တွင် အစီအစဉ်များသ်ည အတွေးအ ခေါ်အသစ်များ၊ တွေ့ ရှိချက်များများပြန်လည်သုံး သပ်ခြင်းလုပ်သည်အထိတိုင်အောင်အကျုံးဝင်သည်။ ဆုံးဖြတ်မှုများနှင့်အစီအစဉ်များတွင်လိုက်လျောညီ ထွေမှုရှိခြင်းသည်လူထုပါဝင်မှုဖြင့်စီမံချက်လည်ပတ် မှုစီမံခန့်ခွဲခြင်းလုပ်ငန်းစဉ်အားသာချက်တစ်ခုပင် ဖြစ်သည်။

င) စနစ်တကျခွဲခြမ်းစိတ်ဖျာခြင်း

စီမံချက်အစီစဉ်လည်ပတ်နေသောအတွင်းအပြင်ပတ် ဝန်းကျင်ဆက်ဆံရေးကိုခွဲခြမ်းစိတ်ဖြာစစီစစ်သည့်အစီအစဉ်ဖြစ်သည်။

စ) သူတပါး၏ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အ လာကိုနားလည်ခြင်း

လူထုအတွင်း၄င်းတို့၏ယဉ်ကျေးမှုနှင့်အညီ အမျိုးမျိုးသောအဖွဲ့ခွဲများလက်ခံနိုင်သော နည်းလမ်းများနှင့်ကိရိယာများ၊ကိုအသုံးပြုရသည်။ လုပ်ငန်းစဉ်လိုက်လျောညီထွေစာပြောင်းလဲနိုင်ရ မည်။

ဆ) ပွင့်လင်းမြင်သာမှုရှိခြင်း

ပါဝင်လုပ်ဆောင်သူများအကြားပွင့်လင်းစွာဆက်ဆံ နိုင်ရန်အားပးပြီး ဆုံးဖြတ်ချက်ရလဒ်များ၊ နည်းလမ်းများနှင့်ကိရိယာများအပေါ်တုန့်ပြန်ချက် များစဉ်ဆက်မပြတ်ပေးရသည်။

ဇ) အများသဘောဆန္ဒရယူခြင်း

ဆွေးနွေးနေစဉ်သဘောတူညီမှုရယူခြင်းသည်မဖြစ်နိုင် ပေ။အဘယ်ကြောင့်ဆိုသော်အဖွဲ့အတွင်လူများပြန့် နှံနေပြီးစိတ်ဝင်စားမှုနည်းသောကြောင့်ဖြစ်သည်။သို့ သော်လည်း အပြန်အလှန်နားလည်မှုဖြင့်ဆက်နွယ် မှုတည်ဆောက်ခြင်းပြီး အစီအစဉ်ရေးဆွဲသူများအ ကြားသဘောတူညီမှုရယူခြင်းဖြင့်ပွင့်လင်းမြင်သာမှု ကိုတည်ဆောက်ပါ။ ဤသို့လုပ်ဆောင်ခြင်းဖြင့်အခြေ အနေတိုင်းတွင်အများသဘောတူညီမှုရယူခြင်း ဖြစ်သည်။

လူထုပါဝင်မှုဖြင့်ကောင်ထည်ဖော်ဆောင် ရွက်ခြင်း၏ ကောင်းမွန်သောအချက်များပေါ်တွင်အလေးထားပြီး အောက်တွင်စာရင်းပြုစထားပါသည်။

- ရပ်ရွာလူထုအတွင်းဘေးအန္တရာယ်လျော့ ပါးရေးလုပ်ငန်းများ၏စဉ်ဆက်မပြတ် တိုးတက်မှုနှင့်အောင်မြင်မှုအလားလာကောင်း များတိုးပွားလာသည်။
- ကိုယ့်ကိုကိုယ်မှီခိုအားကိုးပြီး ရပ်ရွာအတွင်း ပါဝင်လုပ်ဆောင်သူများ၏ဘေးအန္တရာယ်လျော့ပါးရေးနှင့်ပတ်သက်သောစွမ်းဆောင် ရည်များမြင့်မားလာသည်။
- ရပ်ရွာလူထု အထူးသဖြင့်အကောင်ထည် ဖော် ဆောင်ရွက်ရန်ဦးဆောင်အဖွဲ့အစည်းအတွက် ကူညီထောက်ပံ့မှုပေးသည်။ ဘေးအန္တရာယ် လျော့ပါးရေးကော်မတီ၊အရင်းမြစ်နှင့်အချိန် ကန့်သန့်မှုကိုစီမံ ခန့်ခွဲခြင်းကိုလေ့လာရန်နှင့် အခြားလိုအပ်သည့်အရင်းမြစ်များကိုလိုအပ်သောအခါစုစည်းနိုင်ရန်
- မတူညီသောယဉ်ကျေးမှုဓလေ့၊စည်းမျဉ်း၊လူမှု စီးပွားရေးနောက်ခံများမှ ပါဝင်လုပ်ဆောင်သူ များအားလုံးအတွက်အပြန်အလှန်ဆက်နွယ် ပြီး အတူတကွလုပ်ဆောင်နိုင်ရန်၊ အတွေးအခေါ်များဖလှယ်နိုင်ရန် ကြုံတွေ့ရမည့်အခက်အခဲများကိုအကောင်းဆုံး ဖြေရှင်းနိုင်ရန် လမ်းစဉ်တစ်ခုအဖြစ်ဖန်တီးပေးသည်။



- သင်တန်းပြီးစီးသွားသောအခါ မတူညီသောလူမှုအဖွဲ့အတွင်းသီးခံနိုင်စွမ်းအား ကောင်းလာစေရန်နှင့်လိုက်လျောညီထွေမှုရှိစေရန်ဘေးအန္တရာယ်၏ဆိုးကျိုးများနှင့်ရင်ဆိုင် ကိုင်တွယ်ဖြေရှင်းတတ်စေရန်လေ့ကျင့်ပေး ထားသည်။

၄င်းအကြောင်းအရာများနှင့်ပတ်သက်ပြီးသင်တန်း သားများအားဆွေးနွေးခိုင်းပြီး ၄င်းတို့တွင် အခြားအချက်အလက်များရှိပါကထပ်မံဖြည့်စွက်ခိုင်း ပါ။

## *လူထုပါဝင်အကောင်ထည်ဖော်ဆောင်ရွက်သောလုပ် ငန်းများအားအပြန်အလှန်ဆွေးနွေးတင်ပြခြင်း (၁ နာရီ)*

လူထုပါဝင်အကောင်ထည်ဖော်ဆောင်ရွက်ခြင်းလုပ် ငန်းစဉ်တွင်လုပ်ဆောင်မည့်လုပ်ငန်းဆောင်တာများကို စရင်းပြုစုခြင်းဖြင့်စတင်ပါ။ တာဝန်ခွဲဝေပေးခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ရှိပြီးသားလူအရင်းမြစ် အားဆော်ဩစည ်းရုံးခြင်း၊စီစဉ်ထားပြီးသားလုပ်ငန်း ဆောင်တာများကိုအကောင်ထည်ဖော်ဆောင်ရွက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖတ်သုံးသပ်ခြင်း မှန်ကန်သောလုပ်ဆောင်မှုများပြုလုပ်၍ ညှိနှိုင်းဆုံး ဖြတ်ခြင်းတို့ဖြစ်သည်။ အသေးစိတ်လုပ်ငန်းဆောင်တာတစ်ခုချင်းစီကိုအောက်တွင်ဖော်ပြထားသည်။

**အလုပ်များတာဝန်ပေးခြင်း**

“အစီစဉ်တွင်ရေးဆွဲထားသော အရေးပါသော လုပ်ငန်းဆောင်တာ များကို မည်ကဲ့ကသို့အကောင်းဆုံးဖြစ်အောင်တာဝန်ခွဲမည်နည်း”၊ မည်သူက ဦးဆောင်အဖွဲ့ဖြစ်သင့်သနည်း၊ နှင့် မည်သူကပူးပေါင်းလုပ်ဆောင်သည့်အဖွဲ့စာ်းဖြစ်သင့်သနည်းဟူသောမေးခွန်းဖြင့်ဆွေးနွေးခိုင်းပါ။

အဓိကအလေးထားရမည့်အချက်များမှာ–

- အစီစဉ်ရေးဆွဲရာတွင် ကော်မတီ/ အသင်း/ အဖွဲ့ခွဲများဖွဲ့စည်းခြင်း
- ကော်မတီခွဲများတွင်ပါဝင်သောသူများတွင် တစ်ဦးချင်းအလိုက်သော်လည်ကောင်း၊ အဖွဲ့လိုက်သော်လည်ကောင်းလိုအပ်သော ကျွမ်းမှုရှိမရှိစစ်ဆေးခြင်း
- ၄င်းအဖွဲ့ခွဲများအား ကိုက်ညီသောပြင်ပမှအဖွဲ့ အစည်းများနှင့်ပြုစုပျိုးထောင်ရန်အားပေးကူ ညီခြင်း
- အဖွဲ့ခွဲတွင်လုပ်ဆောင်ရမည့်အရေးပါသောအ ခန်းကဏ္ဍများထည့်သွင်းခြင်း
- ခေါင်းဆောင်မှုတာဝန်ယူခြင်း (ကော်မတီ၏ လုပ်ငန်းဆောင်တာအားလုံးကိုတာဝန်ယူခြင်း)
- စီမံခန့်ခွဲမှုတာဝန်ယူခြင်း(သဘောတူညီမှုရထားသောလုပ်ငန်းဆောင်တာများကိုအကောင် ထည်ဖော်ဆောင်ရွက်ရန်တိကျသေချာအောင် ပြုလုပ်ခြင်း)
- နည်းပညာပိုင်ဆိုင်ရာတာဝန်ယူခြင်း(နည်းပညာများပေးခြင်း)
- ဘဏ္ဍာရေးစီမံခန့်ခွဲမှုတာဝန်ယူခြင်း(စနစ်ကျ သောစာရင်းအင်းတတ်မြောက်ခြင်း)
- အုပ်ချုပ်မှုတာဝန်ယူခြင်း(စီမံခန့်ခွဲမှုတွင်ကူညီပေးခြင်း)နှင့်
- လူထုအားပါဝင်အောင်ဆော်ဩစည်းရုံးခြင်း
  (ရပ်ရွာတွင်ရှိသောလူ/ ပစ္စည်း/ အဖွဲ့စည်း အရင်းမြစ်များစုစည်းခြင်း)
- ရပ်ရွာစေတနာ့လုပ်အားရှင်များအား အစီ အစဉ်ရေးဆွဲခြင်းတွင်ပါဝင်ပြီး အကောင်ထည်ဖော်ဆောင်ရွက်သည့်အဖွဲ့အဖြစ်အထိတည်ရှိနိုင်ရန် အားပေးခြင်း

သတင်းအချက်လက်များပိုမိုရရှိရန်အရပ်ရွာလူထုအ ခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက် စွဲစာအုပ်အခန်း ၇ တွင်ပြန်ကြည့်ခိုင်းပါ။ အချိန် ၁၅ မိနစ်ပေးပါ။

**စွမ်းဆောင်ရည်မြှင့်တင်ခြင်း**

သင်တန်းသားများအား ”အကောင်ထည်ဖော်ဆောင် ရွက်ရာတွင်မည်ကဲ့သို့သောကျွမ်းကျင်မှုရှိ ရန်လို အပ်သနည်း” ဟူသောမေးခွန်းကိုမေးပါ။ နည်းပြဆရာများက ကော်မတီဖွဲ့ပြီး ပြီးခြင်းကျေးရွာဘေးအန္တရာယ်လျော့ပါး ရေးစီမံခန့်ခွဲမှုကော်မတီဝင်အဖွဲ့ဝင်များသည်ရပ်ရွာ လူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအသိပညာနှင့်ပတ်သက်ပြီး လေ့ကျင့်ပေးထားပြီးသား

ဖြစ်မဖြစ်ကို စစ်ဆေးရသည်။သို့သော်လည်း ဘေးအန္တရာယ်လျော့ ပါးရေးသင်တန်းမှလွဲ၍ အခြားတိကျသောသင်တန်း မျှားရထားခြင်းမရှိသောရပ်ရွာစေတနာ့လုပ်အားရှင်များ ကိုမွှန်းမံသင်တန်းများပေးရသည်။ ထပ်မံ၍ စီစဉ်ထားသောလုပ်ငန်းဆောင်တာများကိုအကောင် ထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ အခြားသက် ဆိုင်သောသင်တန်းများကို ချမှတ်ရေးဆွဲပြီး ထပ်မံ သင်တန်းပေးရသည်။သင်တန်းသားများအားနောက် ထပ်အပိုသင်တန်းများပေးသင့်သော သင်တန်းများ ကိုမေးပါ။ ၄င်းတို့၏အဖြေများကိုကားချပ်အရှင်ပေါ် တွင်ရေးချမှတ်သားထားပြီး မွှန်းမံသင်တန်းများနှင့် သင်တန်းအသစ်များနမူနာကို စာရင်းပြုစုပါ။

| သင်တန်းအမျိုးအစား | ပါဝင်သည့်အကြောင်းအရာခေါင်းစဉ်များ |
|---|---|
| သင်တန်း သင်ရိုးညွှန်း တန်းများကို "မွှမ်းသင် တန်း" အဖြစ် ပြန်လည်ပို့ချနိုင်သည် | ဘေးအန္တရာယ်ကာ ကွယ်ရေးနှင့်တုံ့ပြန်မှု<br>• ရှာဖွေရေးနှင့်ကယ်ဆယ်ရေး<br>• ဆေးဝါးနှင့်ရှေးဦးပြုစုခြင်း<br>• ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး<br>• အရေးပေါ်အမိုး အကာနေစရာတည် ဆောက်ခန့်ခွဲမှု<br>• ဘေးလွတ်ရာသို့ပြောင်း ရွှေ့ခြင်းဆိုင်ရာစီမံခန့် ခွဲမှု<br>ဘေးအန္တရာယ်လျော့ပါးရေး<br>• ဘေးအန္တရာယ်လျော့ပါးရေး မိတ်ဆက်<br>• ဘေးအန္တရာယ်လျော့ပါးရေးအသိပညာပေး<br>• ကြိုတင်သတိပေးစနစ်<br>• စနစ်တကျထိခိုက်မှုလျော့ပါး ရေး<br>• အသက်မွေးဝမ်းကြောင်းဆိုင် ရာ သင်တန်းနှင့်ဖွံ့ဖြိုးရေး<br>အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးရေး<br>• ခေါင်းဆောင်မှု<br>• ညှိနှိုင်းဆောင်းရွက်ခြင်း၊ ပဋိပက္ခစီမံခန့်ခွဲရေးနှင့်ဖြေ ရှင်းရေး<br>• လူထုပါဝင်အောင်ဆော်ဩ စည်းရုံးခြင်း<br>• အသုံးစရိတ်နှင့်ငွေကြေးစီမံခန့် ခွဲမှု<br>• အဆိုပြုတင်ပြလွှာနှင့် အစီရင်ခံစာရေးနည်း<br>• အစည်းအဝေး(သို့)သင်တန်း တွင်ပံ့ပိုးသူဆရာဖြစ်သင်တ်း<br>• စာရွက်စာတမ်းမှတ်တမ်းမှတ် ရာပြင်ဆင်ခန့်ခွဲခြင်း |
| တိကျသောဘာသာ ရပ်အလိုက် သင်တန်းများ | ဘေးအန္တရာယ်လျော့ပါးရေး<br>• ဘေးအန္တရာယ်လျော့ပါးရေးနှင့် ပညာပေး<br>• ဘေးအန္တရာယ်လျော့ပါးရေးနှင့်ကျန်းမာရေး<br>• ရေနှင့်သန့်ရှင်းရေး<br>• ရာသီဥတုပြောင်းလဲခြင်းသိ ကောင်းစရာ<br>• ပတ်ဝန်းကျင်စီမံခန့်ခွဲမှု<br>• ကျား–မနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲ ရေး<br>အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးရေး<br>• ရှိပြီးသားအသင်းအဖွဲ့များနှင့် အရင်မြစ်များဆော်ဩစည်းရုံး ခြင်း<br>• ညှိနှိုင်းဆောင်ရွက်ခြင်း<br>• စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်စစ်ဆေးခြင်း |

'မည်သူကငင်းသင်တန်းများကိုပေးနိုင်သနည်း' ဟူသောမေးခွန်းကို သင်တန်းသားမျာအားမေးပါ။ သင်တန်းသားများအားဖြေကြားစေပြီး ၄င်းတို့၏ အဖြေများကို ကားချပ်အရှင်များပေါ်တွင်ရေးချ မှတ်သားထားပါ။ ပြီးလျှင် အရင်းမြစ်နည်းပါးသောအစီအစဉ်(သို့)အချိန်၊ မိတ်ဖက်အဖွဲ့အစည်း(အစိုးရနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်း) သည်အကူညီတောင်းခံသင့်သည်။
တင်ပြဆွေးနွေးရန်အတွက် ၂၅ မိနစ်အချိန်ပေးပါ။

**အရင်းမြစ်များကိုအသုံးပြုခြင်း**

ရပ်ရွာအစီအစဉ်တွင်အရင်းမြစ်များသတ်မှတ်ခြင်း အဆင့်တွင် မတူညီသောအရင်းမြစ်များကို အမျိုး အစား ၄မျိုးခွဲထားကြောင်းသင်တန်းများအား ပြေ ပြပါ။ ၁)ရပ်ရွာအတွင်းရနိုင်သောအရင်းမြစ်များ၊ ၂)ဒေသအဆင့်တွင်ရနိုင်သောအရင်းမြစ်များ၊ အစီစဉ်အတွက်တောင်းဆိုနိုင်သောအရင်းမြစ်များ၊ ၄) စီမံချက်ပြင်ပမှရနိုင်သောအရင်းမြစ်များ (ရရှိနိုင်



သောအရင်းမြစ်–အလှူရှင်အဖွဲ့)များကိုလည်းပါ ဝင်သည်။ အရင်းမြစ်များသုံးစွဲခြင်းတွင်အရှေ့ကြီး ဆုံးသောလုပ်ဆောင်ချက်ကိုသတ်မှတ်ထားသော အလှူရှင်များထံမှ ထည့်ဝင်မှုများကို သေချာ အောင်လုပ်နိုင်သည်။

လှူနိုင်ခြေရှိသောအလှူရှင်များကိုရည်ညွှန်းထားသော ကူညီထောက်ပံ့ပေးသူများအဖြစ်အောင်မြင်စွာပြောင်း လဲနိုင်ရန် မည်သည့်နည်းများ(ထိပ်တိုက်တွေ့ဆုံ ငြမ်း၊ အဆိုပြုလွှာတင်သွင်းခြင်းအစရှိသော)နည်းလမ်းများ ကိုမည်သည့်အခြေအနေမျိုးတွင်အသင့်တော်ဆုံး ဖြစ် သည်ကိုဆွေးနွေးရသည်။ သဲလွန်စအဖြေများမပေးရ ပါ။သို့သော်မြန်ဆန်သော ဆွေးနွေးမှုနှင့် မေးခွန်းများ(ဤနည်းကဘာကြောင့်မှန်ကန်သောနည်း လမ်းဟုထင်သနည်း၊ သဘောတူညီမှုကိုမည်ကဲ့သို့ ရအောင်လုပ်မည်နည်း)ကိုလိုအပ်လျှင်လိုအပ်သလိုမေး ရမည်။

ဆွေးနွေးမှုအပိုင်းအပြီးခင်တွင် မည်သူက အရင်းမြစ် စုစည်းခြင်းနှင့်ပတ်သက်ပြီးအတွေ့ကြုံရရှိခဲ့ပြီး အခက်အခဲမျ ားကိုမည်ကဲ့သို့ရင်ဆိုင်ကျော်လွှားခဲ့ရ ကြောင်းကိုမေးပါ။ ၄င်းအချက်ကို သင်တန်းသားများ အားဆွေးနွေးခိုင်းပါ။ ဆွေးနွေးမှုနှင့်အပြန်အလှန်ပြော ဆိုခြင်းလုပ်ငန်းဆောင်တာအားလုံးအတွက် အချိန် ၃၀ မိနစ်ပေးပါ။

**အစီစဉ်ရေးဆွဲထားပြီးသောလုပ်ငန်းဆောင်တာများ အားအကောင်ထည်ဖော်ဆောင်ရွက်ခြင်း**

အပြန်အလှန်ဆွေးနွေးတင်ပြမှုတွင် အဓိကအရေးပါသော အကြောင်းအရာခေါင်းစဉ်နှစ် ခုလိုအပ်သည်။စီစဉ်ထားသော လုပ်ငန်း ဆောင်တာများ၏အောင်မြင်သောအကောင်ထည် ဖော်ဆောင်ရွက်အတွက်လိုအပ်သောအရာများဖြည့် စည်းရန်လိုအပ်ခြင်းနှင့် မည်ကဲ့သို့သောအခက်ခဲပြ သနာများမျှော်လင့်ထားနိုင်သနည်း တို့ဖြစ်သည်။

ဆွေးနွေးမှုကိုလှုံ့ဆော်နိုင်ရန် “အစီအစဉ်များကိုအ ကောင်ထည်ဖော်ဆောင်ရွက်ရာတွင် လွယ်ကူချောမော စေရန် မည်ကဲ့သိုသောအချင်းအရာများကို ပြင်ဆင် ထားရမည်နည်း” ဟူသောမေးခွန်းမေးပါ။ ၄င်းတို့၏ အဖြေများကို ရေးချမှတ်သားထားပြီး၊ အရေးပါသောအကြောင်းအရာများကို သင်တန်းသား များအားပြပါ။ တစ်ခုချင်းစီရှင်းပြပြီး အကြောင်းအရာတစ်ခုခြင်းစီကို သင်တန်းသားများ ဖော်ထုတ်ထားသောအကြောင်းရာပြသနာများကို နှိုင်း ယှဉ်ခိုင်းပါ။
အကြောင်းအရာများမှာ–

- လုပ်ငန်းဆောင်တာတိုင်းအတွက်အချိန်နှင့် အစီစဉ်တကျလုပ်ဆောင်မှုတို့ကိုပြသော အကောင်ထည်ဖော်ဆောင်ရွက်ခြ င်းအချိန် ဇယား
- ပါဝင်လုပ်ဆောင်မည့်အဖွဲ့စည်းများအားသက် ဆိုင်သောတာဝန်များပေးအပ်ထားသည့် အခန်း ကဏ္ဍ
- အခါအားလျော်စွာလုပ်ဆောင်သော အစည်းဝေများ/ လုပ်ငန်းဆောင်တာများတွင် အကျိုးခံစားခွင့်ရှိသူများပါဝင်မှု
- ပါဝင်ဆောင်ရွက်သောသူများ၏ ကြိုးစားမှု အတွက် ချီးမြှင့်သည့်ဆု(ပစ္စည်းဆု၊ ရာထူးတိုး ခြင်း၊ ဂုဏ်ပြုမှတ်တမ်းလွှာ)
- ရန်ပုံငွေသုံးစွဲမှုစီမံခန့်ခွဲနိုင်ရန် ဘဏ္ဍာရေး စစ်ဆေးမှုစနစ်
- ပါဝင်ဆောင်ရွက်မည့်သူများနှင့်မတူညီသော အဖွဲ့အစည်းများအကြား၊အလားတူစွာ မတူညီ သော ကော်မတီခွဲများအကြား ညှိနှိုင်းဆောင် ရွက်မှုနှင့်ဆက်ဆံရေးစနစ်
- စီစဉ်ထားသောလုပ်ငန်းဆောင်တာများဆောင် ရွက်မှုများလုပ်ဆောင်နိုင်ရန် စံသတ်မှတ်ထားသော လုပ်ငန်းလည်ပတ်မှုနှင့် မူဝါဒများ(ဥပမာ– ထောက်ပံ့ပစ္စည်းဝယ်ယူခြင်း လုပ်ငန်စဉ်၊ ဇာဆောင်းခြင်းလုပ်ငန်းစဉ်)
- အစီစဉ်၏တိုးတက်မှုများကိုစစ်ဆေးရန်နှင့် ရည်ရွယ်ချက်ပန်းတိုင်ရောက်မရောက်စစ် ဆေးရန်အတွက် အခါအားလျော်စွာသတင်းအ ချက်အလက်ကောက်ရာတွင် ကူညီနိုင်သော စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်စစ်ဆေး ခြင်း။ မကျေနပ်ချက်များ(သို့) လုပ်ငန်းခွင်မှ အကြံပြုချက်များပဝင်ပြီး ဆုံးဖြတ်ချက်သူထံ တင်ပြနိုင်သည်။
- လက်ရှိနှင့် နောင်တစ်ချိန်နှ်တွင်မှီငြမ်းနိုင်ရန် အဖြစ်အပျက်များကိုရေးသားထားသောအစီရင်ခံစာတင် ပြမှုစနစ်

အကောင်ထည်ဖော်ဆောင်ရွက်ရာတွင်တွေ့ကြုံရမည့် အခက်အခဲပြသနာများကိုပြသထားသည့်ပါဝါပွိုင့် ကားချပ်များပြသပြီး ထူးခြားသောပြသနာအ ကြောင်းအရာများပေါ်တွင်ဆက်လက်ဆွေးနွေးခိုင်းပါ။
ပြသနာနမူနာအချို့မှာ–

- အစီစဉ်အချိန်ဇယားရေးဆွဲမှုအားနည်း ခြင်းသည်အကောင်ထည်ဖော်ဆောင်ရွက် ခြင်းကိုနှောင့်နှေးစေပါသည်။
- ဘဏ္ဍာငွေများလွဲမှားစွာအသုံးပြုခြင်း

- တာဝန်ယူမှုနှင့်ပွင့်လင်းမြင်သာမှုမရှိခြင်း
- ဆုံးဖြတ်ချက်ချရာတွင် ဗျူရိုကရေစီ ဆန်ခြင်း
- လုပ်ငန်းလည်ပတ်မည့်အမျိုးမျိုးသောအဖွဲ့၏အဖွဲ့ဝင်များရွေးချယ်ရာတွင် (စစ်ဆေးခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ အကောင် ထည်ဖော်ဆောင်ရွက်ခြင်း) တစ်ကိုယ်ကောင်းဆန်ခြင်း/ကိုယ်ကျိုးကြည့်ခြင်း
- စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်စစ် ဆေးမှုအားနည်းခြင်း
- ရှုတ္တရက်မူဝါဒပြောင်းခြင်း
- အကျိုးခံစားခွင့်ရှိသူများပြောင်းရွှေ့သွားခြင်း(စီးပွားရေး(သို့) သဘာဝအခက်အခဲများ ကြောင့်)
- အသင်းဖွဲ့ဖြင့်လုပ်ဆောင်မှုမရှိခြင်း
- အကောင်ထည်ဖော်ဆောင်ရွက်သူများအ တွက်အားပေးချီးမြှင့်မှုမရှိခြင်း

ထိုအချက်များကို သင်တန်းသားများအား အပြန်အလှန် ဆွေးနွေးတင်ပြခိုက်းပြီး လုပ်ငန်းခွင်တွင် ၄င်းတို့တွေ့ကြုံခဲ့ရသည်များကို ထပ်မံဖြည့်စွက်ခိုင်းပါ။ ထိုလုပ်ဆောင်ချက်အတွက် အနည်းဆုံး အချိန် ၂၀ မိနစ်သာပေးရပါမည်။ အချက် တစ်ခုချင်းစီအတွက် ၁၀ မိနစ်သတ်မှတ်ပေးပါ။



သင်ခန်းစာ ၃

# အမြဲစဉ်ဆက်မပြတ်တည်ရှိနေစေခြင်း

## ဖော်ပြချက်

သင်ခန်းစာ၃သည် စီမံချက်အစီအစဉ်လုပ်ငန်းများအကောင်ထည်ဖော်ဆောင်ရွက်သောအခါ မကြာခဏ မေ့တတ်လေ့ရှိသောအချက် ၂ ချက်ကိုသင်တန်းသားများအားမိတ်ဆက်ပေးခြင်းဖြစ်သည်။ ပထမတစ်ခုမှာ စီမံချက်အစီအစဉ်များထွက်ခွာခြင်းနည်းဗျူဟာတစ်ခုချမှတ်ရေးဆွဲခြင်းနှင့် အကောင် ထည်ဖော်လုပ်ဆောင်ခြင်းဖြစ်ပြီးဒုတိယတစ်ခုမှာစီ မံချက်လုပ်ငန်းများအကျိုးသက်ရောက်မှုစစ် ဆေးခြင်း လုပ်ငန်းစဉ်အသေးစိတ်ကိုသင်တန်းသားများအားမိတ်ဆက်ပေးပါလိ မ့်မည်။

## ရည်ရွယ်ချက်များ

- ကနဦးလေ့လာဆန်းစစ်မှုနှင့်အပြီးသတ်စစ်ဆေးမှုတို့အကြားခြားနားမှုကိုနားလည်လာနိုင်ရန်
- ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ၏အကျိုးသက်ရောက်မှုများကို တိုင်တာနိုင်ရန်
- ကနဦးလေ့လာဆန်းစစ်မှုနှင့်အပြီးသတ်စစ်ဆေးမှုအကျိုးကျေးဇူးများကိုဖော်ထုတ်လာတတ်နိုင်မည်

## ဉင်ခန်းစာများ

သင်ခန်းစာ ၃ တွင်အောက်ပါခေါင်းစဉ်များပါဝင်သည်။
အခန်း ၁။ အကျိုးသက်ရောက်မှုများကိုတိုင်းတာခြင်း။
အခန်း ၂။ ရပ်ရွာလူထုအား လုပ်ပိုင်ခွင့်ပေးခြင်း။

ကြာချိန်။ ၃ နာရီ
လိုအပ်သောပစ္စည်းများ။ ပါဝါပွိုက်တင်ပြချက်များ၊ပရိုဂျက်တာ၊နှင့်ကားချပ်၊ခရီးဆောင်ကွန်ပြူတာ၊ကားချပ်အရှင်၊မာကာများ

| အချိန် | အကြောင်းအရာ | လိုအပ်သောပစ္စည်းများ။ |
|---|---|---|
| ၁ နာရီ<br>၃၀ မိနစ် | အကျိုးသက်ရောက်မှုများကိုတိုင်းတာခြင်း | ပါဝါပွိုက်တင်ပြချက်များ၊ ပရိုဂျက်တာ၊ နှင့်ကားချပ်၊ခရီးဆောင်ကွန်ပြူတာ၊ကားချပ်အရှင် ၊မာကာများ သင်ခန်းစာ M3S1 |
| ၁ နာရီ<br>၃၀ မိနစ် | ရပ်ရွာလူထုအား လုပ်ပိုင်ခွင့်ပေးခြင်း | ပါဝါပွိုက်တင်ပြချက်များ၊ ပရိုဂျက်တာ၊ နှင့်ကားချပ်၊ခရီးဆောင်ကွန်ပြူတာ၊ကားချပ်အရှင် ၊မာကာများ သင်ခန်းစာ M3S2 |

အခန်း ၃.၁

# အကျိုးသက်ရောက်မှုများကိုတိုင်းတာခြင်း

ကြာချိန်။ ၁ နာရီ ၂၀ မိနစ်
လိုအပ်သောပစ္စည်းများ။ ပရိုဂျက်တာ၊လေဆာညွှန်ပြတံ၊ကားချပ်အရှင်များ၊ မာကာများ၊ A4 စာရွက်များ
နည်းလမ်းများ။ ။ တင်ပြဆွေးနွေးခြင်း၊ အဖွဲ့လိုက်လုပ်ဆောင်မှုနှင့်ဆွေးနွေးချက်များ
သင်ခန်းစာရည်ရွယ်ချက်များ။

- ကနဦးလေ့လာဆန်းစစ်မှုနှင့်အပြီးသတ်စစ်ဆေးမှုတို့အကြားခြားနားမှုကိုနားလည်လာနိုင်ရန်
- ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျှော့ပါးရေးလုပ်ငန်းများ၏အကျိုးသက်ရောက်မှုများကိုတိုင်းတာရာတွင်ကနဦးလေ့လာဆန်းစစ်မှုများနှင့်
- အပြီးသတ်စစ်ဆေးမှုများ၏အကျိုးသက်ရောက်မှုများ၏အကျိုးရလဒ် များကိုဖော်ပြနိုင်ရန်

| အချိန် | လုပ်ငန်းများ | နည်းစနစ် | ဥင်ထောက်ကူပစ္စည်းများ |
|---|---|---|---|
| ၅ မိနစ် | သင်ခန်းစာရည်ရွယ်ချက်များကိုတင်ပြဆွေးနွေးခြင်း | တင်ပြဆွေးနွေးခြင်း | ပရိုဂျက်တာ၊လေဆာညွှန်ပြတံ၊ သင်ခန်းစာ M3S1 တင်ပြချက်ပါဝါပွိုင့် |
| ၄၀ မိနစ် | ကနဦးလေ့လာဆန်းစစ်ခြင်းနှင့်အပြီးသတ်လေ့လာစစ်ဆေးမှုများ | တင်ပြဆွေးနွေးခြင်း | ပရိုဂျက်တာ၊လေဆာညွှန်ပြတံ၊ သင်ခန်းစာ M3S1 တင်ပြချက်ပါဝါပွိုင့် |

## လုပ်ထုံးလုပ်နည်း

၁။ သင်ခန်းစာ၏ရည်ရွယ်ချက်များကိုတင်ပြခြင်း

ကြာချိန်။ ၅ မိနစ်
လိုအပ်သောပစ္စည်းများ။ ပရိုဂျက်တာ၊လေဆာညွှန်ပြတ

ဥင်ခန်းစာရည်ရွယ်ချက်များကိုတင်ပြဆွေးနွေးရန် ပါဝါပွိုင့်အချပ်များအသုံးပြုပါ

၂။ ကနဦးလေ့လာဆန်းစစ်ခြင်းနှင့် အပြီးသတ်လေ့လာစစ်ဆေးမှုများ

ကြာချိန် ။ ၄၀ မိနစ်
လိုအပ်သောပစ္စည်းများ။ ပရိုဂျက်တာ၊လေဆာညွှန်ပြတံ

*ကနဦးလေ့လာဆန်းစစ်ခြင်းနှင့် အပြီးသတ်လေ့လာစစ်ဆေးမှုများမှာအဘယ်နည်း (၁၀မိနစ်)*

ကနဦးလေ့လာဆန်းစစ်ခြင်းနှင့် အပြီးသတ်လေ့လာစစ်ဆေးမှုများ၏အဓိပါယ်ရှင်းဆို ချက်ပါဝါပွင့် အချပ်များကိုပြခြင်းဖြင့် စတင်ပြီး အောက်ပါတို့ကိုရှင်းပြပါ။

**ကနဦးလေ့လာဆန်းစစ်ခြင်း**

ရပ်ရွာအခြေပြုဘေးအန္တရာယ်လျှော့ပါးရေးအစီအစဉ်အစပိုင်တွင်လုပ်ဆောင်ပြီးလက်ရှိတွေ့ကြုံရသော ဒေသဆိုင်ရာအတွေ့အကြုံများနှင့်ပတ်သက်၍ မြေမျက်နှာသွင်ပြင်အနေအထားနှင့်ဘေးအန္တရာယ်ကျရောက်မှုနှင့်ဆိုင်သောအချက်အလက်များပေးနိုင်သည်။

**အပြီးသတ်လေ့လာစစ်ဆေး**

အစီအစဉ်အပြီးတွင်ပြုလုပ်ပြီးရပ်ရွာအခြေပြုဘေးအန္တရာယ်လျှော့ပါးရေးလုပ်ငန်းများဆောင် ရွက်ပြီးသော အချိန်တွင်လေ့လာဆန်းစစ်မှုသတင်းအချက်အလက် များကောက်ယူခြင်းသည်ကနဦးလေ့လာဆန်းစစ်မှုပြုလုပ်စဉ်ကသတင်းအချက်အလက်များကောက်ယူပုံနှင့်အတူတူဖြစ်သည်။





အချိန်ကာလအတော်ကြာပြီးမြောက်သွားသောအခါ စီမံချက်လုပ်ငန်းများကြောင့် ပြောင်းလဲမှုများကိသိရှိရန် သတင်းအချက်အလက်၂မျိုးကိုနှိုင်းယှဉ်ကြည့်ခြင်းဖြစ် သည်။

အဓိကစည်းမျဉ်းများမှာ –

- လူထုပါဝင်ဆောင်ရွက်ခြင်း။ စီမံချက်လုပ်ငန်းအောင်မြင်မှုသည်သတင်းအချက်အလက်များဝေမျှခြင်းနှင့် တာဝန်ယူလုပ်ဆောင်ခြင်းတို့တွင်ဒေသခံလူထုပါဝင် ဆောင်ရွက်မှုပေါ်တွင်မူတည်သည်
- အသင်းအဖွဲ့ဖြင့်လုပ်ဆောင်ခြင်း

  အမျိုးသမီးများအပါဝင် ရပ်ရွာကိုယ်စားလှယ် များနှင့် ကဏ္ဍအလိုက်ကျွမ်းကျင်သူများအတူ တကွလုပ်ဆောင်ခြင်းသည်အကောင်းဆုံးဖြစ်သည်။
- စနစ်ကျနမှုရှိခြင်း

  ကောက်ယူထားသောသတင်းအချက်အလက် များတိကျမှုရှိပြီးအလွယ်တကူမှန်ကန်ကြောင်းအတည်ပြုနိုင်ပြီးသေချာစွာစုစည်းရသည်။
- ကနဦးလေ့လာဆန်းစစ်ခြင်း၏ရည်ရွယ်ချက်နှင့် သတင်းအချက်အလက်ကောက်ယူမှုများ သည်လူထုပါဝင်မှုဖြင့်အန္တရာယ်ဖြစ်နိုင်ခြေများကောက်ယူခြင်းနှင့် အတူတူပင်ဖြစ်သည်။ထို့ကြောင့် အချိန်နှင့်အရင်းမြစ်ကုန်ကျမှုများ ကိုချွေတာနိုင်ရန် ကနဦးလေ့လာဆန်းစစ်မှု သတင်းအချက်အလက်ကောက်ယူခြင်းကိုသည်လူထုပါဝင်မှုဖြင့်အန္တရာယ်ဖြစ်နိုင်ခြေများကောက်ယူခြင်းနှင့်အတူပြုလုပ်နိုင်သည်။ အလားတူ ကျောင်းဘေးအန္တရာယ်စစ်ဆေးမှု ကိုလည်းကနဦးစစ်ဆေးမှုကဲ့သို့လုပ်ဆောင်နိုင် ပြီး အပြီးသတ်စစ်ဆေးမှုကိုသာလျှင်သီးသန့် လုပ်ဆောင်သည်။
- သတင်းအချက်အလက်များကောက်ယူရာတွင် စစ်ဆေးမေးမြန်းခံရသူ၏သတင်းအချက်များတွင်(အသက်၊ ကျား–မ၊ပညာအရည်အချင်း၊ အလုပ်အကိုင်၊ လူမျိုးနှင့်ကိုးကွယ်မှု)ဆိုင်ရာ အချက်အလက်များပါရှိပြီး၊ အိမ်ထောင်စုတွင်(မိသားစုဝင်အရေအတွက်၊ သက်ကြီးရွယ်အို အရေအတွက်၊ ကလေးသူငယ်အရေအတွက်၊ မသန်စွမ်းသူအရေအတွက်နှင့်အိမ်အမျိုးအစား)၊ ကြုံတွေ့ဖူးသောဘေးအန္တရာယ်၊ သာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ နားလည်လက်ခံမှုနှင့်လက်ရှိဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ထားမှုနှင့် တုံ့ပြန်မှုအဆင့် တို့ပါဝင်သည်။

## *ကနဦးလေ့လာဆန်းစစ်မှုနှင့်အပြီးသတ်စစ်ဆေးမှုလုပ် ဆောင်ချက်များ(၃၀ မိနစ်)*

ဤပါဝါပွိုင့်အချပ်များသည် ၄င်းလေ့လာဆန်းစစ်မှု နှစ်ခုအောက်တွင် လုပ်ဆောင်ရမည့်လုပ်ငန်းဆောင်တာ များမှာ–

- လေ့လာစစ်ဆေးမည့်အဖွဲ့ဖွဲ့ခြင်း
- လေ့လာစစ်ဆေးမည့်အဖွဲ့၏တိကျသောလုပ်ငန်းတာဝန်များကိုအကြမ်းပြုစုထားပြီး တာဝန်ဝတ္တရားများပုံစံတွင်အတည်ပြုထားသည်။
- ရပ်ရွာလူထုအစည်းအဝေးကိုပြုလုပ်ရာတွင် သက်ဆိုင်ရာဘေးအန္တရာယ်လျော့ပါးရေးကော်မတီကရပ်ရွာလူထုအားအကြောင်းကြားပြီး ရပ်ရွာစေတနာ့လုပ်အားရှင်များကို–လေ့လာစစ်ဆေးမည့်အဖွဲ့– သက်ဆိုင်ရာအစိုးရဌာနမှကိုယ်စားလှယ်များ အစိုးရမဟုတ်သောအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ နှင့် ဒေသဆိုင်ရာ ရပ်ရွာလူထု(သို့)ရပ်ရွာခေါင်းဆောင်များ၊ ကြက်ခြေနီစေတနာ့လုပ်အားရှင်များနှင့်ပူးပေါင်းဆောင်ရွက်ရန်ဖိတ်ခေါ်ပါ။

> အဓိကမှတ်ချက်
> ဖြစ်နိုင်လျှင် ကနဦးလေ့လာတန်းစစ်မှုနှင့်အပြီးသတ် စစ်ဆေးမှုများပြုလုပ်မည့်လေ့လာစစ်ဆေးရေးအဖွဲ့ဝင်များတူညီသင့်သည်။ အပြီးသတ်စစ်ဆေးမှုတွင် ကျောင်းစစ်ဆေးမှုပြုလုပ်ရန်အတွက် အဖွဲ့ခွဲတစ်ခုထပ် မံဖွဲ့သင့်သည်။

- သတင်းအချက်အလက်ကောက်ယူမည့်အဖွဲ့ကို သင်တန်းပေးခြင်း
- လေ့လာစစ်ဆေးမည့်အဖွဲ့အား ပူးပေါင်းပါဝင် လေ့လာနည်းများ၊ အသုံးပြုသည့်ကိရိယာနှင့် ခွဲခြမ်းစိတ်ဖြာနည်းများကိုမိတ်ဆက်ပေး ရသည်။လေ့လာစစ်ဆေးမှုအောက်ရှိစံသတ်မှတ်ထားသော မေးခွန်းလွှာများရှိလျှင် မတူညီသောစစ်တေးမေးမြန်းမှုများပြုလုပ်နိုင်ရန် အသေးစိတ်ဆွေးနွေးသင့်သည်။

- လေ့လာစစ်ဆေးမှုအတွက်မူဘောင် (ကနဦးလေ့လာတန်းစစ်မှုနှင့်အပြီးသတ် စစ်ဆေးမှုနှစ်ခုစ လုံးအတွက်) ကို သင်တန်းအချိန်တွင်ရေးဆွဲ ပြင်ဆင်နိုင်ပြီး ထိုမူဘောင်ကိုစစ်ဆေးနိုင်ရန် ကွင်းဆင်လေ့လာစစ်ဆေးမှု အနည်းဆုံးတစ်ခု လုပ်ဆောင်ရမည်။

> အဓိကမှတ်ချက်
> သင်တန်းသည် အခြေခံလူ့အခွင့်အရေးနှင့်သက်ဆိုင် သောပြဿနာများ၊ လုပ်ငန်းခွင်တွင်အမှန်တကယ်လို အပ်ချက်များကိုဖော်ထုတ်ခြင်း၊ ဘေးအန္တရာယ်ကျ ရောက်လွယ်မှုအရှိဆုံးလူထုနှင့်ကလေးသူငယ်များနှင့်ကျား–မ မတူညီမှု၏ သဘောတရားနှင့်ကောင်း ကျိုးများကိုထည့်သွင်းစဉ်းစားပြီး ဘေးအန္တရာယ်လျော့ ပါးရေးလုပ်ငန်းများကိုအလေးထားရမည်။ အထူးသဖြင့် လေ့လာစစ်ဆေးမည့်အဖွဲ့ဝင်များပါလာပါက ၄င်းတို့အတွက် အပြီးသတ်စစ်ဆေးမှုအတွက် တူညီသော အကြောင်းအရာကို ထပ်မံမွမ်းမံသင်တန်း ပို့ချပေးရသည်။

**သတင်းအချက်အလက်ကောက်ယူခြင်းနှင့် ခွဲခြမ်းစိတ်ဖျာခြင်း**

သတင်းအချက်အလက်များကောက်ယူခြင်းကို အောက်ပါအတိုင်းပြုလုပ်နိုင်သည်။

- ရပ်ရွာတိုင်းရှိအိမ်ခြေအရေအတွက်ပေါ်မူတည်၍–အနည်းဆုံးစုစုပေါင်းအမ်ခြေ၏၁၀% အဖြစ် နမူနာအရွယ်အစားရွေး ချယ်ရာတွင်(multi-sampling) နမူနာ ရွေးချယ်နည်းများကိုအသုံးပြု သည်။
- ရွာမြေပုံကိုသုံး၍အိမ်များကိုကျပန်းစနစ်ဖြင့်ရွေးချယ်ခြင်း၊အိမ်နံပါတ်များကို ကျပန်းကောက်၍ နမူနာယူခြင်ဖြင့် အိမ်ထောင်စုများကိုကျပန်း ရွေးချယ်ပါသည်။
- ရွေးချယ်ထားသောအိမ်အားကို မေးခွန်းလွှ ဖြင့်စစ်ဆေးမေးမြန်းရာတွင် တစ်အိမ်ထောင် လျှင်တစ်ယောက်နှုန်းမေးမြန်းသည်။
- စစ်ဆေးမေးမြန်းခံမည့်သူအတွက်ကြိုတင်သတ်မှတ်ထားသောစံသတ်မှတ်ချက်များမှာ – မေးမြန်းခံမည့်သူသည် အနည်းဆုံး ၁၅ နှစ်နှင့်အထက်ရှိပြီး၄င်းအိမ်တွင် အတည်တကျနေထိုင်သူဖြစ်ရမည်။
- လေ့လာစစ်ဆေးမည့်အဖွဲ့အားအဖွဲ့ခွဲထပ်ခွဲပါ(သတ်မှတ်ထားသောအိမ်အားစစ်ဆေးမေးမြန်းရန်တာဝန်ပေးနိုင်ရန်)

သတင်းအချက်အလက်များအားခွဲခြမ်းစိတ်ဖျာခြင်းကို လုပ်ဆောင်ရန် စီမံချက်မှ တာဝန်ပေးထားသော အတတ်ပညာရှင်အား လေ့လာစစ်ဆေးသည့်အဖွဲ့၏ကူညီမှုဖြင့် excel တွင်သတင်းအချက်အလက်များ ထည့်သွင်းနိုင်သည်။ စီမံချက်အစီအစဉ်မှ စောင့်ကြည့်လေ့လာရေးနှင့်အကဲဖြတ်စစ်ဆေးရေးအရာရှိက ကွန်ပြူတာ ဆော့ပ်ဝဲသုံးကာ ရရှိလာသော ရလဒ်များကို ရှင်းလင်းတင်ပြသည်။

> အဓိကမှတ်ချက်
> အပြီးသတ်စစ်ဆေးမှုပြုလုပ်ရာတွင်တတ်နိုင်သမျှတူညီသောမေးခွန်းလွှာနှင့်တူညီသောအိမ်မှတူညီသောစစ် ဆေးမေးမြန်းခံမည့်သူဖြစ်ရပါမည်။ အကယ်၍စစ်ဆေးမေးမြန်းရန်အတွက်တူညီသောသူမရှိပါကတူညီသောအိမ်ထော င်သူမှ အခြားသူကို မေးမြန်းခံရန်အတွက်ရွေးချယ်ရပါမည်။ အခြားဖြေရှင်းနည်းတစ်ခုမှာပထမကနဦးစစ်ဆေးမှုပြု လုပ်စဉ်တွင်အိမ်ထောင်စုဝင်တစ်ယောက်ထက်မကပါ ဝင်ခိုင်းပါ။

**တွေ့ရှိချက်များကိုတင်ပြခြင်း**

လွယ်ကူစွာမှီငြမ်းနိုင်ရန်အတွက် အစီရင်ခံစာတွင် အဓိကအားဖြင့်အရေအတွက်ပြသတင်းအချက်အလက်များပါ ဝင်သင့်ပြီး မတူညီသောအခက်များမှာ – ရပ်ရွာလူထု၏ဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်မှုအတွက်ရပ်ရွာ လူထု၏စွမ်းဆောင်ရည်၊ အစရှိသည်ကို လုပ်ငန်းမတိုင်မီနှင့်အပြီးအခြေအနေတို့ကိုရှင်းလင်းပြတ်သားစွာဖော်ပြီး၊ တိုးတက်မှုများကိုစစ်ဆေးနိုင်သည်။ ၄င်းရလဒ်အစီရင်ခံစာကို ပါဝင်လုပ်ဆောင်သူမားထံသို့ မျှဝေသင့်သည်။



အခန်း ၃.၂

## ရပ်ရွာလူထုအား လုပ်ပိုင်ခွင့်ပေးခြင်း

ကြာချိန်။ ၁ နာရီ ၃၀ မိနစ်
လိုအပ်သောပစ္စည်းများ။ ပါဝါပွိုက်တင်ပြချက်များ၊ ပရိုဂျက်တာ၊ နှင့်ကားချပ်၊ခရီးဆောင်ကွန်ပြူတာ၊ကားချပ်အရှင်၊ မာကာများ
နည်းလမ်းများ။ တင်ပြချက်များ၊ အဖွဲ့လိုက်လုပ်ဆောင်မှု နှင့် ဆွေးနွေးတင်ပြချက်များ
သင်ခန်းစာရည်ရွယ်ချက်။
သင်ခန်းစာအဆုံးတွင် သင်တန်းတက်ရောက်သူများသည်

- စီမံချက်အစီအစဉ်ထွက်ခွာခြင်း နည်းဗျူဟာအား အစီအစဉ်မ စ ခင်ကပင် ရှိထားရန်မှာ အရေးကြီးကြောင်း သင်တန်းတက်ရောက်သူများသည်နားလည်လာလိမ့်မည်။
- အစီအစဉ်လုပ်ဆောင်ချက်များအား ရွေးခြယ်ထားသောသင့်တော်သည့် ဒေသခံအဖွဲ့အစည်း သို့ လုပ်ငန်းများ လက်ဆင့်ကမ်းလွှဲပေးသောအခါ မပါမဖြစ်အရေးကြီးသော အကြောင်းအရာအမျိုးမျိုးကို ဖော်ပြပါနိုင်ပါလိမ့်မည်။
- အစီအစဉ်လုပ်ငန်းများ၏ အဆုံးပိုင်းတွင် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများအား ကျေးရွာအခြေပြုဘေးအန္တရယ်စီမံခန့်ခွဲရေးကောင်မတီများသို့ စနစ်ကျသော လက်ဆင့်ကမ်းလွှဲပေးခြင်းမျိုးအဖြစ်သေချာစေရန် စီမံချက်အစီအစဉ်ထွက်ခွာခြင်းနည်းဗျူဟာ အား ဖော်ထုတ်လာနိုင်လိမ့်မည်။

| အချိန် | လုပ်ငန်းများ | နည်းစနစ် | လိုအပ်သောပစ္စည်းများ။ |
|---|---|---|---|
| ၅ မိနစ် | သင်ခန်းစာရည်ရွယ်ချက်အားတင်ပြခြင်း | တင်ပြမှု | ပရိုဂျက်တာ၊လေဆာညွှန်ပြတံ၊ သင်ခန်းစာ M3S2 |
| ၅၀ မိနစ် | စီမံချက်အစီအစဉ်ထွက်ခွာခြင်းအတွက် အစီအစဉ် ရေးဆွဲခြင်း | တင်ပြမှု | ပရိုဂျက်တာ၊လေဆာညွှန်ပြတံ၊ သင်ခန်းစာ M3S2 |
| ၄၀ မိနစ် | စီမံချက်အစီအစဉ်ထွက်ခွာခြင်းနည်းဗျူဟာအာ | တင်ပြမှု | ပရိုဂျက်တာ၊လေဆာညွှန်ပြတံ၊ သင်ခန်းစာ M3S2 |

## လုပ်ထုံးလုပ်နည်း

### ၁။ သင်ခန်းစာ၏ ရည်ရွယ်ချက်များကိုတင်ပြခြင်း

ကြာချိန်။ ၅ မိနစ်
လိုအပ်သောပစ္စည်းများ။ ပရိုဂျက်တာ၊လေဆာညွှန်ပြတ

သင်ခန်းစာရည်ရွယ်ချက်အားတင်ပြရန် ပါဝါပွိုင့်အားအသုံးပြုပါ။

### ၂။ စီမံချက်အစီအစဉ်ထွက်ခွာခြင်းအတွက် အစီအစဉ်ရေးဆွဲခြင်း

ကြာချိန်။– ၅၀ မိနစ်
လိုအပ်သောပစ္စည်းများ။ ပါဝါပွိုက်တင်ပြချက်များ၊ ပရိုဂျက်တာ၊ နှင့် ကားချပ်၊ခရီးဆောင်ကွန်ပြူတာ၊ကားချပ်အရှင်၊ မာကာများ

ဤတင်ပြခြင်းသည် အပြန်အလှန်တုန့်ပြန်မှုရှိသော တင်ပြမှုဖြစ်သဖြင့် စီမံချက်အစီအစဉ်ထွက်ခွာခြင်း နည်းဗျူဟာဆိုသည်မှာ အဘယ်နည်း ဟူသော မေးခွန်းတစ်ခုဖြင့် စတင်ရန် လိုအပ်သည်။ စီမံချက်အစီအစဉ်ထွက်ခွာခြင်း နည်းဗျူဟာ ဟူသော သဘောတရားမှာ တက်ရောက်သူသင်တန်းသားအများစု အတွက် ဆန်းသစ်သော သဘောတရား တစခုဖြစ်နိုင်ခြေရှိသည်။ ထို့ကြောင့်ဦးဆောင်ဆွေးနွေးသူသည် တက်ရောက်သူသင်တန်းသားများ၏ မေးခွန်းအပေါ် တုန့်ပြန်မှုအပေါ်မူတည်၍ ဤခေါင်းစဉ်အပေါ် အချိန်များစွာသုံးသင့် မသုံးသင့်အား ချင့်ချိန်သင့်သည်။ ထိုမေးခွန်း၏ နောက်တွင် သင်တို့သည် ပုံမှန်အားဖြင့် စီမံချက်အစီအစဉ်များအဆုံးတွင် မည်သည့်အရာများ လုပ်လေ့လုပ်ထ ရှိသနည်း

နှင့် မည်ကဲ့သို့သော အခက်အခဲ/ပြဿနာများ ပုံမှန်ရင်ဆိုင်ရလေ့ ရှိသနည်း ဟူသော မေးခွန်းမျိုးဖြင့် မေးရမည်။ တက်ရောက်သူသင်တန်းသားများအား ၎င်းတို့၏အတွေ့အကြုံများအား မျှဝေခွင့်ပေးပြီး ၎င်းတို့၏ ပြဿနာများအား မှတ်သားထားရမည်။ ထို့နောက် စီမံချက်အစီအစဉ်ထွက်ခွာခြင်းနည်းဗျူဟာ ၏ အဓိပ္ပာယ်အား ရှင်းပြပါ။ စီမံချက်အစီအစဉ်၏မျှော်မှန်းချက်များ (ကယ်ဆယ်ရေး သို့ ဖွံ့ဖြိုးရေး) ရရှိအောင်မြင်ခြင်းကို မထိခိုက်ရန် နှင့် ၎င်မျှော်မှန်းချက်များဆီသို့ တိုးတက်မှုများ ဆက်လက်တည်ရှိစေရန် သေချာအောင်ဆောင်ရွက်လျှက် စီမံချက်အစီအစဉ်သည် ၎င်း၏အရင်းအမြစ်များအား မည်ကဲ့သို့ ရုပ်သိမ်းမည်ကို ဖော်ပြထားသော အစီအစဉ်တစ်ခုဖြစ်သည်။

စီမံချက်အစီအစဉ်၏အစတွင် တက်ရောက်သူသင်တန်းသားများအား စီမံချက်အစီအစဉ်ထွက်ခွာခြင်း နည်းဗျူဟာ ဖြစ်ပေါ်လာခြင်း အကြောင်းအရာင်းများအား ယုံကြည်လက်ခံ လာအောင် စည်းရုံးရန်အရေးကြီးသည်။ စီမံချက်အစီအစဉ်အဆိုပြုလွှာပြင်ခြင်းအစမှာပင် စည်းရုံးနိုင်ရမည်။ ၎င်းအချက်များနှင့် အတူ ယနေ့ခေတ်အလှူရှင်များမှလည်း စီမံချက်အစီအစဉ်အဆိုပြုလွှာ စာရွက်စာတမ်းများတွင် စီမံအစီအစဉ်ထွက်ခွာခြင်းနည်းဗျူဟာ ပါဝင်ရန် လိုအပ်လာသည်။ တက်ရောက်သူသင်တန်းသားများနှင့် အောက်ဖော်ပြပါ စီမံချက်အစီအစဉ်ထွက်ခွာခြင်းနည်းဗျူဟာ လိုအပ်ရခြင်း အကြောင်းအရင်းများအား ဆွေးနွေးပါ။

- ဒေသဆိုင်ရာများ၏စီမံခန့်ခွဲမှုအောက်တွင်ရှိသော ဆုံးရှုံးနစ်နာနိုင်ခြေရှိသော ဦးတည်နေရာ များတွင် ဘေးအန္တရာယ်လျော့ချရေးအားထုတ်မှုများအား စဉ်ဆက်မပြတ်ရှိနေစေခြင်း သေချာစေရန်
- ဦးတည်နေရာများတွင် ပြုလုပ်ခဲ့သော ရင်းနှီးမြှုပ်နှံမှုများအား ကာကွယ်ပေးရန်
- မူလပြဿနာများ ပြန်လည်ဖြစ်ပေါ်လာခြင်းမှ ကာကွယ်နိုင်ရန်
- စီမံချက်အစီအစဉ်များအား ရပ်ရွာလူထုအားအပ်နှင်းခဲ့ကြောင်း ထောက်ခံမှုနှင့်အတူ ပြသနိုင်ရန်နှင့် ဤသို့ဖြင့် ရပ်ရွာလူထုအား လုပ်ငန်းများအား ဆက်လက်လုပ်ဆောင်နိုင်ရန် အားပေးခြင်းနှင့် လုပ်ပိုင်ခွင့်များပေးခြင်း
- အဓိကပါဝင်ဆောင်ရွက်သူများပါဝင်မှုအား အားပေးနိုင်ရန်အတွက် လုပ်ငန်းရှိသူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအား ခွင့်ပြုပေးနိုင်ရန်
- လုံလောက်သောပြင်ဆင်ချိန်ရန် ပါဝင်ဆောင်ရွက်သူများအား ပြည့်စုံသောအကြောင်းကြားစာ ပေးပို့ပေးရန်
- အကောင်ထည်ဖော်နေသောအဖွဲ့အစည်း၊ ပူးပေါင်းဆောင်ရွက်နေသောမိတ်ဖက်အဖွဲ့အစည်း နှင့် ဦးတည်ရပ်ရွာလူထုတို့သည် အတူတကွ အလုပ်လုပ်နေကြသောကြောင့်နှင့် ထွက်ခွာခြင်းဆီသို့ ကြောင်းကျိုးဆီလျော်သောကာလအတွင်း လျှောက်လှမ်းနိုင်ရန် ၎င်းတို့အကြားတွင် ဆက်ဆံရေးပိုမို ခိုင်မာလာစေရန်

အောက်ဖော်ပြပါမေးခွန်းများသည် တက်ရောက်သူသင်တန်းသားများအား စီမံချက်အစီအစဉ်ထွက်ခွာခြင်း နည်းဗျူဟာချမှတ်ရေးဆွဲခြင်းတွင် ထည့်သွင်းဖြေရှင်းရန်လိုအပ်သည့် မေးခွန်းများဖြစ်သည်။

- စီမံချက်အစီအစဉ်များအား ဆက်လက်လုပ်ဆောင်ရန် ရပ်ရွာလူထု၏ မူပိုင်ခွင့်ခံစားချက် သို့ ကတိကဝတ်ပြုမှု သည် မည်မျှ ခိုင်မာသနည်း။
- ရပ်ရွာလူထုအဖွဲ့များ၊ အဖွဲ့ဝင်များ နှင့် ဝန်ဆောင်မှုပေးနေသူများတွင် စီမံချက်အစီအစဉ် လုပ်ငန်းများအား အကောင်အထည်ဖော်ရန် လိုအပ်သော ဗဟုသုတနှင့် ကျွမ်းကျင်မှုများ ရှိပါသလား။
- ထိုလုပ်ငန်းများအား ကိုင်တွယ်ဆောင်ရွက်ရန်မည်သူတွင် တာဝန်ရှိသနည်း။
- ၎င်းတို့အား လွှဲပြောင်းပေးရန် ရပ်ရွာထဲတွင် ဒေသခံ အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခု သို့ အဖွဲ့အစည်းတစ်ခု သို့ လူထုအခြေပြုအဖွဲ့အစည်းတစ်ခု ရှိပါသလား။
- အဆင့်လိုက်ပြုလုပ်ခဲ့ပြီးသော လုပ်ငန်းများအပေါ် ထိုဒေသခံအစိုးရမဟုတ်သောအဖွဲ့အစည်းတွင် လုံလောက်သော အဖွဲ့အစည်းနှင့် လူသားအရင်းအမြစ် စွမ်းဆောင်ရည်များရှိပါသလား။ အရိုက်အရာဆက်ခံမည့်အဖွဲ့အစည်းများသည် သင်တန်းများလိုအပ်ပါသလား။
- လုပ်ငန်းများအား မည်ကဲ့သို့ လွှဲပြောင်းပေးရမည်နည်း
- ငွေကြေးထောက်ပံ့ခြင်းအားမည်ကဲ့သို့ဆောင်ရွက်နိုင်မည်နည်း။



- လေ့လာအကဲဖြတ်ခြင်းအားမည်ကဲ့သို့ ဆောင်ရွက်နိုင်မည်နည်း။
- စီမံခန့်ခွဲခြင်းနှင့် လေ့လာအကဲဖြတ်ခြင်း တွင် ရပ်ရွာလူထု၏ အခန်းကဏ္ဍမှာအဘယ်နည်း။
- ဒေသအာဏာပိုင်များ/ ကြက်ခြေနီအသင်းခွဲ/ တိုင်းကြက်ခြေနီ/ ကြက်ခြေနီစေတနာ့လုပ်အားရှင်/ ရပ်ရွာလူထုအဖွဲ့ဝင်များ၏ အခန်းကဏ္ဍမှာ အဘယ်နည်း။

အဆင့်လိုက်ပြုလုပ်ခဲ့ပြီးသော စီမံချက်အစီအစဉ်များအား အကောင်အထည်ဖော်ရန် တာဝန်ယူ ထားသော အဖွဲ့အစည်းသည် နိုင်ငံရေးနှင့် လူမှုရေးပတ်ဝန်းကျင်ဆိုင်ရာ ရုတ်တရက်ဖြစ်ပေါ်လာခြင်းများနှင့် ပြောင်းလဲမှုများအပေါ် ခံနိုင်ရည်ရှိပါသလား။

အဓိကမှတ်ချက်။
စီမံချက်အစီအစဉ်အကောင်ထည်ဖော်နေစဉ်ကာလအတွင် ဖြစ်ပေါ်လာနိုင်သော မျှော်လင့်မထားသော နှောင့်နှေးကြန့်ကြာမှုများ သို့ အပြောင်းအလဲများအား ထည့်သွင်းစဉ်းစားနိုင်ရန် နည်းဗျူဟာအား စီမံချက်အစီအစဉ်ပုံစံထဲသို့ အရေးပေါ်အစီအစဉ်ပုံစံတစ်ခုအနေဖြင့် တည်ဆောက်သင့်သည်။ ထို့အပြင် လက်ရှိထောက်ပံ့နေသော အလှူရှင်အဖွဲ့အစည်း နှင့် အစိုးရအဖွဲ့အစည်းများ၏ ထောက်ပံ့မှုများ သေချာစေရန် သေချာစေရန် ရေရှည်ရေရှည်ရပ်လုပ်ငန်းဆိုင်ရာ အစိတ်အပိုင်းပါဝင်ရန် သကဲ့သို့ ပြန်ကြားဆက်သွယ်ရေး အစိတ်အပိုင်း (စီမံချက်အစီအစဉ်ထွက်ခွာပြီးနောက် လက်ခံထားသော ဒေသခံနိုင်ငံရေးမဟုတ်သောအဖွဲ့အစည်းအား ထိန်းသိမ်းထားရန်) သည်လည်း အရေးတကြီးလိုအပ်သည်။

တင်ပြမှု အဆုံးပိုင်းတွင် တက်ရောက်သူသင်တန်းသားများအား သင်ခန်းစာအစ ပိုင်းတွင် ၄င်းတို့မျှဝေခဲ့သော ပြဿနာများနှင့် အခက်အခဲများအား ခုမေအျ တွင် ဖော်ပြထားသော သင်ခန်းမှတ်စု အရ စီမံချက်အစီအစဉ်ထွက်ခွာခြင်းန ည်းဗျူဟာရှိခြင်းဖြင့် အလွယ်တကူဖြေရှင်းနိုင်လိမ့်မည်ဟု ထင်ပါသလားဟု မေးပါ။

၃။ စီမံချက်အစီအစဉ်ထွက်ခွာခြင်းနည်းဗျူဟာအား သိရှိလာခြင်း

ကြာချိန်။ ၄၀ မိနစ်
လိုအပ်သောပစ္စည်းများ။ ပါဝါပွိုက်တင်ပြချက်များ၊ ပရိုဂျက်တာ၊ နှင့်ကားချပ်၊ခရီးဆောင်ကွန်ပြူတာ၊ကားချပ်အရှင်၊မာကာများ

စီမံချက်အစီအစဉ်ထွက်ခွာခြင်းနည်းဗျူဟာအား သိရှိလာခြင်းကို ထည့်သွင်းစဉ်းစားရန် အဓိက အချက်နှစ်ချက် ရှိကြောင်း တက်ရောက်သူသင်တန်းသားများအား တင်ပြပါ။

၁. ထွက်ခွာခြင်းအမှတ်အား အဆုံးသတ်ခြင်း– အောက်ဖော်ပြပါ လွှမ်းခြုံထားသော နောက်ဆုံးရက်စွဲများအား ဖော်ထုတ်သတ်မှတ်ပါ။
    - အချိန်အကန့်အသတ်– ထောက်ပံ့ငွေကြေးသုံးသရာမှ သတ်မှတ်ထားသော အချိန်
    - စီမံချက်အစီအစဉ်သက်ရောက်မှု၏ အောင်မြင်မှုများ
    - စံသတ်မှတ်ချက်များအားအောင်မြင်မှု

အဓိကမှတ်ချက်။
ထွက်ခွာခြင်းအမှတ်အသားအား မှတ်သားမည့် မည်သည့်စံသတ်မှတ်တွင်မဆို ပြောင်းလဲမှုဖြစ်လာနိုင်သည်။ ထို့ကြောင့် ကွဲပြားသော လုပ်ငန်းများသည် ထွက်ခွာခြင်းအမှတ်အသား များ လိုအပ်နိုင်လိမ့်မည်။

၂။ ဒေသတွင်းမိတ်ဖက်အဖွဲ့အစည်းများနှင့် စွမ်းဆောင်ရည်များအား အားဖြည့်တင်းရန်– လက်ခံမည့် အဖွဲ့အစည်းသည် စီမံချက်အစီအစဉ်လုပ်ငန်းများအား လွှဲယူနိုင်ရန် အပြည့်အစုံဖြစ်နေရမည်။ ကနဦးကတည်းကပင် စီမံချက်အစီအစဉ်ထွက်ခွာခြင်းနည်းဗျူဟာနှင့် အတူ ယခင်သင်ခန်းစာ အခန်းများတွင် ဆွေးနွေးခဲ့သော ဘေးအန္တရာယ်လျှော့ပါးရေးကော်မတီများနှင့် ရပ်ရွာလူထု စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများအား ဘေးအန္တရာယ်လျှော့ပါးရေးလုပ်ငန်းများကို စီမံခန့်ခွဲရန်အတွက်သာမဟုတ်ပဲ စီမံချက်အစီအစဉ်ကာလအတွင်းသာမက ထိုကာလကျော်သည်အထိ အဆင့်သင့်ဖြစ်နေရမည်ဟူသော ခံယူချက်ဖြင့် ပုံဖော်ရလိမ့်မည်။

နောက်ဆုံးစီမံချက်အစီအစဉ်ထွက်ခွာခြင်းမတိုင်ခင် စွမ်းဆောင်ရည်မြှင့်တင်ခြင်းလိုအပ်ချက်များအား ရရှိနိုင်ခြင်းအား သေချာစေရန် အောက်ဖော်ပြပါ ထပ်မံဆောင်ရွက်ရမည့်လုပ်ငန်းများအား ဆောင်ရွက်နိုင်ရမည်။

၃။ လုပ်ငန်းအစီအစဉ်များအား ပြန်လည်လေ့လာခြင်း – ယခင် ဦးစားပေးရန်ချမှတ်ထားသည်များကို ပြန်လည်လေ့လာရန်နှင့် ၄င်းတို့အား ပြောင်းလဲဖြစ်ပေါ်ခဲ့သည်များနှင့် ပြန်လည်ယှဉ်ကြည့်ရန်၊ တကယ်လက်တွေ့တွင် ဆုံးရှုံးနစ်နာနိုင်ခြေအခြေအနေအား အပြောင်းအလဲများအပေါ် ရှာဖွေဖော်ထုတ်ရန် နှင့် ရပ်ရွာလူထုအား အစီအစဉ်ဆွဲခြင်းလေ့ကျင့်ခန်းအား ပြန်လှန်လေ့ကျင့်ခြင်းအနေဖြင့် လိုအပ်ပါက အစီအစဉ်အား ပြန်လည်ပြင်ဆင်ခြင်းတွင် ကူညီပေးရန်။

၄။ အမာထည်ပစ္စည်းများပေးအပ်ခြင်း – တစ်ချို့အရေးကြီးသော အမာထည် ပစ္စည်းများ ဥပမာ– မြေပုံများ၊ လုပ်ငန်းအမျိုးမျိုးအပေါ်မူတည်၍ အသုံးပြုရန် လမ်းညွှန်အမျိုးမျိုး နှင့် အညွှန်းစာရွက်၊ လက်ခံလိုက်သော အဖွဲ့အစည်းအနေဖြင့် မှီငြမ်းအဖြစ်အသုံးပြုရန် သက်ဆိုင်သော စာတွဲများ ပါဝင်သော အရေးပေါ်သုံးသေတ္တာ နှင့် လမ်းညွှန်စာရွက်စာတမ်းများ။

၅။ ဆရာတစ်ဆူဖြစ်မြောက်ခြင်း – တာဝန်နှင့် ဝတ္တရားများ လွှဲပြောင်းခြင်း ကာလအတွင်း အကောင်အထည်ဖော်နေသော အဖွဲ့အစည်းသည် လက်ခံလိုက်သည့်အဖွဲ့အစည်းဆီသို့ ဆက်လက်၍ ညွှန်ပြသူအနေဖြင့်ဆက်လက်၍ပြုမူနေနိုင်ခြင်းဖြင့် တစ်ဖြည်းဖြည်းချင်း ပြောင်းလဲလာခြင်းအား အားပေးသည်။



သင်ခန်းစာ ၄

# နည်းပြဆရာတစ်ယောက်ဖြစ်တည်ခြင်း

## ဖော်ပြချက်

သင်ခန်းစာ ၄သည်အရေးကြီးသော သင်ခန်းစာဖြစ်ပြီ နည်းပြသင်တန်းမှာသာသင်ကြားပို့ချပေးခြင် ဖြစ်သည်။ သင်ခန်းစာသည် သင်တန်းသားများအား ပံ့ပိုးကူညီမှုစွမ်းရည်များနှင့်မိတ်ဆက်ပေးပြီး အချို့သောလေ့ကျင့်ခန်းများမှာ နောင်တစ်ချိန်တွင် သင်တန်းသားများသည် အလားတူသင်တန်းပြုလုပ်ရာတွင် သင်တန်းနည်းပြဆရာများ ဖြစ်လာနိုင်ရန် ကူညီထောက်ပံ့ပေးသည်။

## ရည်ရွယ်ချက်များ

ဤသင်ခန်းစာအချိန်ပြီးသောအခါတွင် သင်တန်းသားများသည်

- ဆက်သွယ်ရေးကိရိယာမျိုးစုံနှင့်နည်းလမ်းများကိုအသုံးပြုတတ်လာစေနိုင်ရန်
- တစ်ဦးချင်းအလိုက်သော်လည်ကောင်း အဖွဲ့ဝင်တစ်ဦးအနေဖြင့်လည်ကောင်းဆွေးနွေးတင်ပြ တတ်နိုင်စေရန်
- ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး ဆရာကိုင်လမ်းညွှန်စာအုပ်ကို အသုံးပြုတတ်နိုင်စေရန်

## ဥင်ခန်းစာများ

အောက်ပါခေါင်းစဉ်အကြောင်းအရာများကို သင်ခန်းစာ ၄ တွင်ပါဝင်ပါသည်။
အခန်း ၁။ အဓိကနည်းပြပံ့ပိုးမှုဆိုင်ရာကျွမ်းကျင်မှု

ကြာချိန်။ ၁ နာရီ ၃၀ မိနစ်
လိုအပ်သောပစ္စည်းများ။ တင်ပြချက်ပါဝါပွိုင့်များ၊ ပရိုဂျက်နာနှင့်ကားချပ်၊ ခရီးဆောင်ကွန်ပြူတာ၊ ကားချပ်အရှင်များ၊ မာကာများ

အခန်း ၄.၁

# အဓိကကျွမ်းကျင်မှုများ

ကြာချိန်။ ၃ နာရီ
လိုအပ်သောပစ္စည်းများ။ ပရိုဂျက်တာ၊လေဆာညွှန်ပြတံ၊ကားချပ်အရှင်များ၊ မာကာများ၊ A4 စာရွက်များ
နည်းလမ်းများ။ တင်ပြဆွေးနွေးခြင်း၊ အဖွဲ့လိုက်လုပ်ဆောင်မှုနှင့်ဆွေးနွေးချက်များ
ရည်ရွယ်ချက်။ ဤသင်ခန်းစာအချိန်ပြီးစီးသောအခါ သင်တန်းသားများသည်

- သင်ကြားရမည့်နည်းလမ်းများနှင့် ဆက်သွယ်မှုနည်းအမျိုးမျိုးကိုအသုံးပြု လာနိုင်ရန်
- တစ်ဦးချင်းအလိုက်သော်လည်ကောင်း အဖွဲ့ဝင်တစ်ဦးအနေဖြင့်လည်ကောင်းဆွေးနွေးတင်ပြ တတ်နိုင်စေရန်
- ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး ဆရာကိုင်လမ်းညွှန်စာအုပ်ကို အသုံးပြုတတ်နိုင်စေရန်

## လုပ်ထုံးလုပ်နည်း

### ၁။ သင်ခန်းစာ၏ရည်ရွယ်ချက်များကိုတင်ပြခြင်း

ကြာချိန်။ ၅မိနစ်
လိုအပ်သောပစ္စည်းများ။ ပရိုဂျက်တာ၊လေဆာညွှန်ပြတံ

သင်ခန်းစာအတွက် ပြင်ဆင်ထားသော တင်ပြချက်ပါဝါပွိုင့်အချပ်များကိုသုံးပါ

### ၂။ သင်တန်းပို့ချခြင်းစွမ်းရည်များနှင့်မိတ်ဆက်ပေးခြင်း

ကြာချိန်။ ၁နာရီ ၃၀ မိနစ
လိုအပ်သောပစ္စည်းများ။ ပရိုဂျက်တာ၊ လေဆာညွှန်ပြတံ

သင်တန်းသားများအတွက်ထိရောက်မှုရှိသောသင်တန်းဖြစ်ရန်အလို့ငှာ သင်တန်းဆရာ(သို့)ပန့်ပိုးသူက P ၆လုံးဖြင့် လမ်းညွှန်ပြသရမည်။

၁။ **အစီစဉ်ရေးဆွဲခြင်း** (Plan)

မာတိကာ–အခန်းတိုင်းတွင်ရှင်းလင်းသောရည်ရွယ်ချက်များ၊ အဓိကဘာသာရပ်အကြောင်းအရာနှင့် အဓိကအချက်များ

သင်ထောက်ကူပစ္စည်းများ– တင်ပြဆွေးနွေးမှုကိုအထောက်ကူပြုသည့်ဓါတ်ပုံများနှင့်ဗွီဒီယိုဇာတ်လမ်းများ

လေ့ကျင့်ခန်းများ– အဖွဲ့လိုက်မေးခွန်းများနှင့် လေ့ကျင့်ခန်းများလုပ်ခြင်းဖြင့် သင်ခန်ဒစာ၏ရည်ရွယ်ချက်များကိုထောက်ပံ့ပေးသည်။

၂။ **ပြင်ဆင်ခြင်း** (Prepare)

သင်ကြားမည့်သင်ခန်းစာများပြင်ဆင်ဆင်ခြင်း– "လမ်းပြမြေပုံ" အဖြစ်မည်သည်ကလုပ် ဆောင်ပြီး သင်တန်းနည်းပြဆရာများကိုအစီအစဉ်တကျပြင်ထားပါ။

သင်ထောက်ကူပစ္စည်းများ– အရည်အသွေးအကောင်းဆုံးဖြစ်ရမည်၊ ကောင်မွန်ပြီး သင်ခန်းစာ နှင့်ကိုက်ညီမှုရှိရမည်။

၃။ **ကိုယ်ရည်ကိုသွေး** (Personal)

ဝတ်စားဆင်ယဉ်မှု – သင်တန်းသားများအမြင်နှင့်ကိုက်ညီပြီးသက်တောင့်သက်သာရှိသောအ ဝတအစားကိုဇွတ်ပါ။

ပြသမည့်ပုံစံ –သင်တန်းနှင့်မသက်ဆိုင်သောမလိုအပ်သောအရာများဝတ်ဆင်ခြင်းမှရှောင်ကျဉ်ပါ။ (ဥပမာ–လက်ဝတ်လက်စား၊ ညွှန်ပြတံ၊ဘောပင်၊ ငွေကြေး)

စိတ်နေသဘောထား – သင်တန်းသားများအပေါ်အကောင်းမြင် အပြုသဘောထားပါ။

လက်ခံယုံကြည်မ – သင်တန်းသားတစ်ဦးချင်းစီ၏သဘောထားကိုလက်ခံရမည် အထူးသဖြင့် သင်တန်းအချိန်တွင်နားလည်လက်ခံပေးရသည်။



၄။ **တင်ပြဆွေးနွေးခြင်း** (Presentation)

စွမ်းအား– သင်တန်းနည်းပြဆရာသည်စိတ်အားထက်သန်မှုရှိပြီး အကောင်မြင်ကာ သင်တန်း သားများအားစိတ်ဝင်စားမှုရှိအောင်ဆွဲဆောင်နိုင်ရမည်။

ပုံစံ– သင်တန်းဆရာတစ်ယောက်၏စတိုင်ပုံစံသည် တည်ငြိမ်နေရမည်

လုပ်ဆောင်ချက်– သင်တန်းနည်းပြဆရာသည်သင့်တော်သော ရွေ့လျားမှု၊ထိုင်ခြင်း၊ထခြင်း၊လမ်းလျှောက်ခြင်း၊မှတ်စုပေးခြင်း စကားပြောခွက်သုံးခြင်းတို့ကိုသင့်လျော်သလိုလုပ်ဆောင်ရမည်

ပစ္စည်းကိရိယာများ– သင်တန်းနည်းပြဆရာသည်ပစ္စည်းကိရိယာများမည်သို့မည်ပုံကိုင်တွယ် ရမည်ကိုသိရှိပြီးသင်တန်းမစခင်စမ်းသပ်ကြည့်ရမည်။ အကယ်၍ပစ္စည်းများပျက်နေခဲ့လျှင်သင်တန်းဆရာကကြိုတင်ပြင်ဆင်ထားရမည်။

သင်ကြားပို့ချမည့်စာရွက်များသင့်တော်သောစာရွက်များကိုအသုံးပြုပြီးဝေငှပါ။အနှောက်မပေးရ။

၅။ **အာရုံဆွဲဆောင်နိုင်ခြင်း** (Presence)

အသံ–သင်တန်းနည်းပြဆရာသည်စကားသံတစ်သံတည်းပြောနေခြင်းမှရှောင်ကျဉ်ပြီး၊အသံအ နိမ့်အမြင့် ဖြင့်ပြောဆိုသင်ပြရမည်

ဝေါဟာရအသုံးအနှုန်း–သင်တန်းဆရာသည်သင်တန်းသားများ၏ပညာအရည်အချင်းကိုနားလည်ပြီးသင့်တော်သောစကားလုံးအသုံုံးအနှုန်းကိုသုံးရမည်။

ချင့်ချိန်မှု– သင်တန်းနည်းပြဆရာသည် မိမိအသံနှင့်ပေးမည့်သတင်းအချက်အလက်များကို စစ်ဆေးရပြီး တုန့်ပြန်မှုပေးရသည်

အမူအယာ–သင်တန်းနည်းပြဆရာသည်တုန့်ပြန်မှုကိုရယူရာတွင် ၆၅%မှာ အမူအယာဖြင့် ဆက်သွယ်ရသည်။ လက်၊မျက်လုံနှင့်ခန္ဓာကိုယ်အမူအယာတို့ကိုအသုံးပြုရသည်

ဆက်သွယ်မှု– သင်တန်းဆရာသည်ဆက်ဆံမှုပုံစံနှင့်အတားအဆည်းများကိုသိတပြုနားလည်ရ သည်။

၆။ **ပူးပေါင်းဆောင်ရွက်ခြင်း** (Participation)

လေ့ကျင့်ခန်းများ–သင်ယူမှုကိုအားပေးနိုင်ရန် လေ့ကျင့်ခန်းများပါရှိပြီး သင်ယူခြင်းတိုးတက်မှု များကိုတုန့်ပြန်ချက်ပေးရသည်။

တုန့်ပြန်မှု–သင်တန်းဆရာသည် တုန့်ပြန်ချက်များကိုသုံး၍သင်ကြားမှုကိုတွန်းအားပေးပြီး လိုအပ်လျှင်တင်ပြဆွေးနွေးမှုကိုညှိရသည်။

တက်ကြွစွာနားထောင်ခြင်း– သင်တန်းဆရာသည်သင်တန်းသားများ၏ တုန့်ပြန်မှုကိုရယူနိုင်ရန် မေးခွန်းများပါမေးရသည်။

ညွှန်ကြားချက်များပေးခြင်း– ညွှန်ကြားချက်များသည်သင်တန်းသားများသည်တူညီသော လုပ်ဆောင်မှုကိုလုပ်ဆောင်ရာတွင်သေချာမှုရှိစေရန် တိကျမှု၊တူညီမှု၊ပြီးပြည့်စုံမှု ရှိအောင် ညွှန်ကြားပေးရသည်။

## *ဆက်သွယ်ရေးတွင်အများဆုံးကြုံတွေ့ရသောအတားအဆီးများ*

“6Ps” ဖြင့်ညွှန်ကြားထားသည့်အတိုင်းလုပ်ဆောင်သော ဆက်သွယ်မှုစနစ်သည်သင်တတန်းနှင့်ကူညီ နည်းပြရာတွင်မရှိမဖြစ်လိုအပ်သောအချက်ဖြစ်သည်။ သင်တန်းအချိန်တွင်အများဆုံးကြုံတွေ့ရသော အခက်အခဲများမှာ–

- စကားပြောနှုန်း
- တစ်ဘက်တည်းပြောဆိုခြင်း
- တုန့်ပြန်မှုမရှိခြင်း
- မျက်လုံးခြင်းဆက်သွယ်မှုမရှိခြင်း
- အများသုံးစကားကိုအသုံးမပြုခြင်း
- ရည်ညွှန်းချက်မူဘောင်မရှိခြင်း
- အတွေးအခေါ်များစုစည်းမှုမရှိခြင်း
- အချိန်တိုအတွင်းသတင်းအချက်အလက်များပြားခြင်း
- ပျက်ကွက်ခြင်း
- ပြောဆိုဆက်ဆံသူနှင့်စိတ်အနှောက်အယှက်ဖြစ်ခြင်း

### *ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးသင် တန်းတွင်ဆက်သွယ်မှုစွမ်းရည်ကိုအသုံးချခြင်း*

ရပ်ရွာလူထုထဲတွင် ရပ်ရွာလူထုအခြေပြုဘေးအန္တ ရာယ်လျော့ပါးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အကျိုးရှိသောသင်တန်းအတွက် လိုအပ်သော အဓိ ကအချက်များကိုအသုံးပြုနိုင်သည်။ရပ်ရွာလူထုအခြေပြု ဘေးအန္တ ရာယ်လျော့ပါးရေးလုပ်ငန်း၏အခြေခံအချက် သည်လူထုပါဝင်ဆောင်ရွက်ခြင်းဖြစ်ပြီး "ယုံကြည်မှုနှင့်ရင်းနှီးမှုသည် လူထုပါဝင်လုပ်ဆောင် ခြင်း၏အဓိကအချက်ဖြစ်သည်။အကယ်၍၄င်းတို့နှင့် အတူတကွလုပ်ကိုင်မည့်ပြင်ပလူများနှင့် ရင်းနှီးမှုရပါ က၄င်းတို့၏အကြောင်း၊ရင်ဆိုင်ကြုံတွေ့နေရသောအခက် အခဲများနှင့် ၄င်းတို့နှင့်သက်ဆိုင်သောအကြောင်းအ ရာ များနှင့် ပြဿနာဖြေရှင်းပုံ"တို့ကိုရင်ဖွင့်ပြောပြသည်။ (ADPC,၂၀၀၆)

ထိုယုံကြည်မှုနှင့်ရင်းနှီးမှုတို့သည်ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ ပံ့ပိုးဆောင် ရွက်သူများ၏ ဆက်သွယ်ရေးဆိုင်ရာကျွမ်းကျင်မှု ပေါ်တွင်မှီတည်ပါသည်။

အကျိုးသက်ရောက်မှုရှိသော ဆက်သွယ်ရေးဆိုင်ရာကျွမ်းကျင်မှုသည် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးပံ့ပိုး လုပ် ဆောင်သူများ၏စွမ်းဆောင်မှုကိုတိုးတက်လာစေပါသည်။ အထူးသဖြင့်ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးေ ရးလုပ်ငန်းအဆင့် ၃ ဖြစ်သော လူထုအားဆော် ဩစည်းရုံးခြင်းလုပ်ငန်းတွင် ပိုမိုအကျိုးထိရောက်မှုရှိ ပါသည်။

- လူသားခြင်းစာနာမှုပြပါ
- ဒေသဆိုင်ရာယဉ်ကျေးမှု၊ပြဿနာ်များနှင့်နေထိုင်ပုံ တို့ကိုလေးစားပါ
- စိတ်ရှည်သီးခံပါ
- လူထုကပြောသောစကားကိုစိတ်ဝင်စားမှုပြပါ
- ဆုံးဖြတ်ပေးသူထက် ဘေးမှကြည့်ရှုသူအနေဖြင့်လုပ်ဆောင်ပါ
- လူထုကသူတို့လုပ်သောအလုပ်ကိုအောင်မြင်မှုရှိသည်ဟု ကိုယ့်ကိုကိုယ်ယုံကြည်မှုရှိပြီး ၄င်း ယုံကြည်မှုကို ၄င်းတို့အားပြသပါ

ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအစီစဉ်များ–ရပ်ရွာလူထုရွေးချယ်ခြင်းမှစ၍ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်စစ်ဆေးခြင်း တို့အထိ အဆင့်အားလုံးအကောင်ထည်ဖော်ဆောင် ရွက်ရာတွင် ထိရောက်သော ဆက်သွယ်မှုကိုအသုံး ချခြင်းဖြင့် အစီစဉ်ပံ့ပိုးဆောင်ရွက်သူများက ရပ်ရွာလူထုအား ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနိုင်သည်။

VSO ကရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအစီစဉ်များတွင် အသုံးပြုနိုင်သော အဓိက နည်းပြပံ့ပိုးမှုဆိုင်ရာ ကျွမ်းကျင်မှု ၁၃ ချက်ကိုပေးဆောင်ပါသည်။



**အဓိနည်းပြပံ့ပိုးမှုစွမ်းရည်များအနှစ်ချုပ်**

၁။ **အစီအစဉ်ရေးဆွဲခြင်း**

သင်တန်းနည်းပြဆရာသည် ရှင်းလင်း ပြတ်သားသောရည်မှန်းချက်ပန်းတိုင်ကိုချနိုင်ရန်၊ သင့်တော်သောအစီအစဉ်တစ်ခုရေးဆွဲနိုင်ရန်နှင့် သင့်တော်သောနည်းလမ်းကိုအသုံးပြုနိုင်ရန် သင်တန်းမစခင်အဖွဲ့အားလေ့လာရသည်။

၂။ **နားဆင်ခြင်း**

သင်တန်းနည်းပြဆရာသည် အဖွဲ့၏လုပ်ဆောင် ချက်နှင့် ဘာတွေဆွေးနွေးနေသည်ကို နားစွင့်ပြီး ၎င်းတို့လုပ်ဆောင်မှုများကိုအဓိပ္ပါယ်ရှိအောင် လုပ်ဆောင်ရသည်။ ၎င်းတို့ကလည်းသတင်းအ ချက်အလက်များကိုစုစည်းပေးပြီး သေချာအောင် ဆောင်ရွက်ပေးသည်။

၃။ **လိုက်လျောညီထွေရှိခြင်း**

ဥင်တန်းနည်းပြဆရာသည်အဖွဲ့၏လိုအပ်ချက်များ၊ များပြားလှသောတာဝန်များကိုကိုင်တွယ်ဖြေရှင်းခြင်း တို့ကိုလိုက်လျောညီထွေဖြစ်အောင်လုပ်ဆောင်ပေးပြီး အကြောင်းအရာအသစ်များကို ယုံကြည်မှုရှိရှိလုပ် ကိုင်နိုင်သည်။

၄။ **အာရုံစိုက်ခြင်း**

သင်တန်းနည်းပြဆရာသည် လမ်းကြောင်းရှိပြီး နောက်ဆက်သွားမည့်နေရာကိုသိသည်။

၅။ **သင်တန်းသားများအားအားပေးတိုက်တွန်းခြင်း**

သင်တန်းနည်းပြဆရာသည်သင်တန်းသားထဲမှ တစ်ယောက်ချင်းစီအားဆွဲထုတ်ပြီး ပွင့်လင်းပြီး တက်ကြွသောပတ်ဝန်းကျင်ဖြစ်စေရန်ဟာသများပြော ခြင်း၊ စားနည်းများကစားခြင်း(သို့) သီချင်းများ ဖွင့်ပြီးလုပ်ဆောင်ပါ။

၆။ **စီမံခန့်ခွဲခြင်း**

သင်တန်းနည်းပြဆရာများကအဖွဲ့အားအစီအစဉ် တလျှောက်ညွှန်ကြားမှုပေးခြင်း၊ ကန့်သတ်ခြင်း၊ သတ်မှတ်ထားသောစည်းကမ်းများကိုလိုက်နာရန်တွန်း အားပေးခြင်း၊ စံနမူနာများပြခြင်းနှင့် တိုးတက်မှုများနှင့် တုန့်ပြန်မှုများကိုစစ်ဆေးခြင်း တို့ကိုလုပ်ဆောင်ရသည်။

၇။ **မေးခွန်းများမေးခြင်း**

သင်တန်းနည်းပြဆရာသည် သင်တန်းသားများပါ ဝင်လာအောင် အားပေးခြင်ဖြစ်သည့်မေးခွန်းများ ဘယ်သို့မည်ပုံမေးရမည်ကိုသိရသည်။

၈။ **လုပ်ပိုင်ခွင့်များမြှင့်တင်ပေးခြင်း**

သင်တန်းဆရာသည်အဖွဲ့အား၎င်းတို့၏အလုပ်တာ ဝန်များကိုယူနိုင်ရန်ကူညီပေးပြီး ၎င်းတို့၏ ပြန်လည်ကြည့်ရှုရမည့်အလုပ်များတွင်လိုအပ်သည်များကိုပြန်လည်တင်ပြနိုင်ရန်ကူညီပေးရသည်။

၉။ **ရင်းနှီးမှုတည်ဆောက်ခြင်း**

ဥင်တန်းဆရာသည်လူထုအတွက် လေးစားမှုပြပြီး စိတ်ကသိကအောင့်ဖြစ်ခြင်းမဖြစ်ရန် ကိုယ်အမူယာ ကြည့်ပြီး အဖွဲ့ အချင်းချင်းရင်းနှီးမှုတည်ဆောက်ရ သည်။

၁၀။ **ကိုယ့်ကိုကိုယ်သတိပြုခြင်း**

သင်တန်းနည်းပြဆရာသည်မိမိ၏အမှားများက သင်ယူကာကိုယ်ဟန်အမူအယာကိုလည်းစစ်ဆေးခြင်း သည်ရိုးသားပြီးမိမိ၏အသိပညာဗဟုသုတမည် မျှရှိသည်ကိုသိရှိပြီး စိတ်အားထက်သန်မှုကိုပြပါ။

၁၁။ **ပဋိပက္ခများကိုကိုင်တွယ်ဖြေရှင်းခြင်း**

သင်တန်းနည်းပြဆရာသည်အဖွဲ့အား ပဋိပက္ခများကို အကျိုးရှိစွာဖြေရှင်းနိုင်ရန်အားပေး ပြီး အဖွဲ့သားအချင်းချင်းသဘောတူညီမှုရရှိရန် ကူညီရသည်။

၁၂။ **ကျယ်ပြန့်စွာဆွေးနွေးခြင်း**

ဥင်တန်းနည်းပြဆရာသည် မတူညီသောအတွေး အခေါ်များ၊အမြင်များတင်ပြနိုင်ရန်အားပေး ပြီး နည်းလမ်းများအသုံးပြုနိုင်ပြီး အဖွဲ့ကမတူညီသော မူဘောင်မှိုငြမ်းချက်များထည့်သွင်းစဉ်စားနိုင်အောင်ကူညီအားပေးပါ။

၁၃။ **သတင်းအချက်အလက်များတင်ပြခြင်း**

သင်တန်းနည်းပြဆရာသည်လိုရင်တိုရှင်းလင်းပြတ်သားသောစကားလုံးကိုသုံးပြီး ရှင်းလင်းသောညွှန်ကြားချက်ပေးပြီး ၄င်းတို့သည်ရှင်းလင်းပြတ်သား သော အမြင်၊ရေးခြင်း၊ပုံဖော်ခြင်းနှင့် နှုတ်တိုက်တင်ပြနိုင်ရမည်။

၃။ လေ့ကျင့်ခန်းများ

ကြာချိန်။ ၁ နာရီ ၃၀ မိနစ်
လိုအပ်သောပစ္စည်းများ။ ကားချပ်အရှင်များ၊ မာကာများ

လိုအပ်သောကျွမ်းကျင်မှုအရည်အချင်းများကိုစစ်ဆေးနိုင်ရန်အလို့ငှာ၄င်းတို့၏အကြောင်း(သို့) ၄င်းတို့၏ အံဝင်ခွင်ကျသော သင်ခန်းစာခေါင်းစဉ်အကြောင်းကိုတင်ပြသောတင်ပြမှုအသေးစားတစ်ခုကို သင်တန်းသားများအားဆွေးနွေးတင်ပြခိုင်းပါ။ အဖွဲ့ရှေ့တွင်ထွက်ပြီးတင်ပြမှုပေါ်တွင် နည်းပြပံ့ပိုးမှုကျွမ ကျင်မှုနှင့်ပတ်သက်ပြီး တုန့်ပြန်မှုပေးနိုင်ရန်ဖြစ်သည်။



# အသုံးဝင်သောအရာများ

## သင်တန်းတွင်စိတ်ကြွစေသောကစားနည်းများ

ဤသင်ခန်းစာအချိန်တွင် icebreakers နှင့် နည္ဒနမါငဖနမျများပါရှိပြီးသင်၏တွေ့ဆုံပွဲများတွင် အသင်းအဖွဲ့များဖွဲ့ရာ၌အသုံးပြုနိုင်သည်။ ၄င်းနည်းများကို ရယ်မောပျော်ရွှင်စရာအဖြစ်လုပ် ဆောင်နိုင်ပြီးယုံကြည်မှုများတည်ဆောက်ပြီး မိမိတို့၏အတွေ့အကြုံများကို အဖွဲ့ဝင်များအချင်း ချင်းမျှဝေနိုင်သည်။

အဖွဲ့ဖွဲ့စည်းခြင်းလုပ်ဆောင်မှုများနှင့် ငခနဘမနငနမျ ကစားနည်းများကိုအရေးပါသောပါတ်သက်မှုများ ပေါ်အခြေခံ၍ခိုင်မာသောအသင်းတစ်ခုတည်ဆောက် ရန်အစဖြစ်သည်။ အဖွဲ့ဝင်တစ်သီးချင်းစီကိုသိရှိ ရင်းနှီးစေပြီး မတူညီသောဆက်သွယ်မှုနည်းလမ်း များ၊အဖွဲ့အလိုက်ဆုံးဖြတ်ချက်ချခြင်း၊အခက်အခဲများ ကိုဖြေရှင်းခြင်း၊ ခေါင်းဆောင်မှုအရည်အသွေးစစ်ဆေးခြင်းတို့ကိုပြုလုပ်နိုင်ပြီး အတူတကွပျော်ရွှင် ရသည်။ တက်ကြွအောင်စေ့ဆော်သူသည် အဖွဲ့အတွင်းစိတ်ဖိစီးမှုများကိုလျော့ကျစေပြီး ပြန်လည်လန်းဆန်းတက်ကြွအောင်ကူညီပေးသည်။

## နာမည်အမြန်ခေါ်ခြင်း

လူတိုင်းစက်ဝိုင်းပုံဝန်းပြီးရပ်ပါ။ တစ်ကြိမ်တွင် လူတစ်ဦးချင်စီမိမိ၏ အစနာမည်တစ်လုံးကိုပြောပါ။ စက်ဝိုင်းအလိုက်လူတိုင်းပြောရပါမည်။ အချိန်မှတ်ထားသူကအဖွဲ့တွင် နာမည်ပြောရာ၌ အချိန်မည်မျှကြာသည်ကိုမှတ်သားထားပါ။အဖွဲ့က၄င်းတို့၏အချိန်အနည်းငယ်ကိုလျော့ရပါမည်။

## ESP (ဘီလူးများ၊မျက်လက်ဆရာများ၊မကောင်းဆိုး ဝါးများ)

အဖွဲ့အားမတူညီသောဇာတ်ကောင်သရုပ်ဆောင်ပုံကို သင်ပြပေးပါ။ အဖော်စုံတွဲအလိုက်ကျောချင်းကပ်ရပ် ပြီး၄င်းတို့လှည့်လည်သောအခါအခြားလူက မည်သည့်အမူအယာလုပ်ဆောင်သည်ကို ခန့်မှန်းရမည်။ စကားမပြောရပါ။ နဏဍဟုသာပြောရမည်။

## မိုး

သင်တန်းနည်းပြဆရာသည် ဤ နည္ဒနမါငဖနမ မှတစ်ဆင့်အဖွဲ့အားပြောဆိုရပါမည်။ အားလုံး မတ်တပ် ရပ်ပါ။ မိုးဖွဲကျသကဲ့သို့မိမိ၏ဦးခေါင်းကို လက်ဖြင့်ညင်သာစွာပုတ်ပါ။ နေးရာမှမြန်ဆန်စွာ ခန္ဓာကိုယ်အထိပုတ်ပါ။ မိုးကြိုးပစ်သကဲ့သို့ လက်ခုပ်တီးပါ။ လက်ခုပ်ပြင်းပြင်းတီးပါ။ ပြီးလျှင်လက်ကိုနောက်ကြောသို့ရွှေ့ပြီး မိုးဖွဲများကျသကဲ့သို့

## လျှောင်လှုပ်ခြင်းနှင့်ဖယ်ထုတ်ခြင်း

၁။ အဖွဲ့ဝင်တစ်ယောက်ကစတင်ရနရပ်ပါ၊ ကျန်ရှိသောအဖွဲ့ဝင်များသည် ၃ယောက်တစ်ဖွဲ့ ဖြစ်ရန်လိုအပ်သည်။

၂။ ၃ယောက်တစ်ဖွဲ့တွင် ၂ ယောက်က၄င်းတို့၏လက်များကိုအသုံးပြုပြီး အိမ်ပုံစံဖော်ပါ။ကျန်တစ်ယောက်ကအောက်ခြေတ ဝင်ရပ်ပါ။

၃။ အပြင်တစ်ယောက်က “ထွက်“ ဟုအော်လိုက်သောအခါ အိမ်တိုင်းစီမှ လူများထွက်ပြီး လူအသစ်တစ်ယောက်ရှာပါ။

၄။ သို့မဟုတ် ထိုသူက “လျှောင်“ ဟုအော်သောအခါ အိမ်များပြိုပျက်ပြီး လူတိုင်းက အခြား ၃ ယောက်ရှာပြီး အိမ်အသစ်ပြန်ဆောက်ပါ။

၅။ အလားတူစွာ တစ်ဦးဦးက မှန်တိုင်းအဖြစ်ဝင် ရောက်ရန်ကြိုးပမ်းပါက ထွက်သွားသောသူက အသစ် “ခေါ်မည့်သူ“ ဖြစ်လာသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရှိနှင့်ပြီးဖြစ်သော နည်းစနစ်များ၊ လုပ်ငန်းစဉ်များနှင့် လက်တွေ့လုပ်ဆောင်မှုများကို ညီညာမှုရှိစေရန်နှင့် ခိုင်မာကျစ်လျစ်စေရန် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး မူဘောင်ကို မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ စတင်ဦးဆောင်ပြုလုပ်ပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများ ဖက်ဒရေးရှင်း၊ ပြင်သစ်ကြက်ခြေနီ၊ ကနေဒါကြက်ခြေနီနှင့် အမေရိကန်ကြက်ခြေနီတို့မှ ထောက်ပံ့မှုတို့ဖြင့် ပြုစုထားသည်။ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး မူဘောင်တွင် ရလဒ် ၅-မျိုး ထွက်ပေါ်လာသည်။

**ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လက်တွေ့ဖြစ်ရပ်လေ့လာချက်များ။** ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျှော့ချရေးမူဘောင် အောက်တွင် ရပ်ရွာလူထု အခြေပြု ဘေးအန္တရာယ်လျော့ပါးရေး လက်တွေ့ဖြစ်ရပ်လေ့လာမှုများကို ဖော်ထုတ်ထားသည်။ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းများ အကောင်အထည်ဖော်လုပ်ဆောင်ရန်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ယခုအချိန်ထိ တာဝန်ယူဆောင်ရွက်ခဲ့သော လုပ်ဆောင်မှုအစဉ်ကို တင်ပြထားသည်။ ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး လက်တွေ့ဖြစ်ရပ်လေ့လာချက်များ၏ ခေါင်းစဉ်များမှာ စီမံကိန်းနေရာရွေးချယ်ခြင်း၊ မြို့နယ်စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ ကနဦးအခြေအနေလေ့လာခြင်း၊ ရပ်ရွာလူထု စည်းရုံးလှုံ့ဆော်ခြင်းနှင့် ရပ်ရွာလူထုတွင်း အသိအမြင်မြှင့်တင်ပေးခြင်းတို့ဖြစ်သည်။ အဆိုပါ လက်တွေ့လုပ်ဆောင်မှု ဖြစ်ရပ်လေ့လာချက်များသည် မူလရှိရင်းအခြေအနေကို ထင်ဟပ်စေပြီး လုပ်ဆောင်နေကျဖြစ်ရပ်များကို မီးမောင်းထိုးပြထားရုံသာမက မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ သူတို့၏ စီမံကိန်းအကောင်အထည်ဖော်ရာတွင် အသုံးပြုသည့် အမျိုးမျိုးသော ချဉ်းကပ်နည်းများ၊ နည်းစနစ်များနှင့် ကိရိယာများကိုလည်း ညွှန်ပြထားသည်။

**ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်နည်း။** ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်နည်းသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရှိနှင့်ပြီးဖြစ်သော လူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး နည်းစနစ်များ၊ လုပ်ငန်းစဉ်များနှင့် လက်တွေ့လုပ်ဆောင်မှုများကို ခိုင်မာကျစ်လျစ်စေခြင်းနှင့် ညီညာမှုရှိစေရန်ပြုလုပ်ထားခြင်းဖြစ်သည်။ ၄င်းသည် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းတစ်ခုစီ၏ အခြေခံမှုစတင်သော အဓိကအဆင့်များကို ဖော်ထုတ်ခြင်းဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံရှိ အခြားသော ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်သူများမှ အကောင်အထည်ဖော်လုပ်ဆောင်မည့် အသစ်ပြုလုပ်မည့် ရပ်ရွာလူထုအခြေပြု သို့မဟုတ် ကျောင်းအခြေပြု ဆောင်ရွက်မှုများကို ဖော်ထုတ်ခြင်းနှင့် ထိရောက်စွာ အကောင်အထည်ဖော်ခြင်းတို့အတွက် လမ်းညွှန်ပေးရန် ရည်ရွယ်သည်။

**လူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လက်စွဲစာအုပ်။** ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျှော့ချရေး လက်စွဲစာအုပ်သည် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးတွင် လေ့ကျင့်ပေးထားသော ကြက်ခြေနီစေတနာ့လုပ်အားရှင်များ မြန်မာနိုင်ငံကြက်ခြေနီအသင်း စီမံကိန်းဝန်ထမ်းများနှင့် မြန်မာနိုင်ငံရှိ အခြားသော ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျှော့ချရေး လက်တွေ့လုပ်ဆောင်သူများအတွက် မည်သို့ လုပ်ဆောင်ရမည်ကို လက်တွေ့လမ်းညွှန်ချက်ဖြစ်သည်။ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ် လျော့ပါးရေး အသိအမြင်ပေး ကိရိယာသေတ္တာနှင့်အတူ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျှော့ချရေး လက်စွဲစာအုပ်သည် အကောင်အထည်ဖော်လုပ်ဆောင်ရေး အဆင့်များနှင့် အသုံးပြုသောကိရိယာတစ်ခုစီအား ရှင်းလင်းပြသလျက် မြန်မာနိုင်ငံတွင် ရပ်ရွာလူထုအခြေပြု စီမံကိန်းများကို အကောင်အထည်ဖော်လုပ်ဆောင်ခြင်းအတွက် လမ်းညွှန်မှုနှင့် ပံ့ပိုးမှု ပေးသည်။ ၄င်းသည် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်နည်းတွင် ဖော်ထုတ်ခဲ့သော အနည်းဆုံးပြုဖွယ်ဆောင်တာစု အပေါ်တွင် အခြေခံသည်။

**ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး သင်တန်း သင်ရိုးညွှန်းတမ်း။** ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးသင်တန်း သင်ရိုးညွှန်တမ်းသည် ရပ်ရွာလူထု အခြေပြုဘေးအန္တရာယ်လျော့ပါးရေး လက်စွဲစာအုပ်တွင် ဖော်ပြခဲ့သော ပုံမှန် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အကောင်အထည်ဖော်ရေး ချဉ်းကပ်နည်းများအပေါ်တွင် အခြေခံသည်။ ၄င်းသည် ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း စီမံကိန်းဝန်ထမ်းများနှင့် မြန်မာနိုင်ငံရှိ အခြား ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လက်တွေ့လုပ်ဆောင်သူများအား ပုံမှန် ချဉ်းကပ်လုပ်ဆောင်နည်းဖြင့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းများအား အကောင်အထည် ဖော်ဆောင်ရွက်နည်းနှင့် လက်တွေ့အခြေအနေတွင် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျှော့ချရေးလက်စွဲစာအုပ်အား သုံးစွဲနည်းတို့ကို သင်ပြပေးသည်။ ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျှော့ချရေးသင်တန်း သင်ရိုးညွှန်းတမ်းတွင် ကွန်ပျူတာကားချပ် PowerPoint တင်ဆက်မှုများနှင့်အတူ ဦးဆောင်ဆွေးနွေးသူလမ်းညွှန်စာအုပ် တစ်အုပ်နှင့် တက်ရောက်သူ လက်စွဲစာအုပ်တစ်အုပ် ပါဝင်သည်။

**ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အသိအမြင်ပေး ကိရိယာသေတ္တာ။** ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အသိအမြင်ပေး ကိရိယာသေတ္တာတွင် ရပ်ရွာလူထု အခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်းများတွင် အသိအမြင် မြှင့်တင် ပေးရန်အတွက် လက်ရှိအသုံးပြုနေသော ကိရိယာများအားလုံး ပါဝင်သည်။ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အသိအမြင်ဖွင့်ကိရိယာသေတ္တာသည် ရှိနှင့်ပြီးဖြစ်သော ကိရိယာများအား ခြုံငုံတင်ပြခြင်းနှင့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းများတွင် ၄င်းကိရိယာများအား အသုံးပြုခြင်းနှင့်ပတ်သက်သော လမ်းညွှန်ချက်ကို ပေးသည်။


သတင်းအချက်အလက်များ ထပ်မံသိရှိလိုပါက ဆက်သွယ်ရန်

**ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနမှူး**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

**ရာဇသင်္ဂဟလမ်း၊ ဒက္ခိဏသီရိ၊ နေပြည်တော်၊ မြန်မာ**

**ဖုန်း – (+၉၅)၀၆၇-၄၁၉၀၁၇ ခွဲ-၂၂၀**

**ဖက်စ် – (+၉၅)၀၆၇-၄၁၉၀၁၇ ခွဲ-၂၂၁**



ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးမူဘောင် အစပျိုးလုပ်ဆောင်မှုအား ထောက်ပံ့သူများ

croix-rouge française
CANADIAN RED CROSS
American Red Cross
International Federation of Red Cross and Red Crescent Societies

ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး ဦးဆောင်လှုံ့ဆော်သူ

adpc